ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြု တတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ် ၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း ၂ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 29 June 2022 ၁၀၇၈၁

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၃/၂၀၂၂)ကျင်းပ

## တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားကြရန်နှင့် ဖမ်းဆီးရမိကုန်စည်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ထုခွဲရောင်းချပြီး ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာများ နိုင်ငံတော်က ရရှိရန်လိုအပ်

နေပြည်တော် ဇွန် ၂၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၃/၂၀၂၂)ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၃/၂၀၂၂)တွင် အမှာစကားပြောကြားစဉ်။

ယနေ့ ဖတ်စရာ

YBS ယာဉ်အစီးရေ ၃၀၀၀ ကျော်ဖြင့် ခရီးသည် ၁၀ သိန်းခန့်ကို နေ့စဉ်ဝန်ဆောင်မှုပေးရာ၌ အစီးရေ ၂၀၀၀ ကျော်တွင် YPS ကတ်စနစ်ဖြင့် ဝန်ဆောင်မှုပေးထား စာမျက်နှာ » ၅

မူးယစ်အန္တရာယ် ပြည့်ရန်စွယ် အတူတကွ တွန်းလှန်ကြ ဆောင်းပါး စာမျက်နှာ » ၆



ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ရေကြီးရေလျှံမှုကြောင့် လူပေါင်းခုနစ်သန်းကျော် အမိုးအကာနှင့် အထောက်အပံ့များ အရေးတကြီးလိုအပ်လျက်ရှိ စာမျက်နှာ » ၁၃

ကြေးမုံ

# စိမ်းလန်းသာယာသည့်နိုင်ငံဖန်တီး

မြန်မာနိုင်ငံသည် ရှေးအခါကာလက သစ်တောသစ်ပင်များဖြင့် စိမ်းလန်းသာယာလှပသည့် နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့သည်။ မြန်မာနိုင်ငံတွင် သစ်တောသယံဇာတပေါများကြွယ်ဝလှသဖြင့် နိုင်ငံတစ်ဝန်းတွင် သစ်တောများဖုံးလွှမ်းလျက်ရှိသည်။ ၂၀၀၀ ပြည့်နှစ်တွင် သစ်တောဖုံးလွှမ်းမှု ၅၂ ရာခိုင်နှုန်းရှိပြီး ၂၀၂၀ ပြည့်နှစ်တွင် ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းရှိသဖြင့် နိုင်ငံ၏သစ်တောဖုံးလွှမ်းမှု လျော့နည်းလာသည်ကို တွေ့ရမည်။

သစ်တောပြုန်းတီးမှုသည် မြန်မာတစ်နိုင်ငံတည်းဖြစ်နေခြင်းမဟုတ်ပေ။ မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် ကြုံတွေ့နေရသည်။ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ မှတ်တမ်းအရ ကမ္ဘာပေါ်တွင် ၁၇ ရာစုနှင့် ၁၈ ရာစုနှစ်များက သစ်တောဧရိယာ ၆ ဒသမ ၂၁ ဘီလီယံဟက်တာခန့်ရှိခဲ့ရာမှ ၂၀၀၀ ပြည့်နှစ်တွင် ၃ ဒသမ ၈၇ ဘီလီယံ ဟက်တာခန့်သာ ကျန်ရှိတော့သည်ဟု သိရသည်။ ရာစုနှစ်နှစ်ခုကျော်ကြာသည့်ကာလတွင် ကမ္ဘာ့သစ်တောဖုံးလွှမ်းမှုသည် တစ်ဝက်နီးပါးလျော့ကျသွားခဲ့သည်။ အရှေ့တောင်အာရှတွင် ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း သစ်တောဧရိယာ ဟက်တာ ၉ ဒသမ ၄ သန်းခန့်ပြုန်းတီးခဲ့သည်ဟု ဆိုထားသည်။

သစ်တောပြုန်းတီးမှုဖြစ်စဉ်များကို လေ့လာကြည့်လျှင် သစ်တောများကို စည်းမဲ့ကမ်းမဲ့ အလွန်အကျွံ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရွှေ့ပြောင်းတောင်ယာများစိုက်ပျိုးခြင်း၊ ထင်းနှင့်မီးသွေးလောင်စာများ အလွန်အကျွံ ထုတ်လုပ်ခြင်း၊ တောမီးလောင်ကျွမ်းခြင်း၊ မြို့ပြနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စိုက်ပျိုးမြေများနှင့် စက်မှုဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးချဲ့လုပ်ဆောင်ခြင်းများကြောင့် သစ်တောမြေများမှ အခြားမြေအသုံးချမှုကို ပြောင်းလဲခြင်းဖြစ်ပေါ်စေပြီး သဘာဝသစ်တောဂေဟစနစ်များ တစ်နေ့ထက်တစ်နေ့ ပျက်စီးယိုယွင်းလာနေသည်ကို တွေ့ရမည်ဖြစ်သည်။ သစ်တောပြုန်းတီးမှုကြောင့် လူသားများ အသက်ရှင်ရပ်တည်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများဖြစ်သည့် ရာသီဥတုပြောင်းလဲလာခြင်း၊ မြစ်၊ ချောင်း၊ ကန်များ တိမ်ကောလာပြီး ရေကြီးရေလျှံ ဖြစ်ပေါ်လာခြင်းနှင့် ရေထုညစ်ညမ်းမှု၊ ရေချိုအရင်းအမြစ်များဆုံးရှုံးမှု၊ မြေဆီလွှာပြုန်းတီးလာမှု၊ ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းမှု စသည့်ဆိုးကျိုးများစွာဖြစ်ပေါ်လာသည်။

မြန်မာနိုင်ငံတွင် သစ်တောများပြန်လည်ဖွံ့ဖြိုးလာရေးနှင့်ပတ်သက်၍ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်နိုင်ရန်အတွက် "နိုင်ငံတော်နှင့်အတူ မျိုးဆက်သစ်လူငယ်များအပါအဝင် တိုင်းရင်းသားပြည်သူများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများက ပူးပေါင်းပါဝင်ဆောင်ရွက်ကြခြင်းဖြင့် "စိမ်းလန်းသာယာသည့် နိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်တွင် ထာဝရဂုဏ်ယူနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြဖို့ ထပ်မံတိုက်တွန်းပါကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည်ထောင်စုနယ်မြေနေပြည်တော် ၂၀၂၂ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ပြောကြားခဲ့သည်။

သစ်တောသစ်ပင်သည် ရေရှည်ပြုစုပျိုးထောင်ရပြီး ရေရှည်အကျိုးဖြစ်ထွန်းသော သဘာဝရတနာဖြစ်သည်။ မြန်မာတို့၏ဆိုရိုးစကားတွင် တစ်သက်စိတ်ချမ်းသာလိုပါက သစ်ပင်စိုက်ပါဟု ဆိုထားသည်။ သစ်တောသစ်ပင်များနှင့် စိမ်းလန်းသာယာနေသောပတ်ဝန်းကျင်သည် ကိုယ်စိတ်နှလုံးကို ချမ်းမြေ့စေသည်။ သာဓကအားဖြင့် နေပြည်တော်ကောင်စီနယ်မြေတွင် မြို့ပြသစ်တော စိုက်ပျိုးထိန်းသိမ်းခြင်းလုပ်ငန်းများကို ၂၀၀၆-၂၀၀၇ ခုနှစ်ကာလမှစတင်၍ ထိထိရောက်ရောက်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ကို ပိုင်ဆိုင်နေပြီး နွေရာသီတွင် အပူချိန်လျော့နည်းလာခြင်း၊ သမမျှတသည့် ရာသီဥတုကို ရရှိခြင်းတို့ကြောင့် စိမ်းလန်းသာယာလှပသည့် နိုင်ငံတော်၏ မြို့တော်ကြီးဖြစ်လာသည်။ စိမ်းလန်းပြီးသန့်ရှင်းသာယာသည့် မြို့ပြတစ်ရပ်ကို ကြိုးပမ်းတည်ထောင်နိုင်ခဲ့သည့် အကျိုးရလဒ်များကို ခံစားနေကြရပြီဖြစ်သည်။

ထို့ကြောင့် နေပြည်တော်တွင် သစ်တောသစ်ပင်များဖြင့် စိမ်းလန်းစိုပြည်ပြီး သန့်ရှင်းသာယာလှပသည့် သဘာဝပတ်ဝန်းကျင် Green and Clean Cities အဖြစ် ရေရှည်တည်ထောင်နိုင်ရေးနှင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ပတ်ဝန်းကျင်ရေရှည်ကောင်းမွန်သည့် Green and Clean Cities အဖြစ် တိုးမြှင့်ဆောင်ရွက်နိုင်ရေးကို ရေရှည်မြော်တွေး၍ အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့ဖြစ်ရာ စိမ်းလန်းစိုပြည်သာယာလှပမှ ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဖွယ်၊ နှစ်လိုဖွယ်နိုင်ငံဖြစ်မည်ဖြစ်၍ နိုင်ငံတစ်ဝန်းတွင် သစ်တောသစ်ပင်များ ပြုစုပျိုးထောင်စိုက်ပျိုးကာ စိမ်းလန်းသာယာသည့်နိုင်ငံဖြစ်အောင် ဖန်တီးရမည်ဖြစ်ပါကြောင်း။ ။

## ရတနာပုံခေတ် အမျိုးသား အမျိုးသမီး ဝတ်စားဆင်ယင်မှုပုံဖြင့် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် ကျပ်၂၀၀ တန် နှစ်မျိုး ထုတ်ဝေရောင်းချမည်

နေပြည်တော် ဇွန် ၂၈

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ ရတနာပုံခေတ် အမျိုးသား အမျိုးသမီး ဝတ်စားဆင်ယင်မှုပုံဖြင့် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် ကျပ်၂၀၀ တန် နှစ်မျိုးကို ၂၀၂၂ ခုနှစ် ဇွန် ၂၉ ရက် မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် ဝါဆိုလဆန်း ၂ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ပုံမှန်ရောင်းချပေးသွားမည် ဖြစ်သည်။







**အထူးအစီအစဉ်**

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေး စာတိုက်ကြီးတို့၌ ဇွန် ၂၉ ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## သထုံမြို့၌ အလုပ်ခွင်ထိခိုက်မှု အကျိုးခံစားခွင့် ထုတ်ပေး

သထုံ ဇွန် ၂၈

သထုံခရိုင်လူမှုဖူလုံရေးအဖွဲ့မှ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အလုပ်ခွင်၌ထိခိုက်မှုအကျိုးခံစားခွင့် ငွေလုံးငွေရင်းနှင့်နာရေးစရိတ်ထုတ်ပေးခြင်းကို ယနေ့နံနက်ပိုင်းက သထုံမြို့ လိပ်အင်းရပ်ကွက်ရှိ စထာပနာကုမ္ပဏီ၌ ပြုလုပ်သည်။

ရှေးဦးစွာ သထုံခရိုင်လူမှုဖူလုံရေးရုံးမှ ဦးစီးအရာရှိ ဒေါ်ခင်မာလာက အကျိုးခံစားခွင့်ထုတ်ပေးရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်လူမှုဖူလုံရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်ဆွေက လူမှုဖူလုံရေးအဖွဲ့ သထုံမြို့၌ မှတ်ပုံတင်ထားသည့် စထာပနာကုမ္ပဏီမှ အာမခံအလုပ်သမား ဦးအောင်သီဟ၏ လုပ်ငန်းခွင်ထိခိုက်သေဆုံးခဲ့ရမှုအတွက် အကျိုးခံစားခွင့် ငွေလုံးငွေရင်း ငွေကျပ်သိန်း ၉၀ နှင့်နာရေးစရိတ်ကျပ် ၇၆၈၀၀၀ စုစုပေါင်း ငွေကျပ် ၉၇၆၈၀၀၀ အား ကျန်ရစ်သူ မိသားစုထံ ပေးအပ်ခဲ့သည်။

**နဒီ(ပြန်/ဆက်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၈ - ၆ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၅၀၀ | ၇,၅၀၀ | ၃၁ | ၂၃၂,၅၀၀ |
| MTSH | ၂,၆၀၀ | ၂,၆၅၀ | ၈၅၂ | ၂,၂၁၅,၇၀၀ |
| MCB | ၇,၂၀၀ | ၇,၂၀၀ | ၄၃ | ၃၀၉,၆၀၀ |
| FPB | ၁၈,၀၀၀ | ၁၇,၅၀၀ | ၂၀ | ၃၅၅,၀၀၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၀ | ၀ |
| EFR | ၂,၅၀၀ | ၂,၅၀၀ | ၁၂၁ | ၃၀၂,၅၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇွန် ၂၈

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၅၉.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၆.၇၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၂.၇၁၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၀.၇၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၄၈၀ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၈၇.၆ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၃၅.၆ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၆၃.၄ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၄.၀၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

## သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

# တရားမဝင်ကုန်သွယ်မှုများ ဖြစ်ပေါ်လာရခြင်းတွင် အခြေခံအကြောင်းများစွာရှိရာ အခွန်ရှောင်လွှဲလိုသည့် ရည်ရွယ်ချက်ဖြင့် တင်ပို့၊ တင်သွင်းခြင်းများ၊ တားမြစ်ကုန်ပစ္စည်းနှင့် ကန့်သတ်ကုန်ပစ္စည်းများ တရားမဝင်ကုန်သွယ်မှုများကို ထိရောက်စွာတားဆီးအရေးယူရမည်

❂ ရှေ့ဖုံးမှ

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**ပိုမိုကျွမ်းကျင်လာ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ဦးဆောင်ကော်မတီ အစည်းအဝေးများ ကျင်းပလာခဲ့ရာ ယခုဆိုလျှင် စတုတ္ထအကြိမ်မြောက် ရှိပြီဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့များနှင့် OSS တာဝန်ကျဝန်ထမ်းများအနေဖြင့် တရားမဝင်ကုန်သွယ်မှုများ တိုက်ဖျက်ရာတွင် ပိုမိုကျွမ်းကျင်လာသည်ကို တွေ့ရကြောင်း။

ဝန်ထမ်းများ၏ စွမ်းဆောင်ရည် ပိုမိုတိုးတက်လာစေရန် ပထမအကြိမ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းကို ဖွင့်လှစ်သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များတွင်လည်း ဆင့်ပွားသင်တန်းများ ဖွင့်လှစ်ပို့ချခဲ့ပြီးဖြစ်သည်ဟု သိရကြောင်း၊ အဆိုပါသင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်သွားရန် တိုက်တွန်းလိုကြောင်း။

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ ပြန်လည်ပြင်ဆင်ဖွဲ့စည်းပြီးနောက်ပိုင်း ဖမ်းဆီးရမိမှုများကို ကြည့်မည်ဆိုလျှင် ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ မေလအထိ ဖမ်းဆီးရမိမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၁ ဒသမ ၇၇၁ ဘီလီယံ ရှိသည့်အတွက် ယခင်နှစ် တစ်နှစ်လုံးနှင့် နှိုင်းယှဉ်ပါက ဖမ်းဆီးရမိ ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃ ဒသမ ၃၁၈ ဘီလီယံ ပိုမိုဖမ်းဆီးနိုင်ခဲ့ကြောင်း တွေ့ရပြီး ၂၀၂၂ ခုနှစ် ဧပြီလတွင် ခန့်မှန်းတန်ဖိုး ငွေကျပ် ၅ ဒသမ ၂၃၃ ဘီလီယံ ဖမ်းဆီးရမိခဲ့သော်လည်း မေလတွင် ငွေကျပ် ၃ ဒသမ ၆၃၃ ဘီလီယံသာ ဖမ်းဆီးရမိခဲ့သည့်အတွက် ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၆ ဘီလီယံ လျော့နည်းခဲ့သည်ကို တွေ့ရကြောင်း။

ဖမ်းဆီးရမိလျော့နည်းမှုကို စိစစ်သည့်အခါ တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များ၏ ဖမ်းဆီးရမိမှု ငွေကျပ်တစ်ဘီလီယံကျော်လျော့နည်းခဲ့ကြောင်းနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းနှင့် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းတို့တွင် ငွေကျပ် သုည ဒသမ ၇၂၁ ဘီလီယံကျော် လျော့နည်းသည်ကို တွေ့ရပါကြောင်း။

**ထိထိမိမိတားဆီးစစ်ဆေး**

ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့များ၊ အကောက်ခွန်ဦးစီးဌာနနှင့် OSS ဌာနဆိုင်ရာများ အနေဖြင့် စီမံချက်များအတိုင်း ထိထိမိမိ တားဆီးစစ်ဆေး ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကုန်သွယ်မှုလမ်းကြောင်းများတွင် တရားမဝင်ကုန်သွယ်မှုကို ရနိုင်သမျှနည်းလမ်းများဖြင့် တားဆီးထိန်းချုပ်သွားကြရမည်ဖြစ်ကြောင်း။

တရားမဝင် ကုန်သွယ်မှု စတင်ရာနေရာ၊ သိုလှောင်ထားရှိသည့်နေရာများနှင့် တင်သွင်းရောက်ရှိပြီး ဖြန့်ဖြူးရန် သိုလှောင်ထားသည့် နေရာများကိုပါ ပုံမှန်၊ ရှောင်တခင် ဝင်ရောက်စစ်ဆေး အရေးယူခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

၂၀၂၂ ခုနှစ် ဇန်နဝါရီလနှင့် ဇွန်လအတွင်း တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ဥက္ကဋ္ဌကိုယ်တိုင် ဦးဆောင်၍ ပါချန်မြစ်မေးတင် သိုလှောင်ရုံများကို ဝင်ရောက်ရှာဖွေဖမ်းဆီးခဲ့သည့် ဖြစ်စဉ်သည် နမူနာကောင်းတစ်ခုဖြစ်ကြောင်း၊ ရှာဖွေဆောင်ရွက်မှုနှင့် ဖမ်းဆီးအရေးယူသည့် ဖြစ်စဉ်များတွင် တစ်ဦးချင်းလုံခြုံရေးအပြင် အဖွဲ့အစည်း၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ၊ အဆောက်အအုံပိုင်းဆိုင်ရာနှင့် စက်ပစ္စည်းယန္တရားများ၏ လုံခြုံရေးများကိုလည်း လုံခြုံရေးအသိဖြင့် ဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့အတူ စစ်ဆေးရှာဖွေရာတွင်လည်း သတ်မှတ်ထားသည့် တရားမဝင်ကုန်ပစ္စည်းများ အပါအဝင် ကန့်သတ်ကုန်ပစ္စည်းများကိုပါ စနစ်တကျရှာဖွေစစ်ဆေးကြရမည် ဖြစ်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် မရှိမဖြစ်လိုအပ်ချက်တစ်ခုဖြစ်သည့် သွင်းအားစုဆိုင်ရာ ကိစ္စရပ်အချို့တွင် ခွင့်ပြုချက်နှင့်အတူ တရားမဝင် မလိုလားအပ်သော အမျိုးအစားဆင်တူ ကုန်အမှတ်တံဆိပ်များ ရောနှောပါဝင်လာမှု မရှိစေရေးကိုလည်း တိကျစွာ စစ်ဆေးဖမ်းဆီး အရေးယူသွားကြရမည်ဖြစ်ကြောင်း။

**လုပ်ထုံးလုပ်နည်းနှင့်အညီ**

ဖမ်းဆီးရမိကုန်စည်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ထုခွဲရောင်းချပြီး ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာများ နိုင်ငံတော်က ရရှိရန်လိုအပ်ကြောင်း၊ လေလံမပစ်မီ ဖမ်းဆီးရမိပစ္စည်းများ ပျက်စီးဆုံးရှုံးသွားလျှင် ဖမ်းဆီးပေးသူများ၏ ကြိုးပမ်းအားထုတ်မှုများ အချည်းနှီးဖြစ်ရသကဲ့သို့ နိုင်ငံ့ဘဏ္ဍာရရှိမှုလည်း လျော့နည်းသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပုပ်သိုးပျက်စီးလွယ်သည့် ကုန်စည်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ မြန်မြန်ဆန်ဆန် လေလံတင်ရောင်းချသွားရမည် ဖြစ်ကြောင်း၊ ဖမ်းဆီးရမိ လိုင်စင်ရှိ၊ လိုင်စင်မဲ့ မော်တော်ယာဉ်များကိုလည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမြန်ဆုံးအပ်နှံ ဆောင်ရွက်သွားကြရန်နှင့် အမှုများ အမြန်ဆုံးပြီးပြတ်နိုင်အောင်လည်း လုပ်ဆောင်ရမည်ဖြစ်ကြောင်း။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ အဖွဲ့ဝင်များနှင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် ပါဝင်နေသူအားလုံးသည် နိုင်ငံတော်မှ ချမှတ်ထားသည့် မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာများနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်ကြရမည် ဖြစ်ပြီး ဖမ်းဆီးအရေးယူရာတွင်လည်း ဥပဒေနှင့်အညီ အားလုံးတစ်ပြေးညီဖြစ်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**ဆွေးနွေးညှိနှိုင်းအဖြေရှာ**

တရားမဝင်ကုန်သွယ်မှုကို တိုက်ဖျက်ရာတွင် သယ်ဆောင်မှုများ၊ သိုလှောင်မှုများကို ဖမ်းဆီးအရေးယူမှုများအပြင် တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်အောင် စီးပွားရေးလုပ်ငန်းရှင်များ အပါအဝင် သက်ဆိုင်သူများနှင့် ဆွေးနွေးညှိနှိုင်း အဖြေရှာသွားရမည်ဖြစ်ကြောင်း။

တရားမဝင်ကုန်သွယ်မှုများ ဖြစ်ပေါ်လာရခြင်းတွင် အခြေခံအကြောင်းများစွာရှိရာ အခွန်ရှောင်လွှဲလိုသည့် ရည်ရွယ်ချက်ဖြင့် တင်ပို့၊ တင်သွင်းခြင်းများ၊ တားမြစ်ကုန်ပစ္စည်းနှင့် ကန့်သတ်ကုန်ပစ္စည်းများ တရားမဝင်ကုန်သွယ်မှုများကို ထိရောက်စွာ တားဆီးအရေးယူရမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်ခြင်းနှင့် လုပ်ထုံးလုပ်နည်း အားနည်းချက်များကြောင့် တရားမဝင်လမ်းကြောင်းပေါ်ရောက်နေခြင်းများနှင့်စပ်လျဉ်း၍ မည်သို့ဆောင်ရွက်ရမည်ဆိုသည်ကို ကုန်သည် လုပ်ငန်းရှင်များ၊ ဆက်စပ်ဌာနများနှင့် ပုံမှန်တွေ့ဆုံ ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် UMFCCI ကဲ့သို့သော အသင်းအဖွဲ့များ၏ အခန်းကဏ္ဍသည် အရေးပါလာပြီး ဌာနဆိုင်ရာများနှင့် ကုန်သည်လုပ်ငန်းရှင်များအကြား ပေါင်းကူးချိတ်ဆက်ပြီး တရားမဝင်ကုန်သွယ်မှု လျော့ကျရေးနှင့် တိုက်ဖျက်ရေးတို့တွင် မှန်ကန်သည့် ဆွေးနွေးအဖြေရှာမှုများနှင့် ထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း။

ထို့အပြင် တရားမဝင်ကုန်သွယ်မှုများ မရှိစေရေး ဆောင်ရွက်ရာတွင်လည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားကြရန်နှင့် တားဆီးအရေးယူရာတွင် ဌာနအချင်းချင်း ညှိနှိုင်းပေါင်းစပ်ပြီး စီးပွားရေးအမြင်၊ နိုင်ငံရေးအမြင်၊ လုံခြုံရေးအမြင်များဖြင့် ကျယ်ပြန့်စွာ ဆောင်ရွက်သွားရန် လိုကြောင်း မှာကြားသည်။

ထို့နောက် ဦးဆောင်ကော်မတီ အတွင်းရေးမှူး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွှန့်အောင်က တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီအစည်းအဝေး(၂/၂၀၂၂)အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဦးဆောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု၊ အမိုနီယမ်နိုက်ထရိတ် ဖမ်းဆီးရမိမှု၊ သတင်းအချက်အလက်များ ရရှိရေးဆောင်ရွက်မှု၊ တရားမဝင် ကုန်ပစ္စည်းများ ဖမ်းဆီးရမိမှုနှင့် မြန်မာ-ထိုင်း နှစ်နိုင်ငံကုန်သွယ်မှု နှိုင်းယှဉ်ချက်များကို ရှင်းလင်းတင်ပြသည်။

**ဖတ်ကြားတင်ပြ**

ယင်းနောက် ဦးဆောင်ကော်မတီရုံး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်သွင်ဦး၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာခင်ဇော်တို့က တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၂၂)သို့ တင်ပြသည့် အမှာစာများကို ဖတ်ကြားတင်ပြကြသည်။

ထို့နောက် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်လင်းထွန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ဇင်မင်းထက်နှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများ အလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဦးဆောင်ကော်မတီရုံး လုပ်ငန်းအဖွဲ့ခေါင်းဆောင်က တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၂၂)ဆုံးဖြတ်ချက် (မူကြမ်း)များကို ဖတ်ကြားတင်ပြသည်။

ထို့နောက် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

- **အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကုန်သွယ်မှုလမ်းကြောင်းများတွင် တရားမဝင်ကုန်သွယ်မှုကို ရနိုင်သမျှနည်းလမ်းများဖြင့် တားဆီးထိန်းချုပ်သွားကြရမည်**
- **တရားမဝင်ကုန်သွယ်မှု စတင်ရာနေရာ၊ သိုလှောင်ထားရှိသည့် နေရာများနှင့် တင်သွင်းရောက်ရှိပြီး ဖြန့်ဖြူးရန်သိုလှောင်ထားသည့်နေရာများကိုပါ ပုံမှန်၊ ရှောင်တခင် ဝင်ရောက်စစ်ဆေး အရေးယူခြင်းများကို ဆောင်ရွက်ရမည်**
- **ဖမ်းဆီးရမိ လိုင်စင်ရှိ၊ လိုင်စင်မဲ့ မော်တော်ယာဉ်များကိုလည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမြန်ဆုံးအပ်နှံဆောင်ရွက်သွားကြရန်နှင့် အမှုများ အမြန်ဆုံးပြီးပြတ်နိုင်အောင်လည်း လုပ်ဆောင်ရမည်**

- **တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ အဖွဲ့ဝင်များနှင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးတွင် ပါဝင်နေသူအားလုံးသည် နိုင်ငံတော်မှ ချမှတ်ထားသည့် မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာများနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပြီး ဖမ်းဆီးအရေးယူရာတွင်လည်း ဥပဒေနှင့်အညီ အားလုံးတစ်ပြေးညီဖြစ်အောင် ဆောင်ရွက်ကြရမည်**
- **တရားမဝင်ကုန်သွယ်မှုများမရှိစေရေး ဆောင်ရွက်ရာတွင်လည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားကြရန်နှင့် တားဆီးအရေးယူရာတွင် ဌာနအချင်းချင်း ညှိနှိုင်းပေါင်းစပ်ပြီး စီးပွားရေးအမြင်၊ နိုင်ငံရေးအမြင်၊ လုံခြုံရေးအမြင်များဖြင့် ကျယ်ပြန့်စွာဆောင်ရွက်သွားရန်လို**

အပြည်ပြည်ဆိုင်ရာသမဝါယမနေ့
၂၀၂၂ ခုနှစ်၊ ဇူလိုင်လ(၂)ရက် (စနေနေ့)
100th #COOPSDAY
Cooperatives Build a Better World
International Co-operative Alliance
"Cooperatives Build a Better World"
"ကမ္ဘာ့လောက ပိုမိုကောင်းမွန်ရေး သမဝါယမများက တည်ဆောက်ပေး"

## မိဘပြည်သူများ၏ မေတ္တာရပ်ခံချက်အရ တပ်မတော်ဆိုင်ရာ တက္ကသိုလ်များ၏ ဗိုလ်လောင်းဝင်ခွင့်များအတွက် အသက်ကန့်သတ်ချက် တိုးမြှင့်သတ်မှတ်

နေပြည်တော် ဇွန် ၂၈

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး) ဗိုလ်လောင်းဝင်ခွင့်နှင့်ပတ်သက်၍ မိဘပြည်သူများ၏ မေတ္တာရပ်ခံချက်အရ အသက်ကန့်သတ်ချက်ကို ယခင်ထက် ၆ လတိုး၍ ပြင်ဆင်သတ်မှတ်ပေးလိုက်ကြောင်း သိရှိရသည်။

အဆိုပါတက္ကသိုလ်များအတွက် ဗိုလ်လောင်းဝင်ခွင့်လျှောက်ထားမှုတွင် ယခင်သတ်မှတ်ချက် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၈ နှစ်ထက်မကြီးရ (အစား) ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်တွင် အသက် ၁၆ နှစ်အောက် မငယ်ရ၊ ၁၈ နှစ် ၆ လ ထက်မကြီးရဟု တိုးမြှင့်ပြင်ဆင်သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း/အားကစားရုံများ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇွန် ၂၈

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၈ နာရီတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ အားကစားကွင်းနှင့် အားကစားရုံများကိုလည်းကောင်း၊ သာယာဝတီမြို့ မိုးလုံလေလုံအားကစားခန်းမနှင့် သာယာဝတီခရိုင်အားကစားကွင်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် လက်ပံတန်းမြို့နယ်အားကစားကွင်းကို ကြည့်ရှုစစ်ဆေးပြီး မိုးလုံလေလုံအားကစားခန်းမအတွင်း ကြမ်းခင်းများ အသစ်ပြန်လည်ပြုပြင်မွမ်းမံနိုင်ရေး မှာကြားပြီး ဝန်ထမ်းများကို တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက လူငယ်နှင့်ပတ်သက်သည့် ဟောပြောပွဲများမှတစ်ဆင့် လူငယ်များအားအားကစားကိုစိတ်ပါဝင်စားလာမည်ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များကို ချစ်ခင်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မင်းလှမြို့နယ်အားကစားကွင်း/ အားကစားရုံများနှင့် အုတ်ဖိုမြို့နယ်အားကစားကွင်းများကိုလည်းကောင်း၊ ကြို့ပင်ကောက်မြို့နယ်နှင့် ဇီးကုန်းမြို့နယ်ရှိ အားကစားကွင်းနှင့် မိုးလုံလေလုံအားကစားခန်းမတို့ကိုလည်းကောင်း၊ နတ်တလင်းမြို့နယ် အားကစားကွင်းနှင့် မိုးလုံလေလုံအားကစားရုံ တည်ဆောက်မည့်မြေနေရာတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပရိုင်းမိတ်ကာလ သမိုင်းစဉ်ဆိုင်ရာဆွေးနွေးပွဲ ကျင်းပ



နေပြည်တော် ဇွန် ၂၈

မြန်မာနိုင်ငံ၏ တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်၏ ကဏ္ဍတစ်ခုဖြစ်သော ပရိုင်းမိတ်ကာလသမိုင်းစဉ်ဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့တွင် အမျိုးသားပြတိုက်(ရန်ကုန်) ဘက်စုံခန်းမ၌ ဆက်လက်ပြုလုပ်သည်။

ဆွေးနွေးပွဲသို့ မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၁) ဦးသန်းဆွေ၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန္ဒာခင်နှင့် မြန်မာသမိုင်းအဖွဲ့ဝင် ပညာရှင်ကြီးများ၊ တာဝန်ရှိသူများ၊ အငြိမ်းစားပရိုင်းမိတ်ပညာရှင်ကြီးများ၊ ပရိုင်းမိတ်သုတေသန တူးဖော်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သော အရာရှိကြီးများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လေ့လာသူပြင်ပပညာရှင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲအစီအစဉ်အရ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပရိုင်းမိတ်ကာလသမိုင်းစဉ်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံပထဝီဝင် ပေါ်ပေါက်လာပုံများအကြောင်း၊ ဘူမိဗေဒပညာရှင်ကြီးများ၏ တင်ပြဆွေးနွေးချက်များနှင့် ပရိုင်းမိတ်ပညာရှင်များက မြန်မာနိုင်ငံ၏ ပရိုင်းမိတ်ကာလသမိုင်းစဉ် ရေးသားပြုစုချက်များကို အကျဉ်းချုပ်ပြောကြားသည်။

ထို့နောက် ဒဂုံတက္ကသိုလ် ဘူမိဗေဒဌာန ပါမောက္ခ ဒေါက်တာစိုးမိုးလွင်က "Cenozoic Paleogeography of Myanmar (65–0 Ma ( Millennium Year Ago))" ကုန်းမြေချပ်များ ဆင့်ကဲပြောင်းလဲလာပုံနှင့် လွန်ခဲ့သောနှစ်သန်းပေါင်း ၆၅ သန်းက မြန်မာနိုင်ငံသည် ကမ္ဘာ့တောင်ဘက်အခြမ်းတွင် တည်ရှိခဲ့ပြီး Plate နှစ်ချပ် ပွတ်တိုက်ခြင်းဖြင့် ယနေ့ခေတ် ကမ္ဘာ့မြောက်ဘက်အခြမ်းတွင် တည်ရှိလာပုံအကြောင်းကိုလည်းကောင်း၊ ဒုတိယပါမောက္ခချုပ် (ငြိမ်း) ဒေါက်တာမောင်မောင်က "Stratigraphy of the primate–bearing beds of the Eocence Pond–aung Formation at Paukkaung area, Myanmar" နှင့်စပ်လျဉ်း၍ Upper Member နှင့် Lower Member များတွင် တွေ့ရှိသည်များကိုလည်းကောင်း၊ ဒဂုံတက္ကသိုလ် ဂုဏ်ထူးဆောင်ပါမောက္ခ ဒေါက်တာအေးကိုအောင်က မြန်မာနိုင်ငံတွင် ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်း တွေ့ရှိနိုင်မှုနှင့်စပ်လျဉ်း၍လည်းကောင်း၊ ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးဝင်းကြိုင်က ပုံတောင်ပရိုင်းမိတ်ဒေသရှိ လူတူပရိုင်းမိတ်များအကြောင်း(မူကြမ်း)၊ ယင်းဒေသရှိမျိုးရင်း၊ မျိုးစိတ်များအကြောင်းကိုလည်းကောင်း၊ မန္တလေးတက္ကသိုလ် ဘူမိဗေဒဌာနပါမောက္ခဒေါက်တာဇင်မောင်မောင်သိန်းက တွေ့ရှိရသည့် ပရိုင်းမိတ်ဒေသများရှိ မျိုးစု (Genus) များနှင့် မျိုးစိတ်(Species) တွေ့ရှိမှုများကို ခွဲခြားဖော်ပြရေးသားခြင်းများ အကြောင်းကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ ပရိုင်းမိတ်ကာလသမိုင်းစဉ် လူတူပရိုင်းမိတ်အဆင့်မှ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ် ထိုမှမြို့ပြလူနေမှု အဆင့်ဆင့်တိုးတက်ပြောင်းလဲမှုအကြောင်း၊ ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းဒေသများကို ထိန်းသိမ်းထားရှိမှုအကြောင်း၊ ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းဒေသများကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးအတွက် လျာထားဆောင်ရွက်နေမှု၊ ကာကွယ်ထိန်းသိမ်းရန်လိုအပ်မှု၊ ဆက်လက်တူးဖော် သုတေသနပြုရန် အလားအလာ ကောင်းမွန်သောနေရာများကို Short Term , Long Term သုတေသနအစီအစဉ်များဖြင့် လျာထားမှု၊ ပြည်သူလူထုအား ယဉ်ကျေးမှု အမွေအနှစ်များနှင့်ပတ်သက်သော အသိပညာဖြန့်ဝေမှု၊ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များ မတိမ်ကောမပပျောက်အောင် ဒေသခံများနှင့်ပြည်သူလူထုက ဝိုင်းဝန်းကူညီရန် လိုအပ်မှုများကို ဆွေးနွေးကြသည်။

တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်ဆိုင်ရာ ကြေးခေတ်၊ သံခေတ်ကာလ သမိုင်းစဉ်၊ ကျောက်ခေတ်ကာလသမိုင်းစဉ်၊ ပျူခေတ်ကာလသမိုင်းစဉ်၊ ပရိုင်းမိတ်ကာလသမိုင်းစဉ် (မူကြမ်း)များ ရေးသားပြီးပါက Review Meeting ကို ထပ်မံကျင်းပမည်ဖြစ်ရာ ဖြည့်စွက်အကြံပြုလိုသော ပညာရှင်များအနေဖြင့် မိမိတို့ကိုယ်တိုင် သုတေသနပြုတွေ့ရှိချက်များအား ခိုင်မာသောအထောက်အထားများဖော်ပြ၍ **ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန နေပြည်တော်(ရုံးချုပ်) ဖုန်း– ၀၆၇–၄၀၈၀၄၀၊ Email: doa.npt408040@gmail.com** များသို့ အချက်အလက်များ Review Meeting မပြုလုပ်မီ အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

သတင်းစဉ်

## မိုးညိုမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိ

မိုးညို ဇွန် ၂၈

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲတွင် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မေ ၁၈ ရက်မှစတင်၍ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါစိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူလက်ဝယ်အရောက် စက်တင်ဘာလကုန်အထိ ထုတ်ချေးပေးသွားမည်ဖြစ်ပြီး စပါးတစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ နှမ်းတစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့်လည်းကောင်း ထုတ်ချေးပေးလျက်ရှိပြီး အတိုးနှုန်းအနေဖြင့် ငွေကျပ် ၁၀၀ လျှင် တစ်နှစ်ငါးရာခိုင်နှုန်းဖြင့် ပြန်လည်ပေးဆပ်ရန် နောက်ဆုံးသတ်မှတ်ရက်တွင် အရင်းနှင့်တကွ ကျသင့်အတိုးကို ပြန်လည်ပေးဆပ်ရမည်ဖြစ်သည်။

မိုးညိုမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် ၂၀၂၂ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၃၇ အုပ်စုမှ တောင်သူ ၆၂၄၅ ဦး စိုက်ဧက ၃၆၆၅၈ အတွက် ငွေကျပ် ၅၃၄၄၀၀၀၀၀၀ အား ထုတ်ချေးပေးရန် လျာထားဆောင်ရွက်လျက်ရှိရာ ဇွန် ၂၇ ရက်အထိ ကျေးရွာအုပ်စု ၁၃ အုပ်စု တောင်သူ ၅၉၅ ဦး စိုက်ဧက ၃၈၁၀ အတွက် ငွေကျပ် ၅၄၈၉၀၀၀၀၀ အား ထုတ်ချေးပြီးစီးကြောင်း မိုးညိုမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ သိရသည်။

ကိုမင်း(မိုးညို)

# မြန်မာနိုင်ငံ ဝန်ဆောင်မှုကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အချက်အလက်များဘဏ္ဍာတိုက် (MSTIP Portal) နှင့် MSTIP Mobile App တို့နှင့် ပတ်သက်သည့် ဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၂၈**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ယနေ့နံနက်ပိုင်းတွင် ဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ မြန်မာနိုင်ငံ ဝန်ဆောင်မှုကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အချက်အလက်များဘဏ္ဍာတိုက် (MSTIP Portal)နှင့် MSTIP Mobile App တို့နှင့် ပတ်သက်သည့်ဆွေးနွေးပွဲသို့ တက်ရောက်သည်။



ဆွေးနွေးပွဲသို့ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်းများ တက်ရောက်ကြပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးရှိ ရုံးခွဲတာဝန်ခံများက အွန်လိုင်းမှ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လွှင့်တင်ထားရှိသော ဝန်ဆောင်မှုကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အချက်အလက်များဘဏ္ဍာတိုက် (MSTIP Portal)နှင့် MSTIP Mobile App တို့နှင့် ပတ်သက်၍ လေ့လာဆွေးနွေးခဲ့သူ နှစ်ဦးတို့၏ အတွေ့အကြုံများကို အရာထမ်းများ ဗဟုသုတရစေရန်နှင့် လိုအပ်သည့်သတင်းအချက်အလက်များ ပြည့်စုံစွာဖြည့်ဆည်းနိုင်ကြရန် စီစဉ်ခြင်းဖြစ်ပါကြောင်း၊ အာဆီယံဒေသတွင်း၌ ဝန်ဆောင်မှုလုပ်ငန်းများ လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အာဆီယံဝန်ဆောင်မှုဆိုင်ရာ မူဘောင်သဘောတူစာချုပ်ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်လျက်ရှိပါကြောင်း၊ အာဆီယံ၏ ဝန်ဆောင်မှုများနှင့် ရင်းနှီးမြှုပ်နှံရေးဆိုင်ရာ ဖြေလျှော့ပေးမှုအစီအစဉ်များတွင် မိမိတို့၏ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အခြေအနေများကို လေ့လာသုံးသပ်နေရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် MSTIP Portal နှင့် Mobile Application တို့တွင်လည်း မိမိတို့ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည့် သတင်းအချက်အလက်များ ပြည့်ပြည့်စုံစုံထည့်သွင်းပေးခြင်းဖြင့် အသုံးပြုသူများအတွက် ပိုမိုအကျိုးရှိမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတကာနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်မျိုးအောင်က Webportal ၌ ဖော်ပြထားသည့် ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သည့် ဝန်ဆောင်မှုလုပ်ငန်းများအကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ခရီးသွားမြှင့်တင်ရေးဌာနခွဲ Digital Marketing မှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မိုးနိုင်က MSTIP Portal နှင့် Mobile Application နှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဟိုတယ်နှင့် ခရီးသွားကဏ္ဍနှင့်ဆက်စပ်သည့် ဝန်ဆောင်မှုကဏ္ဍများနှင့် ၎င်းကဏ္ဍများတွင် မိမိတို့ဝန်ကြီးဌာနမှ ဝိုင်းဝန်းဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေများကို မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များကို အကြံပြုမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး၊ ပြည်နယ် ရုံးခွဲတာဝန်ခံများနှင့် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တွေ့ဆုံ၍ ခရီးသွားလုပ်ငန်းဝန်ဆောင်မှုပြုရာတွင် ကိန်းဂဏန်းအချက်အလက်များကို စစ်တမ်းကောက်ယူ၍ သုတေသနပြုလုပ်ခြင်းသည် အရေးကြီးပါကြောင်း၊ မိမိတို့နိုင်ငံသို့ လာရောက်သော ခရီးသွားဧည့်သည်များ၏ ကြိုက်နှစ်သက်မှုများကို မေးမြန်းစုံစမ်းပြီး ခရီးစဉ်အတွင်း လိုအပ်ချက်များရှိပါက ဂရုတစိုက်မှတ်သားထားရှိပြီး အဆင်ပြေအောင် ဖြေရှင်းဆောင်ရွက်ပေးသည့် အလေ့အထကို မွေးမြူခြင်းဖြင့် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများ ပေးနိုင်မည်ဖြစ်ပြီး သုတေသနလုပ်ငန်းများတွင်လည်း အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အတွက် ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီပူးပေါင်းကြိုးပမ်းကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၃၄)ကြိမ်မြောက် မြန်မာ–ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေး ပထမနေ့ ကျင်းပ

**နေပြည်တော် ဇွန် ၂၈**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်သည့် (၃၄)ကြိမ်မြောက် မြန်မာ–ထိုင်း ဒေသဆိုင်ရာနယ်ခြားကော်မတီအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ရှိ တောင်ကြီးဟိုတယ်၌ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်စိုး၊ ဒုတိယခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးခင်လှိုင်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ထိုင်းနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Lt.Gen. Apichet Suesat နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးအောင်စိုးနှင့် ထိုင်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Lt.Gen. Apichet Suesat တို့က အမှာစကားများ ပြောကြားပြီး နှစ်နိုင်ငံအဖွဲ့ဝင်များက အပြန်အလှန်မိတ်ဆက်ကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် နှစ်နိုင်ငံ အဖွဲ့ခေါင်းဆောင်များသည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။



ယင်းနောက် မြန်မာ–ထိုင်း ဒေသဆိုင်ရာ နယ်ခြား ကော်မတီအတွင်းရေးမှူးအဖွဲ့ အစည်းအဝေးကို ဆက်လက်ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်မှူးချုပ်ခိုင်လင်း၊ ထိုင်းကိုယ်စားလှယ်အဖွဲ့ အတွင်းရေးမှူး Gen. Satorn Sireyanon နှင့် မြန်မာ–ထိုင်း နယ်ခြားကော်မတီအဖွဲ့ဝင်များက (၃၃)ကြိမ်မြောက် မြန်မာ–ထိုင်း ဒေသဆိုင်ရာနယ်ခြားကော်မတီအစည်းအဝေး မှတ်တမ်းအား ပြန်လည်သုံးသပ်ခြင်း၊ ယုံကြည်မှုတည်ဆောက်ခြင်းဆိုင်ရာကိစ္စ၊ နယ်စပ်ဒေသပူးပေါင်းဆောင်ရွက်မှုကိစ္စ၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စ၊ နှစ်နိုင်ငံနယ်နိမိတ်ဆိုင်ရာ ကိစ္စ၊ နယ်စပ်ဒေသဆိုင်ရာကိစ္စနှင့် အခြားကိစ္စများကို ကဏ္ဍအလိုက် ဆွေးနွေးကြပြီး ညနေပိုင်းတွင် အစည်းအဝေးကို ရပ်နားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

# YBS ယာဉ်အစီးရေ ၃၀၀၀ ကျော်ဖြင့် ခရီးသည် ၁၀ သိန်းခန့်ကို နေ့စဉ် ဝန်ဆောင်မှုပေးရာ၌ အစီးရေ ၂၀၀၀ ကျော်တွင် YPS ကတ်စနစ်ဖြင့် ဝန်ဆောင်မှုပေးထား

**ရန်ကုန် ဇွန် ၂၈**

ရန်ကုန်တိုင်းဒေသကြီးအတွင်း YBS ယာဉ်လိုင်းပေါင်း ၁၁၆ လိုင်း၊ YBS ယာဉ်အစီးရေ ၃၀၀၀ ကျော်ဖြင့် ခရီးသွား ၁၀ သိန်းခန့်ကို နေ့စဉ် ဝန်ဆောင်မှုပေးလျက်ရှိရာ ယာဉ်စီးခပေးချေရာတွင် အဆင်ပြေချောမွေ့စေရန် ယာဉ်လိုင်း ၅၆ လိုင်း၌ ယာဉ်အစီးရေ ၂၁၃၃ စီးတွင် YPS ကတ်အသုံးပြုသည့်စက်များ တပ်ဆင်ဝန်ဆောင်မှုပေးထားကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီရုံးတွင် ယနေ့မွန်းလွဲ ၁ နာရီက ကျင်းပသည့် (၃/၂၀၂၂) မီဒီယာတွေ့ဆုံပွဲမှ သိရသည်။




YRTC သည် ၂၀၂၁ ခုနှစ် အောက်တိုဘာလတွင် ယာဉ်နောက်လိုက်ပါသောယာဉ်များနှင့် ယာဉ်စီးခပိုမိုကောက်ခံသော ယာဉ်အစီးရေ ၅၀၀ ကျော်ကို အရေးယူဆောင်ရွက်ထားပြီး စည်းကမ်းဖောက်ဖျက်မှုအပေါ်မူတည်၍ CNG နှင့် ဒီဇယ်ဆီဖြည့်တင်းမှုကို သုံးလ၊ ခြောက်လ၊ တစ်နှစ်ပိတ်သိမ်းသဖြင့် အရေးယူဆောင်ရွက်လျက်ရှိရာ CNG နှင့် ဒီဇယ်ဆီပိတ်သိမ်းမှုတွင် ခရီးစဉ်မှတ်တမ်းမပါ သုံးလ၊ ယာဉ်အကူပါ သုံးလ၊ ယာဉ်စီးခပိုမိုတောင်းခံပါက ခြောက်လ၊ ယာဉ်အကူပါယာဉ်စီးခ ကျပ် ၅၀၀ နှင့်အထက် ပိုမိုကောက်ခံပါက တစ်နှစ် အသီးသီးသတ်မှတ်ပိတ်သိမ်းအရေးယူဆောင်ရွက်ထားပြီး စည်းကမ်းဖောက်ဖျက်သော ယာဉ် ၁၉၇ စီးကို အရေးယူဆောင်ရွက်ရန် ကျန်ရှိကြောင်း သိရသည်။

YBS ယာဉ်လိုင်းပေါင်း ၁၁၆ လိုင်းတွင် Yangon Payment System (YPS) ကတ်စနစ်အသုံးပြုသော ယာဉ်လိုင်း ၅၆ လိုင်းရှိပြီး နိုင်ငံတကာတွင် အသုံးပြုနေသော ကတ်စနစ်ဝန်ဆောင်မှုနှင့်အညီ ရန်ကုန်မြို့နေခရီးသွားပြည်သူများ လွယ်ကူချောမွေ့စွာအသုံးပြုနိုင်ရန် ကုမ္ပဏီ ၁၀ ခုဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC)အနေဖြင့် ယာဉ်လိုင်းများ ယာဉ်စီးခပိုမိုကောက်ခံမှုကို တားဆီးကာကွယ်ရန် ၊ YPS ကတ်စနစ်သုံးစွဲမှု ပိုမိုကျယ်ပြန့်လာစေရန်၊ ယာဉ်အကူများမော်တော်ယာဉ်ပေါ်တွင် လိုက်ပါမှုမရှိစေရေး၊ ယာဉ်စီးခ ပိုမိုကောက်ခံသော ယာဉ်များအား အရေးယူဆောင်ရွက်နေမှုနှင့် YPS ကတ်စနစ်ဖြင့် ဝန်ဆောင်မှုပေးနေမှုနှင့်စပ်လျဉ်း၍ ခရီးသွားပြည်သူများ သိရှိနိုင်ရန် မီဒီယာတွေ့ဆုံပွဲကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း – ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ – ကနူး**

# မူးယစ်အန္တရာယ် ပြည့်ရန်စွယ် အတူတကွ တွန်းလှန်ကြ

**အောင်ရှင်း**

ကမ္ဘာပေါ်မှာရှိတဲ့ လူသားတွေအားလုံးရဲ့ ဘုံရန်သူတွေထဲမှာ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးတွေကလည်း တစ်ခုအပါအဝင် ဖြစ်ပါတယ်။ သမိုင်းကြောင်းကို ပြန်ကြည့်မယ်ဆိုရင်တော့ ကမ္ဘာပေါ်မှာ ဘိန်းစိုက်ပျိုးမှုကို ကျောက်ခေတ်ရဲ့ နောက်ဆုံးအဆင့်ဖြစ်တဲ့ ဘီစီ ၅၀၀၀ ကျော်လောက်ကတည်းက မြေထဲပင်လယ်ဒေသတစ်ဝိုက်မှာ စတင်တွေ့ရှိပြီး ဘီစီ ၃၄၀၀ ခန့်လောက်မှာတော့ ဘိန်းကို ဝယ်ယူစုဆောင်းတာတွေ အစပြုခဲ့ကြပါတယ်။ အစကနဦးမှာတော့ လူတွေဟာ ဘိန်းကို ကျန်းမာရေး ရည်ရွယ်ချက်အတွက် အသုံးချခဲ့ကြပေမယ့် ၁၁ ရာစုလောက်ကနေစတင်လို့ ဖြေဖျော်ရေးသုံးပစ္စည်း (recreational use) တစ်ခုအဖြစ် ကျယ်ကျယ်ပြန့်ပြန့် စတင်အသုံးပြုလာကြပါတယ်။

**ဘိန်းကို ဖြေဖျော်ရေးသုံးပစ္စည်းတစ်ခုအဖြစ် သုံးစွဲခဲ့ကြ**

မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံမှာတော့ ၁၅ ရာစုလောက်ကနေစပြီး ဘိန်းကို ဖြေဖျော်ရေးသုံးပစ္စည်းတစ်ခုအဖြစ် သုံးစွဲခဲ့ကြတယ်လို့ မှတ်တမ်းတွေမှာ တွေ့ရှိရပါတယ်။ မူးယစ်ဆေးဝါးဖြစ်တဲ့ ဘိန်းရဲ့ဆိုးကျိုးတွေကိုသိရှိလာလို့ ၁၇၂၉ ခုနှစ်ကနေစတင်လို့ တရုတ်နိုင်ငံမှာ ဘိန်းတိုက်ဖျက်ရေး ဆင်နွှဲခဲ့ကြပါတယ်။ ဘိန်းကုန်ကူးမှုတွေကို တားဆီးပါတော့တယ်။ ဒီလိုတားဆီးခဲ့လို့ တရုတ်နိုင်ငံအတွင်းကို ဘိန်းတွေတင်သွင်းနေတဲ့ ဗြိတိသျှတို့နဲ့ ထိပ်တိုက်ရင်ဆိုင်ခဲ့ကြပြီး ပထမဘိန်းစစ်ပွဲ (၁၈၃၉-၄၂) နဲ့ ဒုတိယဘိန်းစစ်ပွဲ (၁၈၅၀-၆၄) က ထင်ရှားတဲ့ ဥပမာတစ်ခုဖြစ်ပါတယ်။ ဒါပေမဲ့လည်း တရုတ်တို့ဘက်က စစ်ရှုံးတဲ့အတွက် နိုင်ငံရဲ့အချုပ်အခြာအာဏာပိုင်နယ်မြေတချို့နဲ့ ဆိပ်ကမ်းတွေကို လက်လွှတ်ခဲ့ရပြီး လွတ်လပ်စွာ ကုန်သွယ်ခွင့်ဆိုတဲ့ ခေါင်းစဉ်အောက်ကနေ နိုင်ငံကို မူးယစ်ဆေးဝါးဘိန်းနဲ့ ဖျက်ဆီးခံခဲ့ရပါတယ်။ "luo hou jiu yao ai da" "အားနည်းနိမ့်ကျနေရင် အနိုင်ကျင့်ခံရလိမ့်မယ်" ဆိုတဲ့ဆိုရိုးစကားက တရုတ်လူငယ်တွေအကြားမှာ ဘိန်းစစ်ပွဲသင်ခန်းစာတွေနဲ့အတူ ကျန်ရစ်ခဲ့ပါတယ်။ ဒါကြောင့်လည်း တရုတ်နိုင်ငံမှာ ပထမဘိန်းစစ်ပွဲမဖြစ်ပွားမီ ဥရောပသားတွေ သယ်လာတဲ့ ဘိန်းတွေကို ဖူးကျန်ပြည်နယ်အုပ်ချုပ်ရေးမှူးက ဖမ်းဆီးမီးရှို့ခဲ့တဲ့ ဇွန်လ ၂၆ ရက်နေ့ကို "အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့" အဖြစ် သတ်မှတ်ပေးခဲ့တာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာလည်း ထိုနည်းတူပဲ အင်္ဂလိပ်တို့ရဲ့ ကိုလိုနီဖြစ်ခဲ့ရခြင်းမှ အစပြုပြီး ဘိန်းစိုက်ပျိုးမှု၊ သုံးစွဲမှုတွေ ကျယ်ပြန့်လာခဲ့ရတာဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ သမိုင်းအစဉ်အလာအရကိုက ဥပဒေအရသော်လည်းကောင်း၊ ဘာသာရေးအရသော်လည်းကောင်း၊ လူမှုယဉ်ကျေးမှုအရသော်လည်းကောင်း မူးယစ်ဆေးဝါးသုံးစွဲမှုကို အားပေးတဲ့ လူ့အဖွဲ့အစည်းတစ်ခုမဟုတ်ပါဘူး။ မြန်မာဘုရင်တွေလက်ထက်က ဘိန်းကင်း၊ ကစော်၊ လှော်စာ၊ အရက်တို့ကို မသုံးစွဲကြဖို့ တားမြစ်ထားပါတယ်။ မြန်မာလူမျိုးတွေအများစုကိုးကွယ်ရာဖြစ်တဲ့ ဗုဒ္ဓဘာသာရဲ့ ငါးပါးသီလမှာလည်း အရက်သေစာနဲ့ မူးယစ်ဆေးဝါးသုံးစွဲတာကို တားမြစ်ထားပါတယ်။ မြန်မာ့လူမှုယဉ်ကျေးမှုအရလည်း မူးယစ်ဆေးဝါးသုံးစွဲသူတွေကို "ဘိန်းစား" ရယ်လို့ ခေါ်ဝေါ်ကြပြီး လူတောမတိုးကြတော့တာ တွေ့ရပါတယ်။ ဒီလိုတားမြစ်ထားတဲ့ ဘိန်းနဲ့ မူးယစ်ဆေးဝါးသုံးစွဲမှုတွေဟာ ကိုလိုနီခေတ်မှာ အင်္ဂလိပ်အစိုးရက ဘိန်းစိုက်ပျိုးမှု၊ ထုတ်လုပ်မှုနဲ့ သုံးစွဲမှုတွေကို တရားဝင်ခွင့်ပြုထားတဲ့အတွက် အဆမတန်ကြီးထွားလာခဲ့ရပါတယ်။



ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် ငွေကျပ် ၅ ဘီလီယံ(USD ၂ ဒသမ ၇ သန်း) ကျော် တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) များ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

**အမျိုးသားရေးတာဝန်**

မြန်မာအစိုးရအဆက်ဆက်ကတော့ လွတ်လပ်ရေးရကတည်းက ဘိန်းအပါအဝင် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းတွေကို "အမျိုးသားရေးတာဝန်" တစ်ရပ်အနေနဲ့ သတ်မှတ်ပြီး သူ့နည်းသူ့ဟန်နဲ့ တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ကြပါတယ်။ ၁၉၆၀ ပြည့်နှစ်လွန်တွေမှာ ဆောင်ရွက်ခဲ့တဲ့ ငရဲပန်းစစ်ဆင်ရေး၊ တောင်ရန်ရှင်းစစ်ဆင်ရေး၊ တောင်ထိပ်ပန်းစစ်ဆင်ရေးနဲ့ မဲလုံးစစ်ဆင်ရေးတွေက အထူးထင်ရှားပါတယ်။ ၁၉၇၆ ခုနှစ်ကနေ ၁၉၈၈ ခုနှစ်အထိဆင်နွှဲခဲ့တဲ့ မိုးဟိန်းစစ်ဆင်ရေး အဆင့် ၁ ကနေ ၁၄ အထိ ဘိန်းစစ်ဆင်ရေးကြီးတွေ ဆင်နွှဲခဲ့ကြပါတယ်။ တပ်မတော်အနေနဲ့ မိုးဟိန်းမူးယစ်ဆေးဝါးတိုက်ဖျက်မှု စစ်ဆင်ရေးပြုလုပ်ခဲ့တဲ့ ကာလအတွင်းမှာ တပ်မတော်အရာရှိ ၆၉ ဦး ကျဆုံးခဲ့ပြီး ၄၅၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်မှာလည်း ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေသစ်ကို ထုတ်ပြန်ခဲ့ပြီး ယခုအချိန်အထိ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအထူးစစ်ဆင်ရေးတွေကို ၃၄ ကြိမ် ဆောင်ရွက်ခဲ့ပြီး ရေရှည်/ရေတိုစီမံကိန်းတွေနဲ့ မဟာဗျူဟာ၊ နည်းဗျူဟာတွေ ချမှတ်ဆောင်ရွက်နေတာကို တွေ့ရပါတယ်။

**ယခု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်မှာတွေ့ရတဲ့ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့ ပူးပေါင်းပြီးဆောင်ရွက်တဲ့ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုတွေဟာလည်း စံချိန်တင်ရလောက်အောင် အားရကျေနပ်ဖွယ်ကောင်းလှပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် လတ်တလောနိုင်ငံရေးအခြေအနေတွေအရ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် ရှေ့လုပ်ငန်းစဉ် ၅ ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေသလို အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်တဲ့ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းတွေကိုလည်း အထူးအလေးထားပြီး ဆောင်ရွက်နေတာကို လစဉ်မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှုတွေက သက်သေပြလျက်ရှိပါတယ်။**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက် မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုစာရင်းများအရ ၂၀၂၁ ခုနှစ် ဇန်နဝါရီလကနေ ဒီဇင်ဘာလအထိ ဖမ်းဆီးရမိတဲ့ မူးယစ်ဆေးဝါးတွေရဲ့ တန်ဖိုးက မြန်မာငွေကျပ်သန်းပေါင်း ၉၇၀၂၈၈ ဒသမ ၉၇ (USD သန်းပေါင်း ၅၂၄ ဒသမ ၄၈) ကျော်ဖိုး ဖမ်းဆီးရမိခဲ့ပါတယ်။ ၂၀၂၂ ခုနှစ်မှာလည်း ဇန်နဝါရီလ တစ်လအတွင်းမှာ မူးယစ်ဆေးဝါး အမှုပေါင်း ၆၆၉ မှုရှိခဲ့ပြီး ဘိန်း၊ ဘိန်းဖြူ၊ အိုက်စ်နဲ့ စိတ်ကြွရူးသွပ်ဆေးပြားတွေအပါအဝင် အခြား ဆက်စပ်ပစ္စည်းနဲ့ ဓာတုပစ္စည်းပေါင်း မြန်မာငွေကျပ် ၁၁၃ ဒသမ ၉ ဘီလီယံ (USD ၆၁ ဒသမ ၅၇ သန်း) ကျော်ဖိုး ဖမ်းဆီးရမိခဲ့ပါတယ်။ ဖေဖော်ဝါရီလမှာလည်း အမှုပေါင်း ၅၅၆ မှုရှိခဲ့ပြီး မူးယစ်ဆေးဝါးပေါင်း မြန်မာငွေကျပ် ၁၃၀ ဒသမ ၅ ဘီလီယံ (USD ၇၀ ဒသမ ၅၄ သန်း) ကျော်ဖိုး ဖမ်းဆီးရမိခဲ့ပါတယ်။ မတ်လမှာလည်း အမှုပေါင်း ၆၅၅ မှုရှိခဲ့ပြီး မြန်မာငွေကျပ် ၁၁၇ ဒသမ ၃ ဘီလီယံ (USD ၆၃ ဒသမ ၄ သန်း) ကျော်ဖိုး ဖမ်းဆီးရမိခဲ့ပါတယ်။ ဧပြီလမှာလည်း အမှုပေါင်း ၅၂၅ မှုရှိခဲ့ပြီး မြန်မာငွေကျပ် ၁၇၅ ဒသမ ၁ ဘီလီယံ (USD ၉၄ ဒသမ ၆၅ သန်း) ကျော်ဖိုးရှိတဲ့မူးယစ်ဆေးဝါးတွေကို ဖမ်းဆီးရမိခဲ့ပါတယ်။

**ဘိန်းစိုက်ပျိုးမှုနဲ့ မူးယစ်ဆေးဝါးပြဿနာ**

ထူးခြားတာက ဧပြီလအတွင်းမှာပဲ လေယာဉ်ပစ်လက်နက်အပါအဝင်၊ အခြားသော လက်နက်ငယ်တွေနဲ့ ဖောက်ခွဲရေးပစ္စည်းတွေကို မြန်မာနိုင်ငံ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တချို့ဆီက ပမာဏများပြားတဲ့ ဟီရိုအင်းနဲ့ မက်သ်အဖက်တမင်းတွေနဲ့ လဲလှယ်ဖို့စီစဉ်ထားတဲ့ ယာကူဇာဂိုဏ်းခေါင်းဆောင် တစ်ဦးနဲ့ ထိုင်းလူမျိုးသုံးဦးကို အမေရိကန်နိုင်ငံမှာ ဖမ်းဆီးရမိခဲ့တယ်လို့ သိရပါတယ်။

စာမျက်နှာ ၇ သို့ ☆



ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် ငွေကျပ် ၁ ဘီလီယံ (USD သုည ဒသမ ၅၄ သန်း) ကျော်တန်ဖိုးရှိ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

> **မြန်မာအစိုးရအဆက်ဆက်ကတော့ လွတ်လပ်ရေးရကတည်းက ဘိန်းအပါအဝင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းတွေကို "အမျိုးသားရေးတာဝန်" တစ်ရပ်အနေနဲ့သတ်မှတ်ပြီး သူ့နည်းသူ့ဟန်နဲ့ တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ကြပါတယ်။ ၁၉၆၀ ပြည့်နှစ်လွန်တွေမှာ ဆောင်ရွက်ခဲ့တဲ့ ငရဲပန်းစစ်ဆင်ရေး၊ တောင်ရန်ရှင်းစစ်ဆင်ရေး၊ တောင်ထိပ်ပန်းစစ်ဆင်ရေးနဲ့ မဲလုံးစစ်ဆင်ရေးတွေက အထူးထင်ရှားပါတယ်။ ၁၉၇၆ ခုနှစ်ကနေ ၁၉၈၈ ခုနှစ်အထိဆင်နွှဲခဲ့တဲ့ မိုးဟိန်းစစ်ဆင်ရေး အဆင့် ၁ ကနေ ၁၄ အထိ ဘိန်းစစ်ဆင်ရေးကြီးတွေဆင်နွှဲခဲ့ကြ**

☆ စာမျက်နှာ ၆ မှ

ဒီအချက်ကလည်း မြန်မာနိုင်ငံမှာ တစ်သက်လုံး မူးယစ်ဆေးဝါးနဲ့ မပတ်သက်ပါဘူးလို့ ငြင်းဆိုနေတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တွေအနေနဲ့ ငြင်းလို့မရနိုင်တဲ့အထောက်အထား ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဖြစ်ပွားနေတဲ့ ဘိန်းစိုက်ပျိုးမှုနဲ့ မူးယစ်ဆေးဝါးပြဿနာတွေက ဖွံ့ဖြိုးမှုနိမ့်ကျတာအပါအဝင် လက်နက်ကိုင်အဖွဲ့အစည်း အများအပြားရှိနေတာတွေနဲ့ နက်ရှိုင်းစွာဆက်စပ်လျက်ရှိပါတယ်။

မေလအတွင်းမှာလည်း ရှမ်းပြည်နယ်ကနေ ကရင်ပြည်နယ်ကို သယ်ဆောင်လာတဲ့ မူးယစ်ဆေးဝါး အိုက်စ်(မက်သ်အဖက်တမင်း) တန်ဖိုးငွေကျပ် ၅ ဒသမ ၁၆ ဘီလီယံ (USD ၂ ဒသမ ၇၉ သန်း) တန်ဖိုးကို ကရင်ပြည်နယ် ဘားအံမြို့နယ်မှာ ဖမ်းဆီးရမိခဲ့ပါတယ်။ ရှမ်းပြည်နယ်ကနေ ရန်ကုန်တိုင်းဒေသကြီးကို သယ်ဆောင်လာတဲ့ ငွေကျပ် ၅ ဘီလီယံ (USD ၂ ဒသမ ၇ သန်း) တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားပေါင်း သိန်း ၅၀ ကို မင်္ဂလာဒုံမြို့နယ်မှာ ဖမ်းဆီးရမိခဲ့ပါတယ်။ ဒ့ါအပြင် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာမှာ ငွေကျပ် ၇၄၂၅ သန်း (USD ၄ သန်း) တန်ဖိုးရှိတဲ့ ဘိန်းဖြူအမြောက်အမြား ဖမ်းဆီးရမိခဲ့ပါတယ်။ နောင်ချိုမြို့နယ်မှာလည်း ငွေကျပ်သိန်း ၆၆၀၀ (USD ၃ ဒသမ ၅ သိန်း) တန်ဖိုးရှိ ဘိန်းဖြူ ၄၄ ကီလို ဖမ်းဆီးရမိခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်မှာ မလေးရှားနိုင်ငံကို သယ်ဆောင်မယ့် ငွေကျပ် ၆ ဒသမ ၂ ဘီလီယံ (USD ၃ ဒသမ ၃၅ သန်း) ကျော်တန်ဖိုးရှိ အိုက်စ်များ ဖမ်းဆီးရမိခဲ့ပါတယ်။ ကွန်ဟိန်းမြို့နယ်မှာလည်း ငွေကျပ်သိန်း ၅၀၀၀ ကျော် (USD ၂ ဒသမ ၇ သိန်း) တန်ဖိုးရှိ ကတ်တမင်းတွေ ဖမ်းဆီးရမိခဲ့ပြီး ဖားကန့်၊ တာချီလိတ်၊ မုဒုံ၊ ဗန်းမော်နဲ့ မြိတ်မြို့နယ်တို့မှာလည်း မူးယစ်ဆေးဝါးတွေ ဖမ်းဆီးရမိခဲ့တာရှိပါတယ်။ တစ်လလုံးစာ မြန်မာငွေကျပ် ၃၉ ဒသမ ၈ ဘီလီယံ (USD ၂၁ ဒသမ ၅ သန်း) ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးတွေ ဖမ်းဆီးရမိတာ ဖြစ်ပါတယ်။

**၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်အတွင်း မူးယစ်ဆေးဝါး ဖမ်းဆီးရရှိမှုဇယား**

| စဉ် | မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်း အမျိုးအစား | ၂၀၂၁ ခုနှစ် (ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ) | ၂၀၂၂ ခုနှစ် (ဇန်နဝါရီလမှ မေလ အထိ) |
|---|---|---|---|
| ၁ | ဘိန်း (ကီလို) | ၂၆၃၂.၀၀၉၇၅ | ၃၅၇.၁၂၄၃၉ |
| ၂ | ဘိန်းဖြူ (ကီလို) | ၂၅၂၆.၁၀၉၁၁၄၁ | ၅၅၆.၃၈၅၉၉၂ |
| ၃ | စိတ်ကြွရူးသွပ်ဆေးပြား (ပြား) | ၁၉၈၁၈၈၇၁၅ | ၁၁၆၄၆၆၉၅၂ |
| ၄ | အိုက်စ် (ကီလို) | ၁၃၈၁၅.၇၇၅၄၂ | ၁၀၂၇၁.၉၆၈၅၄ |
| ၅ | ဆေးခြောက် (ကီလို) | ၅၀၃.၇၁၅၉၆၃၁ | ၂၄၄.၅၀၆၇၆ |
| ၆ | ဘိန်းစာရွက် (ကီလို) | ၃၀၈၈.၂၁၃၁၇ | ၇၈၄.၄၆၉၉၆ |
| ၇ | ဘိန်းစာမှုန့် (ကီလို) | ၁၀၅၈.၄၈၀၅၅၁ | ၂၅၀.၆၈၀၄၈ |
| ၈ | အက်တက်စီဆေးပြား (ပြား) | ၁၄၆၄၁၄ | ၁၁၄၃၈ |
| ၉ | ဆာလဖျူရစ်အက်စစ် (လီတာ) | ၁၈၃၄၀ | ၄၆၀၀ |
| ၁၀ | အမိုနီယမ်နိုက်ထရိတ် (ကီလို) | ၇၄၄၃၄ | ၈၇၃၅၀ |
| **စုစုပေါင်း တန်ဖိုး (ကျပ်သန်း)** | | ၉၇၀၂၈၈.၉၇၁၄ | ၅၇၆၄၁၆.၆၆၅၁ |
| **စုစုပေါင်းတန်ဖိုး (USD-သန်း)** | | ၅၂၄.၄၈ | ၃၁၁.၅၈ |

**ရှင်းလင်းချက်။** စုစုပေါင်းတန်ဖိုး တွက်ချက်ရာတွင် အမေရိကန်တစ်ဒေါ်လာလျှင် မြန်မာငွေကျပ် ၁၈၅၀ နှုန်းဖြင့်တွက်ချက်ထားပြီး အခြားမူးယစ်ဆေးဝါးအငယ်များနှင့် ဆက်စပ်ပစ္စည်းများ၏ တန်ဖိုးကိုပါ ထည့်သွင်းတွက်ချက်ထားသည်။



ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်တွင် မလေးရှားနိုင်ငံသို့ ပို့ဆောင်မည့် ငွေကျပ် ၆ ဒသမ ၂ ဘီလီယံ (USD ၃ ဒသမ ၃၅ သန်း) ကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)များ ဖမ်းဆီးရမိမှု။

> ❛ လူလုပ်မူးယစ်ဆေးဝါးထုတ်လုပ်သူတွေနဲ့ ရောင်းဝယ်ဖောက်ကားသူတွေဟာ ဟိုးယခင်က ကိုလိုနီနယ်ချဲ့ဝါဒရဲ့ လွတ်လပ်စွာကုန်သွယ်ခွင့်ဆိုတဲ့ ခေါင်းစဉ်အောက်ကနေ ဘိန်းကို လွတ်လပ်စွာကုန်သွယ်ခဲ့ကြရာကနေ ယခုခေတ်မှာတော့ တိုးတက်လာတဲ့ နည်းပညာတွေကတစ်ဆင့် လူသားတွေမျိုးတုံးစေမယ့် မူးယစ်ဆေးဝါးမျိုးတွေ နယ်စည်းမခြား ထုတ်လုပ်ရောင်းချကြတဲ့ခေတ်ကို ရောက်လာပြန်ပါတယ်။ ဒီလို မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေတဲ့ဆေးဝါးတွေထုတ်လုပ်ဖို့ မျက်စိကျရာနေရာတွေက တရားဥပဒေစိုးမိုးမှု လျော့နည်းတဲ့နိုင်ငံတွေ၊ လက်နက်ကိုင်အဖွဲ့အစည်းပေါင်း သောင်းခြောက်ထောင်ရှိနေတဲ့နိုင်ငံတွေ ဖြစ်လာပါတော့တယ်။ ဒီလိုနိုင်ငံတွေက ခေတ်သစ်နယ်ချဲ့ လူမျိုးတုံးဝါဒရဲ့သားကောင်တွေများ ဖြစ်လာလေမလားလို့တောင် စဉ်းစားတွေးတောမိပါတယ် ❜

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူဆောင်ရွက်နေတဲ့ ၂၀၂၁ ခုနှစ်နဲ့ ၂၀၂၂ ခုနှစ်အတွင်း ဖမ်းဆီးရမိတဲ့ မူးယစ်ဆေးဝါးစာရင်းပေါင်းချုပ်ကို ဖော်ပြပေးလိုက်ပါတယ်။ ဒီဇယားချုပ်ကို လေ့လာကြည့်ရင် ၂၀၂၂ ခုနှစ် ငါးလအတွင်းမှာ ဖမ်းဆီးရမိတဲ့ မူးယစ်ဆေးဝါးတွေရဲ့တန်ဖိုးက ၂၀၂၁ ခုနှစ် တစ်နှစ်လုံးစာ ဖမ်းဆီးရမိတဲ့ မူးယစ်ဆေးဝါးတွေရဲ့ တန်ဖိုးရဲ့ ထက်ဝက်ကျော်ရှိနေပြီဆိုတာကို တွေ့ရပါတယ်။ ဒါက မူးယစ်ဆေးဝါးနှိမ်နင်းရေးတွေ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေတယ်ဆိုတာကို သက်သေပြလိုက်တာပါပဲ။

**ဓာတုပစ္စည်းတွေနဲ့ချက်လုပ်တဲ့ လူလုပ်မူးယစ်ဆေးဝါး**

ဒီလိုလစဉ်ဖမ်းဆီးရမိနေတဲ့ မူးယစ်ဆေးဝါးတွေကိုကြည့်ရင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေနဲ့ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေတာကို တွေ့ရပါတယ်။ ဖမ်းဆီးရမိတဲ့နေရာမှာ ဘိန်းနဲ့ ဘိန်းဖြူထက် စိတ်ကြွရူးသွပ်ဆေးပြားတွေ အမြောက်အမြား ဖမ်းဆီးရမိနေတာကို တွေ့ရပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ဘိန်းမလိုအပ်ဘဲ ဓာတုပစ္စည်းတွေနဲ့ ချက်လုပ်တဲ့ လူလုပ်မူးယစ်ဆေးဝါး (Synthetic drugs) တွေ သုံးစွဲမှု၊ ရောင်းဝယ်ဖောက်ကားမှုနဲ့ ထုတ်လုပ်မှုတွေ ပိုမိုကျယ်ပြန့်လာနေတာကို တွေ့ရပါတယ်။

လူလုပ်မူးယစ်ဆေးဝါးထုတ်လုပ်သူတွေနဲ့ ရောင်းဝယ်ဖောက်ကားသူတွေဟာ ဟိုးယခင်က ကိုလိုနီနယ်ချဲ့ဝါဒရဲ့ လွတ်လပ်စွာ ကုန်သွယ်ခွင့်ဆိုတဲ့ ခေါင်းစဉ်အောက်ကနေ ဘိန်းကို လွတ်လပ်စွာကုန်သွယ်ခဲ့ကြရာကနေ ယခုခေတ်မှာတော့ တိုးတက်လာတဲ့ နည်းပညာတွေကတစ်ဆင့် လူသားတွေ မျိုးတုံးစေမယ့် မူးယစ်ဆေးဝါးမျိုးတွေ နယ်စည်းမခြား ထုတ်လုပ်ရောင်းချကြတဲ့ခေတ်ကို ရောက်လာပြန်ပါတယ်။ ဒီလိုမူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေတဲ့ဆေးဝါးတွေ ထုတ်လုပ်ဖို့ မျက်စိကျရာနေရာတွေက တရားဥပဒေစိုးမိုးမှု လျော့နည်းတဲ့နိုင်ငံတွေ၊ လက်နက်ကိုင်အဖွဲ့အစည်းပေါင်း သောင်းခြောက်ထောင်ရှိနေတဲ့နိုင်ငံတွေ ဖြစ်လာပါတော့တယ်။ ဒီလိုနိုင်ငံတွေက ခေတ်သစ်နယ်ချဲ့ လူမျိုးတုံးဝါဒရဲ့ သားကောင်တွေများ ဖြစ်လာလေမလားလို့တောင် စဉ်းစားတွေးတောမိပါတယ်။

ဒါကြောင့် မူးယစ်ဆေးဝါးအန္တရာယ်ကို တားဆီးကာကွယ်ကြတဲ့နေရာမှာ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းတွေရဲ့ အင်အားသာမကဘဲ ပြည်သူတစ်ဦးချင်းစီရဲ့ အသိစိတ်ဓာတ်နဲ့ အင်အားကလည်း အဓိက ကျနေတာဖြစ်ပါတယ်။ မူးယစ်ဆေးဝါးဆိုတာ လူတစ်ဦးချင်း တစ်ယောက်ချင်းစီရဲ့ ဘဝကို ဖျက်ဆီးပစ်နိုင်ရုံသာမက လူ့အဖွဲ့အစည်း တစ်ခုချင်းစီ ဒါမှမဟုတ် လူသားမျိုးနွယ်ထုတစ်ခုလုံးကို ပြုတ်ပြုတ်ပြုန်းသွားစေနိုင်တဲ့အထိ အန္တရာယ်ရှိတယ်ဆိုတာကို ရင်ထဲအသည်းထဲက နားလည်သဘောပေါက်ကြဖို့ ကျယ်ကျယ်ပြန့်ပြန့် ပညာပေးရေးလုပ်ငန်းတွေ အထူးလိုအပ်နေတာဖြစ်ပါတယ်။

မြန်မာ့လူ့အဖွဲ့အစည်းအတွင်းမှာ ဖမ်းဆီးရမိခဲ့တဲ့ မူးယစ်ဆေးဝါးတွေ ပြည်သူတွေနဲ့ လူငယ်တွေကြားကို ရောက်မသွားလို့ သက်ဆိုင်ရာလုံခြုံရေး အဖွဲ့အစည်းတွေကို အထူးကျေးဇူးတင်ထိုက်ပါတယ်။ ဆက်လက်ပြီး မိမိရဲ့နိုင်ငံနဲ့ လူမျိုးကို ထိခိုက်ပျက်စီးစေမယ့် မူးယစ်ဆေးဝါးအန္တရာယ်ကို မိဘပြည်သူ တစ်ဦးချင်းစီကပါ အသိစိတ်ဓာတ်ရှိရှိနဲ့ ဝိုင်းဝန်းကာကွယ်တားဆီးကြပါစို့လို့ တိုက်တွန်းရင်း နိဂုံးချုပ်လိုက်ရပါတယ်။ ။

## ပန်းတနော်၌ ၂၀၂၂ ခုနှစ် မိုးရာသီ တိရစ္ဆာန်အစာ နေပီယာမြက်သရုပ်ပြ စိုက်ပျိုး

ပန်းတနော် ဇွန် ၂၈

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ၂၀၂၂ ခုနှစ် မိုးရာသီ တိရစ္ဆာန်အစာပင်စိုက်ပျိုးခြင်း ရက်သတ္တပတ် အစီအစဉ်အရ နေပီယာမြက်စိုက်ပျိုးခြင်းကို ဇွန် ၂၈ ရက် နံနက် ၉ နာရီက ဆယ့်နှစ်ရွာကျေးရွာ တောင်သူဦးသန်းထိုက်အောင်၏ သရုပ်ပြစိုက်ခင်း လယ်မြေ သုည ဒသမ ၆ ဧက၌ ကျင်းပသည်။

တောင်သူများအနေဖြင့် တိရစ္ဆာန်အစာပင်များ စိုက်ပျိုးခြင်းဖြင့် အစာရှားပါးမှုပြဿနာများ လျော့နည်းသွားမည်ဖြစ်ကြောင်း၊ အစာရှားပါးချိန်တွင် အစာအာဟာရဖူလုံစွာ ရရှိစေရန်၊အာဟာရတန်ဖိုး ပိုမိုမြင့်မားသော အစာပင်များ စိုက်ပျိုးကျွေးမွေးခြင်းဖြင့် ကျွဲ၊ နွား စသည့်တိရစ္ဆာန်များတွင် ရောဂါဒဏ်ခံနိုင်ခြင်းနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ စိုက်ပျိုးရခြင်းဖြစ်ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာအောင်သိန်းမြင့်က အသိပညာပေး ဆွေးနွေးပြောကြားသည်။

အဆိုပါ နေပီယာမြက်သရုပ်ပြစိုက်ပျိုးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းဗိုလ်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒေသခံတောင်သူများက နေပီယာမြက်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ပြည့်ဖြိုးကျော်(ပြန်/ ဆက်)**

## လူကုန်ကူးခံရသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းဖွင့်

**နေပြည်တော် ဇွန် ၂၈**

လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော် ပြန်လည်ထူထောင်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။






သင်တန်းဖွင့်ပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က လူမှု ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် လူကုန်ကူးခံရသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းလည်း ပါဝင်ပါကြောင်း၊ မြန်မာ- ထိုင်း နှစ်နိုင်ငံအကြား လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြန်လည်လွှဲပြောင်းလက်ခံရေးလုပ်ငန်းစဉ်များကို စနစ်တကျ လျင်မြန်စွာဆောင်ရွက်နိုင်စေရန်အတွက် "မြန်မာ-ထိုင်း ဖြစ်ရပ်စီမံခန့်ခွဲခြင်းနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းခြင်းဆိုင်ရာ နှစ်နိုင်ငံ စံလုပ်ငန်းအစီအစဉ်" ကိုလည်း ရေးဆွဲအတည်ပြုထားရှိပြီး ဖြစ်ကြောင်း၊ ဝန်ဆောင်မှုပေးနေသူများအနေဖြင့် လုပ်ငန်းလမ်းညွှန်နှင့် စံလုပ်ငန်းအစီအစဉ်များကို လေ့လာသိရှိထားပြီး လက်တွေ့လုပ်ငန်းခွင်တွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်းဖြင့် လူကုန်ကူးခံရသူများ၏ လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းမှ ရရှိခဲ့သောဗဟုသုတများနှင့် နည်းပညာများကို ထိထိရောက်ရောက် ပြန်လည်အသုံးချကြစေလိုကြောင်း ပြောကြားသည်။

သင်တန်းတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့မှ သက်ဆိုင်ရာဘာသာရပ်အလိုက် ကျွမ်းကျင်သူများက သင်တန်းနည်းပြများအဖြစ် ဆောင်ရွက်မည်ဖြစ်သည်။ သင်တန်းသို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၈ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဇွန် ၂၈ ရက်မှ ဇူလိုင် ၂ ရက်အထိ ငါးရက်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ညောင်နှစ်ပင်အမျိုးသားညီလာခံ ပြည်ထောင်စုခန်းမကြီးပြင်ဆင်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၂၈**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ညောင်နှစ်ပင်ကျေးရွာ အနီးရှိ အမျိုးသားညီလာခံ ပြည်ထောင်စုခန်းမကြီး ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။



**ကြည့်ရှုစစ်ဆေး**

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသားညီလာခံ ပြည်ထောင်စုခန်းမကြီး မုခ်ဦးဆောင်အဝင် လှေကားကြမ်းခင်းနှင့် ခန်းမဆောင်အဝင် လှေကားများ အစားထိုးလဲလှယ်ပြီးစီးမှု၊ ပြည်ထောင်စုခန်းမကြီး မျက်နှာကြက်များ အသစ်လဲလှယ်ပြီးစီးမှု၊ ဧည့်ခန်းဆောင်၊ အနော်ရထာဆောင်၊ ထမင်းစားဆောင်၊ ပုဂံဆောင်၊ ဆွေးနွေးပွဲခန်းမ (၁/၂/၃)၊ စာသင်ဆောင်၊ ကွန်ပျူတာဆောင်များ ပြုပြင်ပြီးစီးမှု၊ သန့်စင်ခန်းများ အသုံးပြုနိုင်ရေးအတွက် ပြင်ပရေရရှိရေး လုပ်ငန်း၊ ပိုက်လိုင်းများ သွယ်တန်းတပ်ဆင်ခြင်း လုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး၊ သတ်မှတ်ချိန် လုပ်ငန်းပြီးစီးရေး၊ လက်ရာ သေသပ်ကောင်းမွန်ရေးတို့ကို အလေးထားဆောင်ရွက်ရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် (ရန်ကုန်-နေပြည်တော်) လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ကာ မိုင် (၂၀၄/၀) နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏခရိုင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအဝင်လမ်း လမ်းအူကြောင်း ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ လမ်းအူကြောင်းကို ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးမှ ဝင်ရောက်မည့် လမ်းကွေ့နေရာ၊ နေပြည်တော် မြို့ပတ်လမ်းမှ ဝင်ရောက်မည့် လမ်းကွေ့နေရာများ သတ်မှတ်ဒီဇိုင်း ပုံစံအတိုင်း ဆောင်ရွက်မှု ရှိ/မရှိ၊ လမ်းလယ်ကျွန်းများ သတ်မှတ်ချက်အတိုင်း ဆောင်ရွက်မှု ရှိ/မရှိနှင့် ဆောင်ရွက်ရန်ကျန်လုပ်ငန်းများကို သတ်မှတ်ချိန် ပြီးစီးရေး၊ စံချိန် စံညွှန်းပြည့်မီရေး အလေးထား ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြေမြှုပ်မိုင်း တားဆီးပိတ်ပင်ရေးစာချုပ် Anti-Personal Mine Ban Convention ၏ ၂၀၂၂ ခုနှစ် Intersessional Meeting သို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် ဇွန် ၂၈**

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ဇွန် ၂၀ ရက်မှ ၂၂ ရက်အထိ ကျင်းပသည့် မြေမြှုပ်မိုင်း တားဆီးပိတ်ပင်ရေးစာချုပ်(APMBC)၏ ၂၀၂၂ ခုနှစ် Intersessional Meeting သို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုး ဦးဆောင်သည့် မြန်မာ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။




အစည်းအဝေး၌ APMBC တွင် ပါဝင်သည့် မိုင်းထိခိုက်ဒဏ်ရာရသူများကို ထောက်ပံ့ခြင်း၊ Oslo Action Plan အား အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ Making Every Effort Count: Towards a Successful 2025 ၊ Fostering Cooperation for Rehabilitation တို့ကို ဆွေးနွေးခြင်းနှင့် မိုင်းရှင်းလင်းရေးအပါအဝင် APMBC အား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အရေးကြီးသည့် အကြောင်းအရာများ စသည်တို့ကို ဆွေးနွေးခဲ့ကြသည်။

ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုး ဦးဆောင်သည့် မြန်မာ ကိုယ်စားလှယ်အဖွဲ့အနေဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိုင်းလုပ်ငန်းစဉ် (၅)ရပ်အနက် မိုင်းအန္တရာယ် အသိပညာပေးခြင်း၊ တိုက်တွန်းနှိုးဆော်ခြင်းနှင့် မိုင်းထိခိုက်ဒဏ်ရာရသူများ ကူညီထောက်ပံ့ခြင်းစသည့် လုပ်ငန်းစဉ်(၃)ရပ်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိုင်းအန္တရာယ် အသိပညာပေးလုပ်ငန်းအဖွဲ့ကို နေပြည်တော်အပါအဝင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်တို့တွင် ဖွဲ့စည်း၍ ပုံမှန်ညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ခုနှစ်ဘဏ္ဍာနှစ်မှစတင်၍ မိုင်းအန္တရာယ်ကြောင့် ထိခိုက်ဒဏ်ရာရသူ တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းနှုန်းဖြင့် ထောက်ပံ့ပေးခဲ့ရာ ၆၉၄ ဦး အတွက် စုစုပေါင်းငွေကျပ် ၁၃၈၈ သိန်း ထောက်ပံ့ပြီးဖြစ်ပါကြောင်း၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် အာဆီယံဒေသတွင်း မိုင်းရှင်းလင်းရေးဗဟိုဌာန (ARMAC) တို့ ပူးပေါင်း၍ မိုင်းကြောင့် ထိခိုက်ဒဏ်ရာရရှိသူများ ကူညီထောက်ပံ့ရေးကွန်ရက် တည်ထောင်ခြင်းဆိုင်ရာ အမျိုးသားအဆင့်ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၇ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ဆက်လက်၍ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (UNCRPD) အရ မသန်စွမ်းသူများ၏ အခွင့်အရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးသည်။

အဆိုပါ အစည်းအဝေးသို့ တက်ရောက်ခြင်းဖြင့် Anti-Personal Mine Ban Convention ကို အကောင်အထည် ဖော်ရာတွင် လက်ရှိ ဖြစ်ပေါ်တိုးတက်မှုနှင့် ရှုထောင့်အမြင်တို့ကို သိရှိနိုင်ခြင်း၊ ကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံများ ဆောင်ရွက်လျက်ရှိသည့် မိုင်းထိပြည်သူများကို ကူညီထောက်ပံ့ခြင်းဆိုင်ရာ လုပ်ငန်းအစီအစဉ်တို့ကို လေ့လာသိရှိနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မှော်ဘီမြို့နယ်၌ အခြေခံမော်တာစက်ချုပ် သင်တန်းဆင်းပွဲ ကျင်းပ

**မှော်ဘီ ဇွန် ၂၈**

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများနှင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ အခြေခံမော်တာစက်ချုပ်သင်တန်းကို အောက်ဝါးနက်ချောင်းကျေးရွာအုပ်စု အင်းတန်ကျေးရွာတွင် ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ယနေ့နံနက်ပိုင်းက အခြေခံမော်တာစက်ချုပ်သင်တန်းဆင်းပွဲကို အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းဆင်းပွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဘသိန်းက သင်တန်းဆင်းအမှာစကား ပြောကြားကာ မြို့နယ်ဦးစီးမှူး ဦးတင်စိုးနှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းကိုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ သင်တန်းကို မေ ၃၀ ရက်မှ ဇွန် ၂၈ ရက်အထိ တစ်လကြာ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသို့ ကျေးရွာနေပြည်သူ ၂၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**



# ပုသိမ်မြို့၌ လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူများ သင်တန်းဖွင့်လှစ်



**ပုသိမ် ဇွန် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူများသင်တန်း (၂/၂၀၂၂) ဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီခွဲက ဧရာရွှေဝါခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က စိုက်ခင်းများတွင် ပိုးမွှားများ ကျရောက်လာပါက နှိမ်နင်းနိုင်ရန် ပိုးသတ်ဆေးများ အသုံးပြုကြရာတွင် ပိုးသတ်ဆေးဥပဒေအတိုင်း လိုက်နာဆောင်ရွက်စေရန်၊ ပိုးသတ်ဆေးနှင့် ပိုးသတ်ဆေး ဓာတ်ကြွင်းအန္တရာယ်ကို သိရှိနားလည်ပြီး စနစ်တကျ ကိုင်တွယ် သုံးစွဲတတ်စေရန်၊ ဘက်စုံသီးနှံ ကာကွယ်ရေး လုပ်ငန်းစဉ်တွင် ဓာတုနည်းဖြင့် ကာကွယ်နှိမ်နင်းခြင်းကိုထိရောက်အောင်မြင်စေရန်နှင့် သဘာဝပတ်ဝန်းကျင်မပျက် ရေရှည်စိုက်ပျိုး ထုတ်လုပ်နိုင်ရေး ရည်ရွယ်၍ ယနေ့သင်တန်းကို ဖွင့်လှစ်ရခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစိန်မောင်မြင့်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေး(ရုံးချုပ်)မှ လက်ထောက်ညွှန်ကြားရေးမှူး သင်တန်းမှူးဆရာမ ဒေါ်ဆိုင်းရော်က သင်တန်းစည်းကမ်းများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သင်တန်းပို့ချနေမှုကို ကြည့်ရှုအားပေးသည်။ အဆိုပါသင်တန်းကို ဇွန် ၂၈ ရက်မှ ၃၀ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသားသင်တန်းသူ ၂၅၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ငပုတောမြို့နယ်၌ မိုးရာသီ ကောက်စိုက်စက်ဖြင့် စံပြကွက်စိုက်ပျိုးခြင်း သရုပ်ပြ

**ငပုတော ဇွန် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် သက္ကယ်ချောင်းကျေးရွာအုပ်စု သက္ကယ်ချောင်းကျေးရွာ၌ အမှတ်(၅၁) စက်မှုလယ်ယာစခန်း ပုသိမ်မြို့မှ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးသရုပ်ပြပွဲကို ယနေ့နံနက်



၉ နာရီတွင် ဦးအေးငွေ၏ လယ်မြေတွင် သရုပ်ပြစိုက်ပျိုးကြသည်။

သရုပ်ပြစိုက်ပျိုးပွဲတွင် အမှတ်(၅၁) စက်မှုလယ်ယာစခန်း ပုသိမ်မြို့မှ မြို့နယ်ဦးစီးဌာနမှူး ဦးလှဝင်းခိုင်က ကူဘိုတာ ခြောက်တန်းသွား ကောက်စိုက်စက်ဖြင့် စိုက်ပျိုးရာတွင် ပျိုးထောင်ရလွယ်ကူခြင်း၊ မျိုးစေ့ကုန်ကျမှုနည်းပါးခြင်း၊ ပျိုးပင်များ နုတ်ယူရန်မလိုခြင်း၊ ပျိုးပင်မနာသဖြင့် ကောက်ပင်လှန်းရက် စောင့်ဆိုင်းရန်မလိုခြင်း၊ ကောက်ပင်များ နေ၊ ရေ၊ လေ၊ အာဟာရမျှတစွာစားသုံးရခြင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးထားသော စပါးခင်းကို ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် အလွယ်တကူ ရိတ်သိမ်းနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တောင်သူ ဦးအေးငွေ၏ လယ်မြေ နှစ်ဧကတွင် ပေါ်ဆန်းယဉ်စပါးကို ကောက်စိုက်စက်ဖြင့် စိုက်ပျိုးသရုပ်ပြခဲ့သည်။ အဆိုပါမိုးစပါး ကောက်စိုက်စက်ဖြင့် စပါးစံပြကွက် စိုက်ပျိုးပွဲသို့ စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးမိုးကျော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ၊ အဖွဲ့ဝင်(၁)ဗိုလ်မှူးဖြိုးသူရကျော်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ကျော်ဝင်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

# ငရုတ်စိုက်ခင်းများကို စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်လုပ်ဆောင်မည်



**မန္တလေး ဇွန် ၂၈**

ငရုတ်စိုက်ပျိုးကြသည့်စိုက်ခင်းများကို စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ စနစ်ဖြင့် စိုက်ပျိုးနိုင်ရန် လုပ်ဆောင်မည်ဖြစ်ကြောင်း ငရုတ်သီးဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဥမ္မာကျော်ထံမှ သိရသည်။

လက်ရှိ တိုင်းဒေသကြီး၊ ပြည်နယ်တို့တွင် ငရုတ်စိုက်ပျိုးကြသည့် တောင်သူများအနေဖြင့် ငရုတ်စိုက်ခင်းများကို မိရိုးဖလာစိုက်ပျိုးသည့်စနစ်ဖြင့် အများဆုံးစိုက်ပျိုးလျက်ရှိပြီး စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများစနစ်ဖြင့် ပြောင်းလဲစိုက်ပျိုးနိုင်ရန်အတွက် အသိပညာပေးမှုများနှင့် သင်တန်းများ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"လက်ရှိမှာ ရိုးရိုးစိုက်တဲ့ ငရုတ်သီးနဲ့ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများစနစ်နဲ့စိုက်တဲ့ ငရုတ်သီးက ဈေးကွက်မှာ ဈေးအတူတူ ဖြစ်နေတဲ့အတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများစနစ်နဲ့ စိုက်ပျိုးဖို့ကို စိတ်ဝင်စားမှု နည်းနေတာဖြစ်ပါတယ်။ ဒါကြောင့် တောင်သူတွေ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများစနစ်နဲ့ စိုက်ပျိုးဖို့အတွက် ပညာရှင်တွေနဲ့ ပူးပေါင်းဆောင်ရွက်မှာ ဖြစ်ပါတယ်။ တောင်သူတွေကို ဘာဖြစ်လို့ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများသင်တန်းတွေ ပေးဖို့လိုလဲဆိုရင် ပြည်ပနိုင်ငံတွေကို ပို့တဲ့အခါမှာ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ အသိမှတ်ပြု လက်မှတ်မရှိရင် တင်ပို့ဖို့ အခက်အခဲတွေ ရှိလာတယ်" ဟု ၎င်းကရှင်းပြသည်။

အရည်အသွေး ပြည့်မီသည့် ငရုတ်သီးများ တင်ပို့နိုင်ရန်အတွက် ငရုတ်စိုက်တောင်သူများ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ အသိမှတ်ပြုလက်မှတ်ရရှိရန်အတွက် သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာနသို့ လျှောက်ထားကြရန် တောင်သူများအား အသိပညာပေးမှုများ ဆောင်ရွက်ထားကြောင်း သိရသည်။ **မောင်အေးချမ်း**

ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ တမံသဘော ရေထိန်းတော။

## ကူညီဖို့အသင့်

- ဦးကြီးတို့ရေ၊ အားငယ်နေလား
  လယ်ယာများအတွက်
  ထွန်စက် ထောက်ပံ့ပေးထားတယ်..။
- မျိုးစပါးလည်း
  လေးထားသမှု၊ သွင်းအားစုမို့
  ခြေပြု ပြင်ဆင်ပေးထားတယ်..။
- သီးနှံဖွံ့ဖြိုး၊ အထွက်တိုးဖို့
  ကြိုးစားတီထွင်၊ စီစဉ်ကြံဆ
  သမဝါယမက
  သဘာဝလာ၊ မြေသြဇာလည်း
  များစွာထုတ်လုပ်ရောင်းချမယ်...။
- ထွန်ရေးညက်ညက်၊ ခက်လက်ဝေဆာ
  ချိန်ခါအမီ၊ ကူညီဆောင်ပို့
  ရိတ်သိမ်းဖို့တွက်၊ မခက်ရအောင်
  ဝန်ဆောင်လမ်းပြ၊ လုပ်ပေးမယ်။
- ဦးကြီးတို့ရေ၊ စိတ်ညစ်နေလား
  မြေကြီးရွှေသီး၊ ခိုင်ဖြီးရိတ်သိမ်း
  မတိမ်းမစောင်း၊ ဈေးကောင်းရရေး
  ချင့်တွေးချိတ်ဆက်၊ မပျက်လှုပ်ရှား
  ကုန်သည်များလည်း
  အားပြည့်အင်ပြည့် ရံထားတယ်။
- ဦးကြီးတို့ရေ၊ စိတ်ပျက်နေလား.....
  ကျွဲနွားကျန်းမာ၊ ဓာတ်စာအာဟာရ
  မျှတဖို့ရေး၊ ချင့်တွေးထပ်လောင်း
  ပြောင်းချဉ်ဖတ်များ ထုတ်လုပ်ထားတယ်။
- ဦးကြီးတို့ရေ၊ ရင်မောနေလား
  သမီးသားရှေ့ရေး၊ ပညာရေးတွက်
  စာရင်းကိုင်ပညာ ကွန်ပျူတာဟု
  ပညာထွတ်ထိပ်၊ ကောလိပ်တက္ကသိုလ်
  ကိုယ်စီဘွဲ့များ၊ ဂုဏ်မြင့်မားဖို့
  ထူးခြားထင်လင်း၊ စာရင်းကိုင်ပညာ
  ကျောင်းမဟာက
  ပါရမီဖြည့်ကာ ကူညီမယ်..။
- ဦးကြီးတို့ရေ...
  ရွှေရောင်တင့်လျှမ်း အနာဂတ်လမ်းတွက်
  ကြိုးပမ်းလို့လ၊ အစစမှာ
  သမ-ခွန်အား၊ အသင်းသားများကို
  အားစိုက်ခွန်စိုက် ကူညီမယ်...။
  ကျေးလက်အနာဂတ် လှစေဖွယ်...။

ခိုင်(COOP–EDU)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၆-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၁၀ | ၂၂၅၅ | ၂၂၅၀ | ၂၂၁၅ | ၂၂၅၅ | ၂၂၇၅ | ၂၂၆၀ | ၂၂၄၀ | ၂၃၃၅ | ၂၃၅၀ | ၂၂၄၅ | ၂၂၅၅ | ၂၂၈၀ | ၂၂၈၀ | ၂၂၈၅ | ၂၅၁၀ | ၂၇၇၅ |
| 95 Ron | ၂၃၁၀ | ၂၃၅၅ | ၂၃၅၅ | ၂၃၁၅ | ၂၃၅၅ | ၂၃၇၅ | ၂၃၆၀ | ၂၃၄၀ | ၂၄၃၅ | ၂၄၅၀ | ၂၃၄၅ | ၂၃၆၀ | ၂၃၈၀ | ၂၃၈၀ | ၂၃၈၅ | ၂၆၁၀ | ၂၈၃၀ |
| HSD (500 ppm) | ၂၅၆၅ | ၂၆၁၀ | ၂၆၀၅ | ၂၅၇၀ | ၂၆၁၀ | ၂၆၃၀ | ၂၆၂၅ | ၂၅၉၅ | ၂၇၁၀ | ၂၇၀၅ | ၂၆၀၀ | ၂၆၁၀ | ၂၆၄၅ | ၂၆၄၅ | ၂၆၅၀ | ၂၈၆၅ | ၃၀၃၀ |
| HSD (50 ppm) | ၂၅၉၀ | ၂၆၄၀ | ၂၆၃၅ | ၂၆၀၀ | ၂၆၃၅ | ၂၆၆၀ | ၂၆၅၅ | ၂၆၂၅ | ၂၇၃၅ | ၂၇၃၀ | ၂၆၃၀ | ၂၆၄၀ | ၂၆၇၅ | ၂၆၇၅ | ၂၆၇၅ | ၂၈၉၅ | ၃၀၆၀ |
| HSD (10 ppm) | ၂၅၉၀ | ၂၆၄၀ | ၂၆၃၅ | ၂၆၀၀ | ၂၆၃၅ | ၂၆၆၀ | ၂၆၅၅ | ၂၆၂၅ | ၂၇၃၅ | ၂၇၃၀ | ၂၆၃၀ | ၂၆၄၀ | ၂၆၇၅ | ၂၆၇၅ | ၂၆၇၅ | ၂၈၉၅ | ၃၀၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၀၄ | ၂၁၇၉ |
| 95 Ron | ၂၂၀၁ | ၂၂၇၈ |
| HSD (500 ppm) | ၂၄၄၈ | ၂၅၂၇ |
| HSD (50 ppm) | ၂၄၇၆ | ၂၅၅၅ |
| HSD (10 ppm) | ၂၄၇၆ | ၂၅၅၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ငါးဖမ်းလုပ်သားများ အခြေခံလုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းဖွင့်

**ပေါက်တော ဇွန် ၂၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပေါက်တောမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် ပင်လယ်ပြင် ငါးဖမ်းရေလုပ်သားများအတွက် အခြေခံလုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းကို ယနေ့နံနက် ၁၀ နာရီက အဆိုပါရုံးအစည်းအဝေးခန်းမ၌ ဖွင့်လှစ်ကြောင်း သိရသည်။



**ထိခိုက်မှုနည်းပါးစေရန်**

ရှေးဦးစွာ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှတာဝန်ခံ ဦးမောင်တင်က ပင်လယ်ပြင် ငါးဖမ်းရေလုပ်သားများ ပင်လယ်ပြင်ခရီးဆိုင်ရာ အသက်ဘေးအန္တရာယ် ကင်းရှင်းစေရေး၊ ငါးဖမ်းစက်ကိရိယာဆိုင်ရာ ကိစ္စရပ်များ၊ ရေလုပ်သားများ၏ ကျန်းမာရေး စောင့်ရှောက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ရေသယံဇာတထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ ငါးလုပ်ငန်းနှင့် ပတ်သက်သည့် သိမှတ်ဖွယ်ရာများ၊ ဘေးအန္တရာယ် ကျရောက်ဖြစ်ပေါ်လာပါက ထိခိုက်မှုနည်းပါးစေရန် နည်းလမ်းများ စသည်တို့ကို ဆွေးနွေးပြောကြားသည်။

ဆက်လက်ပြီး မြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ဆေးဘူးအသုံးပြုမှုများအား လည်းကောင်း၊ မြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှ ရှေးဦးပြုစု လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ဆွေးနွေးကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကိုယ့်ဘဝကို ကိုယ်ကိုယ်တိုင် ကုစားကြသူများ စာအုပ်ဖြန့်ချိ

**နေပြည်တော် ဇွန် ၂၈**

ဒေါက်တာခင်စန်းမော် စုစည်းဖော်ပြထားသည့် ကိုယ့်ဘဝကို ကိုယ်ကိုယ်တိုင် ကုစားကြသူများ စာအုပ်ထွက်ရှိလာသည်။

ဤစာအုပ်တွင် ဆရာမကြီး လူဝီးအယ်ဟေး (Louise L.Hay) နှင့် ထိတွေ့ခဲ့ရသောကြောင့် ဘဝကို အကောင်းဘက်သို့ ပြောင်းလဲခဲ့ကြသည့် ကမ္ဘာတစ်ဝန်းက လူများ၏ ထူးထူးခြားခြား ပြောင်းလဲတိုးတက်မှုများ၊ အံ့သြဖွယ်ဖြစ်ရပ်များအပြင် ဘဝကို မြင့်မားတိုးတက်စေမည့် လေ့ကျင့်ခန်းများ၊ အခိုင်အမာပြောဆိုချက်များကို စုစည်းတင်ဆက်ထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို Wisdom House စာအုပ်တိုက် လက်ဝဲမင်းဒင်လမ်း မေတ္တာညွှန့်ရပ်ကွက် တာမွေမြို့နယ် ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၈၀၀၀ ဖြင့် ထုတ်ဝေဖြန့်ချိထားသည်။

ကြေးမုံ






## ပဲခူးတိုင်းဒေသကြီးအတွင်း မြစိမ်းရောင်စီမံကိန်းကျေးရွာများရှိ ကော်မတီဝင်များနှင့် တွေ့ဆုံ

**ပဲခူး ဇွန် ၂၈**

ပဲခူးမြို့နယ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကျေးရွာဖြစ်သည့် ကျွဲဖီလာကျေးရွာသို့ တိုင်းဒေသကြီးဦးစီးမှူးသည် ပဲခူးခရိုင် ဦးစီးမှူး၊ ဝန်ထမ်းများနှင့်အတူ ကွင်းဆင်းသွားရောက်ခဲ့ပြီး စီမံကိန်းကော်မတီဝင်များနှင့်တွေ့ဆုံကာ ချေးငွေလည်ပတ်မှုလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

ထို့နောက် တိုင်းဦးစီးမှူးနှင့်အဖွဲ့သည် ကဝမြို့နယ်ရုံးသို့ သွားရောက်ကာ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ရုံးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။ ဆက်လက်၍ မြစိမ်းရောင်စီမံကိန်းကျေးရွာဖြစ်သည့် ဘန်ဒါ(ကွက်သစ်)ကျေးရွာတွင် ကော်မတီဝင်များ၊ ကျေးရွာသူကျေးရွာသားများနှင့်တွေ့ဆုံကာ စီမံကိန်းဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် အချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် သနပ်ပင်မြို့နယ်ရုံးတွင် ဝန်ထမ်းများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်စီမံကိန်းကျေးရွာများဖြစ်သည့် ထပ်ခနိမ်ကျေးရွာ၊ အနီးကိုက်ကျေးရွာ၊ ကမာဖရုံကျေးရွာနှင့် ဖရဲခေတ်မီစံပြကျေးရွာများသို့သွားရောက်၍ ကျေးရွာသူ ကျေးရွာသားများ၊ စီမံကိန်းကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးသည်။ ဆက်လက်၍ ကမာဖရုံကျေးရွာမှ မြစိမ်းရောင်အတိုးရငွေဖြင့် ဆောင်ရွက်လိုသည့် ကျေးရွာတွင်းလမ်းအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

၂၂၂

## ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြု လက်မှတ် အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေ ထွက်ရှိသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ်များအား ၅ နှစ်သက်တမ်း ခွင့်ပြုပေးခဲ့ပါသည်။

အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၁ အရ သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေကျပ် တစ်သောင်း ပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း ၀၁-၅၄၁၄၁၃၊ ၀၁-၅၄၄၅၈၂၊ ၀၁-၅၄၄၅၈၃၊ iprd.crd.ygn@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စာအုပ်စာစောင်များပေးအပ်ရန် အသိပေးကြေညာခြင်း

၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ပုံနှိပ်သူ၊ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၆ အုပ် သို့မဟုတ် ၆ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ် ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါစာအုပ်စာစောင်များကို အမျိုးသားစာကြည့်တိုက်၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနနှင့် အမျိုးသားစာပေဆုရွေးချယ်ရေးကော်မတီများသို့ ခွဲဝေပေးပို့လျက်ရှိပါသည်။ ထို့အပြင် ပေးပို့လာသော ထုတ်ဝေစာများကို ပြက္ခဒိန်နှစ်အလိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း ထုတ်ဝေသော စာအုပ်စာတမ်းများ စာရင်းတွင်လည်း ရေးသွင်းထားပြီး နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

သို့ပါ၍ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ(က)ပါ ပြဋ္ဌာန်းချက်များအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၆ အုပ် သို့မဟုတ် ၆ စောင်ကို ဖြန့်ချိသည့်နေ့ရက်မှစ၍ ၇ ရက်အတွင်း ပုံနှိပ်သူထံ ပေးအပ်ပြီး ပုံနှိပ်သူသည် ၁၄ ရက်အတွင်း ပုံစံ ၁၁ ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ မပျက်မကွက် ပေးအပ်ကြပါရန် အသိပေး ကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံးသို့ အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဇွန် ၂၈**

မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံးမှ လာမည့်ဇူလိုင်လအတွင်း ကြီးမှူးကျင်းပမည့် သက်ကြီး ဟာသပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီခွဲက မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီရုံးခန်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူ-မောင်နိုင်မိုး)နှင့် ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးမှ ဦးဒိန်းဒေါင်နှင့် အစည်းအရုံး အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဦးအုန်းမောင်(မြင်းမူ-မောင်နိုင်မိုး)က လှူဒါန်းရခြင်းအကြောင်းရင်းကို ရှင်းလင်းပြောကြားကာ အလှူငွေကျပ်ငါးသိန်း လှူဒါန်းရာ အစည်းအရုံးဥက္ကဋ္ဌ ဦးဒိန်းဒေါင်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




## မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ စားပွဲတင်တင်းနစ် တစ်ဦးချင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**မန္တလေး ဇွန် ၂၈**

မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ(အမျိုးသား၊ အမျိုးသမီး)စားပွဲတင် တင်းနစ် တစ်ဦးချင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၂၇ ရက် နံနက် ၁၀ နာရီတွင် သီရိရတနာခန်းမ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲနှင့် အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရာ အမျိုးသား တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရရှိသူကို ပါမောက္ခချုပ် ဒေါက်တာတင့်တင့်က လည်းကောင်း၊ ဒုတိယဆုရရှိသူကို ဒုတိယပါမောက္ခချုပ် ဒေါက်တာကြည်ကြည်မိုးက လည်းကောင်း၊ တတိယဆုရရှိသူကို ဦးအောင်ဆန်း(ဌာနမှူး၊ စီမံ/ဘဏ္ဍာဌာန)က လည်းကောင်း၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရရှိသူကို ဒုတိယပါမောက္ခချုပ်ဒေါက်တာအေးသက်သက်ဝင်းက လည်းကောင်း၊ ဒုတိယဆုရရှိသူကို ဒေါက်တာခင်နှင်းရီ(ပါမောက္ခ/ဌာနမှူး၊ တရုတ်ဘာသာဌာန၊ အားကစားနှင့် ကာယပညာကော်မတီ၊ ဥက္ကဋ္ဌ)က လည်းကောင်း၊ တတိယဆုရရှိသူကို ဒေါ်မာမာအေး(ဌာနမှူး) သင်တန်းရေးရာဌာနက လည်းကောင်း ဆုများပေးအပ်ကြသည်။



၂၂၂

## အုတ်တွင်းမြို့နယ် ဇီးဖြူသောင်ကျေးရွာ၌ မိုးစပါး ကောက်စိုက်စက်ဖြင့် သရုပ်ပြ စိုက်ပျိုးခြင်း အခမ်းအနားကျင်းပ

**အုတ်တွင်း ဇွန် ၂၈**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် စက်မှုလယ်ယာဦးစီးဌာနက ဒေသခံတောင်သူများ စိုက်ပျိုးချိန်တွင် လုပ်သားရှားပါးမှုအခက်အခဲများ မဖြစ်ပေါ်စေရေးအတွက် ဇီးဖြူသောင်ကျေးရွာ၌ တောင်သူ ဦးမင်းယုချို၏ ကွင်းအမှတ်(၃၈၆/ခ)လယ်မြေတွင် ကောက်စိုက်စက်ဖြင့် တောင်သူများ လက်တွေ့သရုပ်ပြမောင်းနှင်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသိန်းလွင်ဦးက ကောက်စိုက်စက်ဖြင့် စိုက်ပျိုးရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများကို တောင်သူများအား ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဆန်းနိုင်က ဒေသခံတောင်သူများ စိုက်ပျိုးချိန်တွင် လုပ်သားရှားပါးမှုအခက်အခဲများမဖြစ်ပေါ်စေရေးအတွက် ဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ ကောက်စိုက်စက်ဖြင့်စိုက်ပျိုးပေးနိုင်ကြောင်းနှင့် တောင်သူအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းလှိုင်၊ ခရိုင်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးသိန်းလွင်ဦး၊ ခရိုင်ဆည်မြောင်းဦးစီးဌာန ခရိုင်တည်ဆောက်ရေးဦးစီးမှူး ဦးအောင်ကိုကိုထွန်း၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးယဉ်လွန်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှင်းဆီကျေးရွာ ဂျာနယ် ထွက်ရှိ



၁-၇-၂၀၂၂ ရက်နေ့ထုတ် အတွဲ(၁၉)၊ အမှတ်(၁၃)တွင်
- စပါးအထွက်နှုန်းကောင်းစေရေးနှင့် စပါးတွင်ကျရောက်တတ်သော ရောဂါများအကြောင်း
- ဒေသနှင့်သင့်လျော်မည့် သရက်မျိုးရွေးချယ်၍ တိုးချဲ့စိုက်ပျိုးကြပါစို့
- သဘာဝမြေသြဇာကို ဘယ်လိုအသုံးချကြမလဲ
- စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်နိုင်သော အစေ့ထုတ်ပြောင်း
- ကျွဲနွား ခွာနာလျှာနာရောဂါနှင့် ဆေးမြီးတို
- ဘဲမွေးမြူသူ သတိမူ
- ဝမ်းကိုက်ရောဂါကို ကာကွယ်ပါ
- မိုးရာသီစာ အင်ဥနှင့် ကျန်းမာရေး အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

တစ်စောင် (၂၅၀) ကျပ်

အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

DKY Journal


### ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဇွန် ၂၈**

ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

### မြန်မာ့ပင်လယ်ပြင် အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ကိုးဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၅ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၈-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၇-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၈-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၁၁၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၃၆၁,၆၄၅) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၅၇၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၅၃၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန်လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား/ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်းကိုဗစ်-၁၉ ရောဂါ

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှု အခြေအနေ (၂၈-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၇၃) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၃) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၆၂) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၃၀၆) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၄၂) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၇၂၉) ခု | (၆) ဦး |
| စုစုပေါင်း | (၆,၁၁၅) ခု | (၉) ဦး |

ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၈၉၁၀၁၄၀ | ၈၄၆၀၄၁၀၇ | ၁၀၄၁၀၂၇ |
| ၂။ | အိန္ဒိယ | ၄၃၄၂၀၆၀၈ | ၄၂၇၉၇၀၉၂ | ၅၂၅၀၄၇ |
| ၃။ | ဘရာဇီး | ၃၂၁၃၆၉၁၆ | ၃၀၆၈၆၅၈၁ | ၆၇၀၆၀၆ |
| ၄။ | ပြင်သစ် | ၃၀၆၇၈၅၄၁ | ၂၉၅၁၀၀၁၁ | ၁၄၉၄၀၆ |
| ၅။ | ဂျာမနီ | ၂၇၉၁၄၂၄၀ | ၂၆၅၄၆၅၀၀ | ၁၄၀၈၄၇ |
| ၆။ | ဗြိတိန် | ၂၂၆၄၀၁၃၀ | ၂၂၁၂၅၈၈၂ | ၁၈၀၀၁၁ |
| ၇။ | ရုရှား | ၁၈၄၂၄၁၀၅ | ၁၇၈၅၁၂၈၂ | ၃၈၁၀၀၂ |
| ၈။ | တောင်ကိုရီးယား | ၁၈၃၃၉၃၁၉ | ၁၈၁၈၅၁၂၅ | ၂၄၅၃၀ |
| ၉။ | အီတလီ | ၁၈၂၅၉၂၆၁ | ၁၇၃၅၂၂၄၅ | ၁၆၈၁၆၅ |
| ၁၀။ | တူကီယဲ | ၁၅၀၉၆၆၉၆ | ၁၄၉၉၃၉၉၃ | ၉၉၀၁၅ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၄၄၈၅၄ | ၉၆၆၅၉၇၂ | ၄၃၀၈၇ |
| ၂။ | အင်ဒိုနီးရှား | ၆၀၈၄၀၆၃ | ၅၉၁၂၀၂၅ | ၁၅၆၇၂၈ |
| ၃။ | မလေးရှား | ၄၅၅၈၅၅၈ | ၄၄၉၄၇၁၁ | ၃၅၇၃၄ |
| ၄။ | ထိုင်း | ၄၅၁၇၆၅၁ | ၄၄၆၄၅၇၃ | ၃၀၆၂၃ |
| ၅။ | ဖိလစ်ပိုင် | ၃၇၀၂၃၁၉ | ၃၆၃၄၅၉၆ | ၆၀၅၃၁ |
| ၆။ | စင်ကာပူ | ၁၄၁၃၆၆၇ | ၁၃၂၄၁၄၇ | ၁၄၀၉ |
| ၇။ | မြန်မာ | ၆၁၃၅၇၇ | ၅၉၂၅၃၆ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၀၂၅၈ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၁၅၉၅၉၁ | ၁၅၇၆၆၇ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၂၀၆ | ၃၀၅၆ |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၂၈

အကောက်ခွန်ဦးစီးဌာနသည် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို လေကြောင်း၊ ဆိပ်ကမ်းနှင့် နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကုမ္ပဏီသုံးခုမှ Sitcom Tablet ၃၀၀၀၊ Tenofovir Disoproxil Fumarate Tablet ၅၀၀၀၊ Ktrom Injection ၈၃၅၅ ခု၊ ရန်ကုန်ဆိပ်ကမ်းများမှ ဆေးဝါးမျိုးစုံ ၄၉၄ မျိုး စုစုပေါင်း ၅၇၅၃၃ ဒသမ ၂၄ ကီလိုဂရမ်၊ နယ်စပ်(ချင်းရွှေဟော်)တွင် ကုမ္ပဏီတစ်ခုမှ တစ်ကိုယ်ရေသုံးကာကွယ်ရေး ဝတ်စုံ ၂၆၈၅၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်ထဲရေးဝန်ကြီးဌာနမိသားစုများက ဆွမ်းဆန်တော်လှူဒါန်း

နေပြည်တော် ဇွန် ၂၈

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင် /ဝန်ထမ်းအရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်ရှိ ဝဘာစာသင်တိုက်သို့လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ မြို့မယဉ်ငေး သာသနာ့ရိပ်သာကျောင်းတိုက်သို့ လည်းကောင်း၊ မွန်ပြည်နယ်ဘီးလင်းမြို့နယ်ရှိ ငှက်ပျောတောကျောင်းတိုက်သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ တေဇိန္ဒာရာမကျောင်းတိုက်သို့ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်ရှိ ပုပ္ပါးကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ရေကြီးရေလျှံမှုကြောင့် လူပေါင်းခုနစ်သန်းကျော် အမိုးအကာနှင့် အထောက်အပံ့များ အရေးတကြီးလိုအပ်လျက်ရှိ

ဒါကာ ဇွန် ၂၈

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ယခုလအစောပိုင်းတွင် ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုများကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ခုနစ်သန်းကျော်သည် အမိုးအကာနှင့် အထောက်အပံ့များ အရေးတကြီးလိုအပ်လျက်ရှိကြောင်း ဘင်္ဂလားဒေ့ရှ် ကြက်ခြေနီအဖွဲ့က ဇွန် ၂၈ ရက်တွင် ပြောကြားသည်။

ရာစုနှစ်တစ်ခုအတွင်း အဆိုးရွားဆုံးသော မိုးရွာသွန်းမှုများဖြစ်ပေါ်ခဲ့ပြီးနောက် မြစ်ချောင်းများရေလျှံခြင်းနှင့် ကျေးလက်တောရွာများ ရေနစ်မြုပ်မှုဖြစ်ပေါ်ခြင်းတို့ကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့ပိုင်းနှင့် မြောက်ပိုင်းတွင် အနည်းဆုံး ၁၀၁ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ပျက်စီးဆုံးရှုံးမှုပမာဏသည်လည်း အလွန်အမင်း များပြားကြောင်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများအဖွဲ့ချုပ်က ပြောကြားသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အစိုးရကလည်း ရေကြီးရေလျှံမှုဒဏ်ခံခဲ့ရသည့် နေရာများသို့ ရိက္ခာခြောက်များနှင့် အရေးပေါ်လူသားချင်း စာနာထောက်ထားမှုအကူအညီများ ပေးအပ်ခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ် သဘာဝဘေးစီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့မှ နီတေးဒေးဆာကာက ပြောကြားသည်။

နေအိမ်များကို စွန့်ခွာခဲ့ရသည့် လူပေါင်း နှစ်သိန်းနီးပါးကိုလည်း ပိတ်ထားခဲ့သည့် စာသင်ကျောင်းများနှင့် ကောလိပ်များတွင် နေရာချထားပေးထားကြောင်း ဘင်္ဂလားဒေ့ရှ်အစိုးရက ပြောကြားသည်။

**ကိုးကား-စီအင်န်အေ**
**ဘာသာပြန်-အလင်းသစ်**



# မလေးရှားနိုင်ငံ၌ စားအုန်းဆီဈေးနှုန်းကျဆင်းမှုကြောင့် စားအုန်းဆီစက်ပိုင်ရှင်များက ထုတ်လုပ်မှု ယာယီရပ်ဆိုင်း

ကွာလာလမ်ပူ ဇွန် ၂၈

ကမ္ဘာ့စားအုန်းဆီ ဒုတိယအများဆုံး ထုတ်လုပ်သော နိုင်ငံဖြစ်သည့် မလေးရှားနိုင်ငံ၌ စားအုန်းဆီဈေးနှုန်း သိသိသာသာ ကျဆင်းမှုဖြစ်ပေါ်ခဲ့ခြင်းကြောင့် နိုင်ငံအတွင်းရှိ စားအုန်းဆီစက်ပိုင်ရှင်များက ထုတ်လုပ်မှု ယာယီရပ်ဆိုင်းခဲ့ကြောင်း စားအုန်းဆီစက်ပိုင်ရှင်များ အသင်းမှ ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ဇွန် ၂၇ ရက်တွင် ပြောကြားသည်။




မလေးရှားနိုင်ငံ၌ ယခုဇွန်လအတွင်း စားအုန်းဆီဈေးနှုန်းသည် ၁၃ နှစ်ကျော်ကာလအတွင်း ကြီးကြီးမားမား ကျဆင်းမှုဖြစ်ပေါ်ခဲ့ကြောင်းနှင့် စားအုန်းဆီတစ်တန်ဈေးနှုန်း မလေးရှားရင်းဂစ် ၆၆၃၂ ရင်းဂစ်(အမေရိကန်ဒေါ်လာ ၁၅၀၆ ဒေါ်လာ)ရှိခဲ့ရာမှ ဇွန် ၂၇ ရက်တွင် စားအုန်းဆီတစ်တန်ဈေးနှုန်း မလေးရှားရင်းဂစ် ၄၉၂၂ ရင်းဂစ်(အမေရိကန်ဒေါ်လာ ၁၁၁၇ ဒေါ်လာ)အထိ ကျဆင်းသွားခဲ့ခြင်းကြောင့် ၂၂ ရာခိုင်နှုန်းကျဆင်းမှု ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

မလေးရှားနိုင်ငံမှ စားအုန်းဆီစက်ပိုင်ရှင်များသည် စားအုန်းဆီထုတ်လုပ်သည့်သီးနှံများကို ဝယ်ယူရာတွင် လစဉ်ပျမ်းမျှ စားအုန်းဆီဈေးနှုန်းအပေါ်တွင် မူတည်ကာ ဝယ်ယူလျက်ရှိပြီး လက်ရှိလစဉ်ပျမ်းမျှ စားအုန်းဆီဈေးနှုန်းသည် တစ်တန်လျှင် မလေးရှားရင်းဂစ် ၆၂၀၀ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၁၄၀၈ ဒေါ်လာ) ခန့် ရှိကြောင်းနှင့် ထွက်ရှိလာသည့် စားအုန်းဆီများကို နေ့စဉ်ဈေးကွက်အပေါ်အခြေခံ၍ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **ကိုးကား-စီအင်န်အေ**
**ဘာသာပြန်-အလင်းသစ်**

# တရုတ်နိုင်ငံ၌ လောင်စာဆီလက်လီဈေးနှုန်းများ လျှော့၍ရောင်းချမည်

ပေကျင်း ဇွန် ၂၈

တရုတ်နိုင်ငံ၌ ဓာတ်ဆီနှင့်ဒီဇယ်ဆီလက်လီဈေးနှုန်းများကို ဇွန် ၂၉ ရက်မှ စတင်၍ လျှော့၍ရောင်းချသွားမည်ဖြစ်ကြောင်း တရုတ်အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်က ပြောကြားသည်။

ယခုလျှော့ချမည့်ဈေးနှုန်းအရ ဓာတ်ဆီတစ်တန်လျှင် ယွမ် ၃၂၀ နှင့် ဒီဇယ်တစ်တန်လျှင် ယွမ် ၃၁၀ စီ အသီးသီးလျှော့၍ရောင်းချမည်ဖြစ်ကြောင်း သိရသည်။ နိုင်ငံတကာတွင် လောင်စာဆီဈေးနှုန်းများပြောင်းလဲမှုရှိပြီး ထပ်မံဈေးတက်လာပါက တရုတ်နိုင်ငံအတွင်းရှိ ဓာတ်ဆီနှင့်ဒီဇယ်ဆီဈေးနှုန်းများကိုလည်း ထပ်မံလျှော့၍ ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ တရုတ်နိုင်ငံအတွင်း လောင်စာဆီပြတ်တောက်မှုမဖြစ်စေရန်အတွက် တရုတ်နိုင်ငံရှိလောင်စာဆီထုတ်လုပ်သည့်လုပ်ငန်းများအား တာဝန်ရှိသူများက ညွှန်ကြားခဲ့သည်။ **ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# တရုတ်နိုင်ငံ၌ သက်ကြီးရွယ်အိုများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအရှိန်မြှင့် ဆောင်ရွက်

ပေကျင်း ဇွန် ၂၈

တရုတ်နိုင်ငံ၌ သက်ကြီးရွယ်အိုများအား ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို အရှိန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားသည်။

လက်ရှိအချိန်အထိ နိုင်ငံအတွင်း သက်ကြီးရွယ်အို ၂၂၀ ဒသမ ၂ သန်းအား ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးစီးခဲ့ကြောင်း အမျိုးသားကျန်းမာရေးကော်မရှင်မှတာဝန်ရှိသူ လိုင်ဇန်လောင်က ပြောကြားသည်။ ထို့ပြင် သက်ကြီးရွယ်အို ၁၇၂ ဒသမ ၅ သန်းကိုလည်း ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးအပိုဆောင်းထိုးနှံပေးခဲ့ကြောင်း သိရသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးအလုံးရေ ၃ ဒသမ ၄ ဘီလီယံအား လူဦးရေ ၁ ဒသမ ၂၆ ဘီလီယံသို့ ထိုးနှံပေးခဲ့ရာတွင် နိုင်ငံသားသန်း ၇၉၀ မှာ ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးအပိုဆောင်းထိုးနှံပေးခဲ့ကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**



# ပြင်သစ်နိုင်ငံ၌ အများပြည်သူဆိုင်ရာသယ်ယူပို့ဆောင်ရေးယာဉ်များတွင် နှာခေါင်းစည်းဝတ်ဆင်ရန် ကျန်းမာရေးတာဝန်ရှိသူ ပြောကြား

ပါရီ ဇွန် ၂၈

ပြင်သစ်နိုင်ငံ၌ အများပြည်သူဆိုင်ရာ သယ်ယူပို့ဆောင်ရေးယာဉ်များ စီးနင်းရာတွင် နှာခေါင်းစည်းများဝတ်ဆင်ရမည်ဖြစ်ကြောင်း ပြင်သစ်ကျန်းမာရေးဝန်ကြီး ဘရစ်ဂျစ်တယ်ဘော်ဂက်န္တန်းက အကြံပြုပြောကြားသည်။

**နှာခေါင်းစည်းများ ပြန်လည်ဝတ်ဆင်**

ပြင်သစ်နိုင်ငံသားများအား ယာဉ်များစီးနင်းရာတွင် နှာခေါင်းစည်းများ ပြန်လည်ဝတ်ဆင်ရန်မိမိတိုက်တွန်းကြောင်း ၎င်းက ပြင်သစ်ရေဒီယိုသို့ ပြောကြားသည်။ ထို့ပြင် လူထူထပ်သောနေရာများသို့ သွားရောက်ရာတွင်လည်း နှာခေါင်းစည်းဝတ်ဆင်ရမည်ဖြစ်ကြောင်း သိရသည်။ ပြင်သစ်နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါကူးစက်မှုများ ပြန်လည်မြင့်တက်လာသဖြင့် ကျန်းမာရေးဆိုင်ရာစည်းမျဉ်းများ ပြန်လည်ချမှတ်ရန် တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည်။ ပြင်သစ်နိုင်ငံတွင် အများပြည်သူဆိုင်ရာ သယ်ယူပို့ဆောင်ရေးယာဉ်များ၌ နှာခေါင်းစည်းဝတ်ဆင်ရမည့်စည်းမျဉ်းအား မေ ၁၆ ရက်တွင် ရုပ်သိမ်းခဲ့သည်။ နိုင်ငံအတွင်း ယမန်နေ့က ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၆၀၁ ဦး ထပ်မံတွေ့ရှိခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**



# နယူးဇီလန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၀၂၈ ဦး ထပ်မံတွေ့ရှိ

ဝယ်လင်တန် ဇွန် ၂၈

နယူးဇီလန်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၀၂၈ ဦး ထပ်မံတွေ့ရှိခဲ့ကြောင်းနှင့် ၁၆ ဦးထပ်မံသေဆုံးခဲ့ကြောင်း နယူးဇီလန် ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၂၅၈၄ ဦးသည် နိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သည့် အော့ကလန်မြို့မှဖြစ်ကြောင်း နယူးဇီလန်ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၄ ဦးသည် နယူးဇီလန်နိုင်ငံ၏ နယ်စပ်ဒေသများ၌ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ လက်ရှိတွင် နယူးဇီလန်နိုင်ငံ၌ အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသည့် ခုနစ်ဦးအပါအဝင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရခြင်းကြောင့် ဆေးရုံတက်ရောက် ကုသမှုခံယူလျက်ရှိသည့် လူနာ ၃၈၃ ဦးရှိကြောင်း သိရသည်။

နယူးဇီလန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှု စတင်ဖြစ်ပွားချိန်ဖြစ်သည့် ၂၀၂၀ ပြည့်နှစ် နှစ်စပိုင်းမှစတင်ကာ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၃၁၅၃၂၇ ဦးရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်၊ လူသုံးကုန်၊ အိမ်သုံးလျှပ်စစ်ပစ္စည်း၊ မော်တော်ယာဉ်များ လိုင်စင်မဲ့ စက်လှေနှင့် လှေငယ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၂၈

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၆ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကံမမြို့နယ်အတွင်း တရားမဝင်ကျွန်းခွဲသား ၃ ဒသမ ၁၆၁၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၈၆၇၈၈)ကို သစ်တောဥပဒေအရလည်းကောင်း၊ မကွေးမြို့နယ် ကျွန်းတော်ကျေးရွာအနီး ဧရာဝတီမြစ်အတွင်း၌ လိုင်စင်မဲ့ သစ်သားခွံစက်လှေ ၁၃ စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၇၀၀၀၀၀)နှင့် လိုင်စင်မဲ့ လှေငယ် ၁၄ စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၀၀၀၀၀) ကို ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဥပဒေအရလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၁၈၆၇၈၈)ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။



မကွေးမြို့ ကျွန်းတော်ကျေးရွာအနီး ဧရာဝတီမြစ်အတွင်း၌ သိမ်းဆည်းရမိသည့် လိုင်စင်မဲ့ သစ်သားခွံ စက်လှေများအား တွေ့ရစဉ်။

### သိမ်းဆည်းရမိ

ယင်းအပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဘားအံမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူး ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က သံလွင်တံတား စုပေါင်းစစ်ဆေးရေးဂိတ်တွင် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နောင်လုံမြို့မှ လှည်းကူးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter အမျိုးအစား ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ဇွန် ၂၇ ရက်တွင် ဘားအံမြို့နယ်မှ ကျားကလေးလမ်းကျုံဖဲကျေးရွာသို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၅၂၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Canter အမျိုးအစား ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၆၅၂၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၂၇ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော ဖိနပ်မျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

### အရေးယူဆောင်ရွက်လျက်ရှိ

ယင်းအပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သဃ်န်းညီနောင်စစ်ဆေးရေးဂိတ်တွင်တာဝန်ကျပူးပေါင်းအဖွဲ့က ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အလှကုန်နှင့် စားသောက်ကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၁၂၀၀၀)ကိုလည်းကောင်း၊ ခရီးသည်တင်မှန်လုံယာဉ် တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် အိမ်သုံးလျှပ်စစ်ပစ္စည်း(အဟောင်း)များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus အမျိုးအစား ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ထပ်မံ၍ ယာဉ်တစ်စီးပေါ်၌စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၈၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Voxy အမျိုးအစားယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၁၄၇၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကျိုင်းတုံမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူး ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ကျိုင်းတုံမြို့(တောင်ကြီးအထွက်) ကျိုင်းတုံတက္ကသိုလ်အနီးတွင် တင်သွင်းတင်ပို့ယာဉ်များကို စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အကောက်ခွန်မဲ့ တရုတ်နိုင်ငံထုတ် ပဒုမ္မာတံဆိပ် ဆပ်ပြာမှုန့်ထုပ်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၉၆၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇွန် ၂၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း တရားမဝင် ကျွန်းသစ်၊ သစ်မာနှင့် အခြားသစ်မျိုးစုံ ၁၇ ဒသမ ၁၄၂၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၅၂၅၄၆)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန် ၂၆ ရက်၊ ၂၇ ရက်နှင့် ၂၈ ရက်များတွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၈ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၉၉၁၄၃၃၄)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဇွန် ၂၈

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်၌ မူလတန်း ကလေးငယ်များအား စာသင်ကြားပေးနေစဉ် PDF အမည်ခံ အကြမ်းဖက်သမားများ၏ သေနတ်ဖြင့်ပစ်ခတ်သတ်ဖြတ်ခဲ့မှုကြောင့် မူလတန်းပြ ကျောင်းဆရာတစ်ဦး သေဆုံးခဲ့သည့်ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ၂၉-၆-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က ခရိုင်ပြည်သူ့ဆေးရုံကြီးအား Drone ယာဉ်ဖြင့် လက်လုပ်ဗုံးချိတ်ဆွဲပစ်ချ တိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်"**နှင့် ပတ်သက်သည့် ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်


## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၉-၆-၂၀၂၂ ဗုဒ္ဓဟူးနေ့

MRTV HD

၀၆:၀၀ မေတ္တာသုတ်၊ရတနသုတ်၊တောရှုက်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ ဒီမိုကရေစီဆိုသည်မှာ
၀၉:၁၀ စိုက်ပျိုးရေးရာအဖြေရှာ
၀၉:၄၀ မိုးရေကိုရွှေလိုစုလှပြုသည့် သည်ဆည်ကန် ကျိုင်းခမ်းရေလှောင်တမံ
၁၀:၀၀ သတင်းထဲကသတင်း
၁၁:၃၀ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၃:၃၀ MRTV National News
၁၆:၃၅ အသိပညာနှင့်အမှန်တရား 'လွှတ်ချလိုက်ပါ'
၁၇:၁၅ ခေတ်အလိုက်ကြေးမုံမြင်
၁၇:၄၅ စစ်ပီးငြိမ်းချိန် တန်ပါပြီ
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ '(၃၀)ဖြာမင်္ဂလာ' (ဦးနန်းဝင်းရေးသားပူဇော်တင်ဆက်သည်) 'ပဏ္ဍိတနဥသေဝနာ'
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကက်ဘောအက်ဒေး' (အပိုင်း-၂၂)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၂၁:၂၀ (၂၂)ကြိမ်မြောက် ဆိုကာ၊ ရေး၊ တီးပြိုင်ပွဲ (ကွက်စိပ်ပြိုင်ပွဲ) 'မဟာနေ့ဗ္ဗာဇာတ်တော်'
၂၂:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြည့်စုံခြင်းအိပ်မက်' (အပိုင်း-၂၂)

mitv

07:02 Thatta Htar Na (Sein Lei Lei)
07:10 Myanmar Traditional Thatched Roofs: IN-LEAF
07:27 Enchanting Myeik
07:42 Discovering Tribes: Da Nu (Their Life and Customs) (Part-1)
08:01 Myanmar Sculpture-work of Art
08:16 Let's go to Hlawga Nature Park
08:36 Myanmar Weaving
08:48 A Snake Catcher
09:01 News
09:27 Global Partnership for Brighter Future: Mali Pavilion at Expo 2020 Dubai
09:34 On the River
10:01 Myanmar Chef (Japanese)

MRTV NRC

အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)
နှစ်(၁၀၀)ကျော်ရှိပြီဖြစ်တဲ့ကရင်ရိုးရာလုံချည်
အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)
တလာခူးရွာသို့အလည်သွားကြရအောင်
ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)
ဟင်းခတ်အမွှေးအကြိုင်
ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)
ချင်းပြည်နယ်၏ အလှအပများ
မွန် (၁၁:၀၀ မှ ၁၂:၀၀)
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည်(အပိုင်း-၁၀)
ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)
ကြက်သားသုပ်နှင့်သဘာဝဥဟင်းရည်
ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)
ထင်းရှူးတန်းက ရှိုက်ခံ့ပန်း(အပိုင်း-၂) (ဇာတ်လမ်း)
ဝ (၁၆:၀၀ မှ ၁၈:၀၀)
ကျိုင်းတုံဆန်ပြုတ်ချက်နည်း
ကချင် (၁၈:၀၀ မှ ၂၀:၀၀)
တိုင်းရင်းဆေးရှာဖွေလေ့လာသိကောင်းစရာ
ကယား (၂၀:၀၀ မှ ၂၁:၀၀)
ငှက်လိုက်ပွဲ
ပအိုဝ်းကရင် (၂၁:၀၀ မှ ၂၂:၀၀)
ပွဲကိုင်ရှင်

MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'သိရေးလျက်နဲ့ထိန်ချန်မှု'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၁)
၁၁:၀၀ ရွေးချယ်တင်မြှောက်ပုံစနစ်(အပိုင်း-၂)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၁)

MRTV FARMERS'

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၇:၀၀ ဆန်စပါးကဏ္ဍတိုးတက်ဖို့ရေရှည်တည်တံ့သည့် စီးပွားဝန်းကျင်ဖော်ဆောင်စို့
၀၇:၃၅ သဘာဝအတိုင်းပုစွန်မွေးမြူခြင်းနှင့် သိပ္ပံနည်းကျ ပုစွန်မွေးမြူခြင်းလုပ်ငန်း
၀၈:၄၅ တောင်သူလယ်သမားများအတွက်စံပြကွက်
၀၈:၂၅ ခေတ်မီမီအရည်အသွေးကောင်းရောင်းပန်းလှ
၀၉:၅၀ တောင်သူ့ဘဝလှပဖို့လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ကူးပြောင်းစို့

MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

## ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် BFRAF အဖွဲ့ဝင်များ ဖမ်းဆီးရမိမှု




☆ ကျောဖုံးမှ

ကျော်စွာထက်(ခ) ပေါ်လာတို့ကို ရွှေပြည်သာမြို့နယ်တွင် လည်းကောင်း၊ ဇွန် ၂၅ ရက်တွင် ရန်နိုင်ထူး(ခ)နဂါးလေးကို ထန်းတပင်မြို့နယ် တူးချောင်းကျေးရွာအုပ်စု ရေတလိကျေးရွာတွင် လည်းကောင်း၊ ဇွန် ၂၆ ရက် နံနက်ပိုင်းတွင် ဇင်ကိုဦး၊ ချစ်မိုး(ခ) ကျော်သက်ဝေ၊ စန်းလွင်တို့ကို လှိုင်သာယာမြို့နယ်တွင်လည်းကောင်း ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီးဖြစ်သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ဇွန် ၂၆ ရက် ညပိုင်းတွင် BFRAF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များဖြစ်သည့် ရှုမောင်မောင်အောင်၊ ၎င်းနှင့် တရားမဝင်ပေါင်းသင်းနေသူ သင်းရန့်လှိုင်၊ ထက်လင်းနိုင်၊ ၎င်းနှင့်တရားမဝင်ပေါင်းသင်းနေသူ အေးသီရိမိုး၊ ဝေယံဖြိုး၊ ၎င်းနှင့် တရားမဝင်ပေါင်းသင်းနေသူ ဇွန်ပွင့်ခင်ဦး၊ ကျော်ဇင်သိန်း၊ ၎င်းနှင့် တရားမဝင်ပေါင်းသင်းနေသူ ဖြူဖြူသွယ်၊ ကောင်းဆက်သူ၊ ၎င်းနှင့်တရားမဝင်ပေါင်းသင်းနေသူ ခင်သန္တာလွင်နှင့် ဝေယံမိုးဦး(ခ)ဂျင်မီတို့ ၁၁ ဦးသည် ရွှေပြည်သာမြို့နယ်ရှိ တိုက်ခန်း၌ ပါတီပွဲကျင်းပ၍ မူးယစ်သောက်စားနေစဉ် Sigsauer ပစ္စတို တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ပွိုင့်-၃၈၀ ကျည်တောင့် ၅၀၊ လက်လုပ်မိုင်းအလုံး ၇၀၊ လမ်းလျှောက်စကားပြောစက် နှစ်လုံး၊ ငါးဂါလန်ဆံ့အက်စစ်ပုံး သုံးပုံး၊ နှစ်ဂါလန်ဆံ့အက်စစ်ပုံး နှစ်ပုံး၊ Keypad ဖုန်း တစ်လုံး၊ ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ခင်သန္တာလွင်၏ ထွက်ဆိုချက်အရ သာကေတမြို့နယ် အမှတ်(၂)ရပ်ကွက် စာတိုက်(၂)လမ်း အိမ်အမှတ်(ခ/၁၆)မှ လက်လုပ်မိုင်း ငါးလုံးနှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ၁၈ ဦးတို့ကို Sigsauer ပစ္စတို တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ပွိုင့်-၃၈၀ ကျည်အတောင့် ၅၀၊ လက်လုပ်မိုင်း ၇၅ လုံး၊ လမ်းလျှောက်စကားပြောစက် နှစ်လုံး၊ ငါးဂါလန်ဆံ့အက်စစ်ပုံး သုံးပုံး၊ နှစ်ဂါလန်ဆံ့အက်စစ်ပုံး နှစ်ပုံး၊ Keypad ဖုန်း တစ်လုံး၊ ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ရှုမောင်မောင်အောင်သည် KNLA တပ်မဟာ(၃) နယ်မြေ၌လည်းကောင်း၊ ဝေယံဖြိုး၊ ဝေယံမိုးဦး(ခ) ဂျင်မီနှင့် ခင်သန္တာလွင်တို့သည် တိုက်ကြီးမြို့နယ်အနီးရှိ တောတွင်းတစ်နေရာ၌လည်းကောင်း အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းတစ်လ တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

BFRAF အမည်ခံ အကြမ်းဖက်အဖွဲ့သည် နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်နှင့် အပြစ်မဲ့ပြည်သူများ ထိတ်လန့်မှုဖြစ်စေရန်ရည်ရွယ်၍ အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် အကြမ်းဖက်ဖောက်ခွဲမှု နှစ်ကြိမ် ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်-

- ❖ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ကျောက်တံတားမြို့နယ် အမှတ် (၁) ရပ်ကွက်ရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးအား လက်လုပ်မိုင်း တစ်လုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့ကြောင်း။
- ❖ ဖေဖော်ဝါရီ ၁ ရက်တွင် သာကေတမြို့နယ် ရန်အောင်ရပ်ကွက်၌ လက်လုပ်မိုင်း တစ်လုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့ကြောင်း။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှု ဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ၊ နောက်ကွယ်မှထောက်ပံ့ပေးလျက်ရှိသောဆက်စပ်တရားခံများ အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေး တိုင်ကြားနိုင်ကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများကို ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံ အသိပေးထားကြောင်း သိရသည်။

**သတင်းစဉ်**


၂၀၂၂ ခုနှစ် ဇွန် ၂၆ ရက်တွင် ရွှေပြည်သာမြို့နယ်၌ သိမ်းဆည်းရမိခဲ့သည့် လက်နက်ခဲယမ်းများနှင့် ဖောက်ခွဲရေးပစ္စည်းများကို တွေ့ရစဉ်။


၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ကျောက်တံတားမြို့နယ် အမှတ် (၁) ရပ်ကွက် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးရှေ့၌ လက်လုပ်မိုင်းပေါက်ကွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။


၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် သာကေတမြို့နယ် ရန်အောင်ရပ်ကွက်၌ လက်လုပ်မိုင်းတွေ့ရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။


၂၀၂၂ ခုနှစ် ဇွန် ၂၆ ရက်တွင် ရွှေပြည်သာမြို့နယ်၌ သိမ်းဆည်းရမိခဲ့သည့် ဖောက်ခွဲရေးပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။

## PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများမှ ဥပဒေဘောင်အတွင်းဝင်လိုသူများနှင့်ပတ်သက်၍ အသိပေးထုတ်ပြန်ခြင်း

တိုင်းရင်းသားလူမျိုးများစွာ မှီတင်းနေထိုင်လျက်ရှိသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွက် အချင်းချင်း သွေးစည်းညီညွတ်မှုရှိမှသာ ပြည်ထောင်စုကြီးမပြိုကွဲဘဲ အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲမည်ဆိုသည်ကို အတိတ်သမိုင်းမှ သင်ခန်းစာများ ရရှိခဲ့ပြီးဖြစ်ပါသည်။ အနာဂတ်တွင်လည်း အလားတူ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သောစုပေါင်းအားကို ဆက်လက်ကြိုးပမ်းတည်ဆောက်သွားရမည်ဖြစ်ပါသည်။ နိုင်ငံရေးအရ သဘောထားကွဲလွဲမှု၊ တိုင်းရင်းသားအရေးအရ သဘောထားကွဲလွဲမှုများကြောင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့ရပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်ခဲ့ရပါသည်။

အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG တို့က နိုင်ငံတော်ကြီး အလုံးစုံပျက်သုဉ်းရေးကိုဦးတည်ကာ အကြမ်းဖက် သတ်ဖြတ်မှုများကို လုပ်ဆောင်ရန် စည်းရုံးသိမ်းသွင်းခံထားရသူများသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်မှုများကို ပြုလုပ်လာခဲ့ကြပါသည်။ ထိုသို့ဆောင်ရွက်နေမည်ဆိုပါက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီထွန်းကားရေးကို ထိခိုက်နှောင့်နှေးစေမည်ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်အနက်မှ "အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်ပေးနိုင်ရေးဆောင်ရွက်သွားမည်"ဟူသည့် ရှေ့လုပ်ငန်းစဉ်အရလည်းကောင်း၊ "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး" ဟူသည့် နိုင်ငံရေးဦးတည်ချက်အရလည်းကောင်း စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဆက်လက်ဖော်ဆောင်နိုင်ရေးအတွက် ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့်အချက်နှင့်အညီ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်မှသာ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

သို့ပါ၍ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက် နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## အနာဂတ်မျိုးဆက်သစ်ရင်သွေးငယ်များ၏ပညာရေး နောက်ကျကျန်မှုမဖြစ်စေရေးအတွက် အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားမှုကို မလိုလားသူ နိုင်ငံရေးအစွန်းရောက်များက အကြမ်းဖက်ခြိမ်းခြောက်မှုများ လုပ်ဆောင်

**နေပြည်တော် ဇွန် ၂၈**

NUG အမည်ခံ အကြမ်းဖက်အဖွဲ့နှင့် ၎င်း၏လက်အောက်ခံ နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်များက အနာဂတ် ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့်အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများဖြစ်ပေါ်လာစေရန်နှင့် ကျောင်းသား ကျောင်းသူ၊ ဆရာ၊ မိဘများအား အထိတ်တလန့်ဖြစ်စေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် စာသင်ကျောင်းများတွင် ဆန့်ကျင်ခြိမ်းခြောက်စာများ ရေးသားချိတ်ဆွဲ၍ ခြိမ်းခြောက် အကြမ်းဖက်ခြင်းများ၊ ပညာရေးအဆောက်အအုံများ မိုင်းဖောက်ခွဲခြင်းများ လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရသည်။



ထီးချိုင့်မြို့နယ် မြတောင်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းအရှေ့ ခြံစည်းရိုးအုတ်တံတိုင်းအနီး၌ လက်လုပ်အသံမိုင်းတစ်လုံး ပေါက်ကွဲခဲ့မှု မှတ်တမ်းဓာတ်ပုံ။



တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်၌ ကျောင်းအုပ်ဆရာမကြီးတစ်ဦးအား ခြိမ်းခြောက်စာပေးပို့သွားမှု မှတ်တမ်းဓာတ်ပုံ။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဇွန် ၂၇ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် မြတောင်ကျေးရွာရှိ ကျောင်းသား ကျောင်းသူ ၁၉၆ ဦး ပညာသင်ကြားလျက်ရှိသည့် အခြေခံပညာအထက်တန်းကျောင်းအရှေ့ ခြံစည်းရိုးအုတ်တံတိုင်းအနီး၌ အကြမ်းဖက်သမားများက လက်လုပ်အသံမိုင်းတစ်လုံး ဖောက်ခွဲခဲ့သဖြင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ပေါက်ကွဲမှုကြောင့် လူနှင့်အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

ထို့ပြင် ဇွန် ၂၇ ရက် နံနက် ၈ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ထန်းသုံးပင်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း၌ ခြိမ်းခြောက်စာများ ရေးသားထားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကျောင်းဝင်းအတွင်း ငွေအာကာအဆောင်ရှိ ၁၀ တန်း A ခန်းနှင့် B ခန်းကြား ဆရာ ဆရာမများ နားနေဆောင်ရှေ့ ကွန်ကရစ်လျှောက်လမ်းပေါ်တွင် အုတ်ခဲကျိုးအပိုင်းအစဖြင့် ရေးသားထားသည့် ခြိမ်းခြောက်စာများ တွေ့ရှိရသဖြင့် ဖယ်ရှားရှင်းလင်းခဲ့ကြောင်း သိရသည်။

အလားတူ ဇွန် ၂၈ ရက် နံနက် ၆ နာရီ မိနစ် ၅၀ တွင် တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ညင်းထွေးကျေးရွာနေ ညင်းထွေး အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်စိန်(၅၃)နှစ် (ဘ)ဦးဘမြင့်၏ နေအိမ်သို့ ခြိမ်းခြောက်စာပို့သွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေအိမ်ရှေ့ ၁၀ ပေခန့်အကွာ ခြံစည်းရိုးအနီးတွင် ပလတ်စတစ်အဖြူရောင်အိတ်ဖြင့် ထည့်ထားသော ခြိမ်းခြောက်စာတစ်စောင်နှင့် ၅.၅၆ ကျည်တစ်တောင့်တို့ တွေ့ရှိရသဖြင့် သိမ်းဆည်းရှင်းလင်းခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ ကျောင်းသား ကျောင်းသူ၊ ဆရာ၊ မိဘများအား အထိတ်တလန့်ဖြစ်စေရန်နှင့် စာသင်ကျောင်းများ ဖွင့်လှစ်သင်ကြားခြင်း မပြုနိုင်စေရန် ရည်ရွယ်၍ ခြိမ်းခြောက်အကြမ်းဖက်ခြင်းများပြုလုပ်ခဲ့သည့် နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်များကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၂၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ထိန်သစ်ရပ်ကွက်နေ စိုးမိုးအောင်သည် ၎င်းအသုံးပြုသည့် "Soe Moe Aung" Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် အမှတ်(၄)ရပ်ကွက်နေ နီနီဝင်းသည် ၎င်းအသုံးပြုသည့် "Ni Ni Win" Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် လေးတိုင်စင်ကျေးရွာနေ သန်းရွှေသည် ၎င်းအသုံးပြုသည့် "Than Shwe" Facebook အကောင့်၊ ရေစကြိုမြို့နယ်နေ ကျော်ရဲနိုင်သည် ၎င်းအသုံးပြုသည့် "Kyaw Ye Naing" Facebook အကောင့်၊ မွန်ပြည်နယ် မုဒုံမြို့နယ် အမှတ်(၃)ရပ်ကွက်နေ ကျော်မျိုးဝင်းသည် ၎င်းအသုံးပြုသည့် "Kyaw Myo Win" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၅၀) ရပ်ကွက်နေ သန္တာစိုးသည် ၎င်းအသုံးပြုသည့် "Honey Soe" Facebook အကောင့်၊ တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် တီဇစ်ကျေးရွာနေ ဂန္ဓဝင်မိုးသည် ၎င်းအသုံးပြုသည့် "Ganawun Moe" Facebook အကောင့်၊ စစ်ဖြဲကျေးရွာနေ နှင်းမိုးလှိုင်(ခ)မိုးလှိုင်သည် ၎င်းအသုံးပြုသည့် "Moe Hlaing" Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ရွှေကြာအင်း(၁) ရပ်ကွက်နေ လင်းဇာနည်ဇော်သည် ၎င်းအသုံးပြုသည့် "Linzarni Zaw" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

**ဆက်လက်ဖော်ထုတ် အရေးယူသွားမည်**

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်တွင်း၊ ပြည်ပရှိ အချို့သော ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်နှင့် CDM ဝန်ထမ်းများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်ခြင်း

**နေပြည်တော် ဇွန် ၂၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့အပြင် အခြားကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်ထောင်စုအတွင်းရှိ ဒေသအသီးသီးတွင် တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ်လုံခြုံရေးလုပ်ငန်းများကို ထမ်းဆောင်လျက်ရှိသည်။ မိမိတို့အနေဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သောစုပေါင်းအားကို တည်ဆောက်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စစ်မှန်သည့် ထာဝရ ငြိမ်းချမ်းရေးရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခြင်း၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်နေသူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို ပြန်လည်ဖိတ်ခေါ်ခြင်းတို့အား အသိပေးထုတ်ပြန်ခဲ့ရာ ပြန်လည်ဝင်ရောက်လာသူများကိုလည်း စနစ်တကျလက်ခံပေးလျက်ရှိသည်။

နိုင်ငံတော်အားအလုံးစုံပျက်သုဉ်းစေလိုသည့် CRPH နှင့် NUG အကြမ်းဖက်အုပ်စုများက ဆွဲဆောင်စည်းရုံးမှု၊ သွေးထိုးလှုံ့ဆော်မှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် အချို့သော CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်လူရွယ်များတို့သည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ နယ်မြေဒေသများသို့ ရောက်ရှိသွားခဲ့ပြီး လက်နက်ပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများသို့ စာရင်းသွင်း ပါဝင်တက်ရောက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ထိုသို့သင်တန်းတက်ရောက်ခဲ့သူများအနက်မှ အချို့သောသူများသည် အကြမ်းဖက်တိုက်ခိုက်သည့် လုပ်ရပ်များတွင် ပါဝင်လိုခြင်းမရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်ပြီး ပြည်တွင်း/ပြည်ပဒေသအချို့၌ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်းကို ကြားသိရသည်။ ၎င်းတို့သည် NUG အမည်ခံအကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏ လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ်များကို မျက်ဝါးထင်ထင်တွေ့မြင်လာပြီး လက်ခံနိုင်မှုမရှိခြင်း၊ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်(၅) ရပ်နှင့် ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို ယုံကြည်လက်ခံလာခြင်း၊ မိမိတို့၏ နေရပ်ဒေသအသီးသီးရှိမိဘဆွေမျိုးများနှင့် အတူတည်ငြိမ်အေးချမ်းစွာ ပြန်လည်နေထိုင်လိုခြင်းတို့ကြောင့် မိမိတို့နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက်လိုသော်လည်း CRPH နှင့် NUG အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့၏ လက်ဝေခံများက ထိန်းချုပ်အကျပ်ကိုင်ခြိမ်းခြောက်ထားမှုတို့ကြောင့် ပြန်လည်ဝင်ရောက်ခြင်း မပြုနိုင်ကြသည်ကိုလည်း ဆက်သွယ်သတင်းပေးပို့ချက်များအရ သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့သော မြန်မာနိုင်ငံရှိနေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကြိုဆိုလက်ခံနိုင်ရေးအတွက် နယ်စပ်ဒေသအသီးသီးတွင် ပြန်လည်ကြိုဆို လက်ခံရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါစခန်းများအပြင် နီးစပ်ရာ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းအသီးသီးသို့လည်း ဆက်သွယ် ဆောင်ရွက်နိုင်ပါကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ် ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## ချောင်းဦးမြို့နယ် မုံရွာ-မန္တလေး ကားလမ်းပေါ်၌ PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာများစွာရရှိ

**နေပြည်တော် ဇွန် ၂၈**

NUG အမည်ခံအကြမ်းဖက်အဖွဲ့နှင့် ၎င်းတို့၏ လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် အေးချမ်းစွာနေထိုင်သော ပြည်သူလူထုနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဝိုင်းဝန်းဆောင်ရွက်နေသော အုပ်ချုပ်ရေးတာဝန်ရှိသူများအား ထိခိုက်ဒဏ်ရာရရှိစေရန် ရည်ရွယ်ချက်များဖြင့် အကြမ်းဖက်ဖောက်ခွဲရေးလုပ်ရပ်များအား ငွေကြေးထောက်ပံ့ကာ နောက်ကွယ်မှ သွေးထိုးမြှောက်ပင့်လှုံ့ဆော်မှုများဖြင့် အများပြည်သူသွားလာနေသော လမ်းမကြီးများ၊ လမ်းများနှင့် ဌာနဆိုင်ရာရုံးများအား လက်လုပ်ဗုံး၊ လက်လုပ်မိုင်းများ ထောင်ကာဖောက်ခွဲခြင်း၊ ပစ်ပေါက်ခြင်းများ ပြုလုပ်ဆောင်ရွက်လျက်ရှိသည်။



ဒေါ်ခင်ငြိမ်းမြတ်(ဒဏ်ရာရ) ဖိုးချဲ(ဒဏ်ရာရ) မဝင်းဝင်းခိုင်(ဒဏ်ရာရ)

ထိုသို့အကြမ်းဖက်ဖောက်ခွဲရေး လုပ်ရပ်များကြောင့် ဇွန် ၂၇ ရက် ညနေ ၅ နာရီ ၄၅ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ ပြည်သူ့ဆေးရုံသို့ ထိခိုက်ဒဏ်ရာများရရှိထားသည့် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့ ရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ချောင်းဦးမြို့ ချောင်းဦးမြောက်ရပ်ကွက်နေ ဒေါ်ခင်ငြိမ်းမြတ်(၂၉)နှစ် (ဘ)ဦးဝင်းကိုတွင် ယာလက်ဖျံမိုင်းစထိမှန် ဒဏ်ရာတစ်ချက်၊ ယာခြေသလုံးမိုင်းစထိမှန်ဒဏ်ရာ တစ်ချက်၊ မုံရွာမြို့ အောင်ချမ်းသာရပ်ကွက် နေသူများဖြစ်ကြသည့် မောင်ဖိုးချဲ(၁၇)နှစ် (ဘ)ဦးဇော်ခင်တွင် ဝဲပေါင်မိုင်းစထိမှန်အရိုးကျိုးဒဏ်ရာ နှစ်ချက်၊ ဝဲဒူးပွန်းပဲ့ဒဏ်ရာတစ်ချက်နှင့် မဝင်းဝင်းခိုင်(၁၇)နှစ်(ဘ)ဦးညိုဝင်းတွင် ဝဲတင်ပါးမိုင်းစထိမှန် ဒဏ်ရာတစ်ချက်၊ ဦးခေါင်းနောက်စေ့ မိုင်းစထိမှန် ဒဏ်ရာတစ်ချက်၊ ဝဲပေါင်ရိုးကျိုးဒဏ်ရာတစ်ချက်တို့ ရရှိထားသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အားစိစစ်ခဲ့ရာ မောင်ဖိုးချဲနှင့် မဝင်းဝင်းခိုင်တို့နှစ်ဦးသည် ဆိုင်ကယ်တစ်စီးဖြင့် ချောင်းဦးမှ မုံရွာသို့လည်းကောင်း၊ မခင်ငြိမ်းမြတ်သည် ဆိုင်ကယ်တစ်စီးဖြင့် ဆိုင်ကယ်ဆီဖြည့်ရန်လည်းကောင်း အသီးသီးမောင်းနှင်လာစဉ် ချောင်းဦးမြောက်ရပ်ကွက် မုံရွာ-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၇၀ မိုင် တစ်ဖာလုံနှင့် နှစ်ဖာလုံအကြားသို့ အရောက်၌ PDF အမည်ခံအကြမ်းဖက်သမားများက လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုက်ခိုက်ရန်ရည်ရွယ်၍ ထောင်ထားသည့် ဒေသန္တရလုပ်နင်းမိုင်းတစ်လုံးနင်းမိပေါက်ကွဲခဲ့သဖြင့် ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်နှင့်ပတ်သက်၍ အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် လမ်းမပေါ်တွင် စစ်ရေးပစ်မှတ်မဟုတ်သည့် အရပ်သူ အရပ်သားများကို ထိခိုက်ဒဏ်ရာရရှိစေရန် မိုင်းထောင်ခဲ့သည့် အကြမ်းဖက်အဖွဲ့များအား ဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၂၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၇ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ဖားကန့်မြို့နယ် နမ့်မဖြစ်ကျေးရွာအနီး ဖားကန့် - လုံးခင်းသွားကားလမ်းတွင် လမောင်ဇောင်းဂျုံး (ခ)ဇောင်းဂျုံး မောင်းနှင်ပြီး မဆိုင်းမိုင်လိုက်ပါလာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၁၀၀ ကိုလည်းကောင်း၊ ထို့ပြင် ယင်းနေ့မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအုပ်စု ကျွဲတပ်ဆုံကျေးရွာအနီးတွင် ဂျိုးဇက်မောင်းနှင်လာသည့်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ဘိန်းစိမ်း ၄၄ ကီလို ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ ညနေ ၅ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုက်ထိုမြို့နယ် မရမ်းချောင်ကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ခရီးသည် တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကို လည်းကောင်း။

ထို့ပြင် ယင်းနေ့ ည ၁၁ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဆန်ဆိုင်းရပ်ကွက်(ခ)အတွင်း၌ ထိုင်းနိုင်ငံသား ဝေါလထာန်း ဝိစေ့သက်ကျင်းဒါး(ခ)အိုကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## ရခိုင်ကမ်းရိုးတန်း ကမ်းလွန်ပင်လယ်ပြင်အတွင်းရှိ ငါးဖမ်းလှေတစ်စင်းပေါ်မှ ငွေကျပ် သိန်း ၂၅၀၀၀၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၂၈**

ရခိုင်ကမ်းရိုးတန်း ကမ်းလွန်ပင်လယ်ပြင်အတွင်း လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များသည် ဇွန် ၂၅ ရက် ည ၉ နာရီ မိနစ် ၅၀ ခန့်တွင် မသင်္ကာဖွယ် စက်လှေတစ်စင်းတွေ့ရှိသဖြင့် စစ်ဆေးရန်အတွက် မီးအချက်ပြခေါ်ယူခဲ့သော်လည်း စက်လှေမှာ ရပ်တန့်ခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ မြေပုံမြို့နယ် ကျွန်းသာယာအနောက်တောင်ဘက် ကိုးမိုင်ခန့်အကွာသို့ အရောက်၌ လှေသားများမရှိတော့သော အဆိုပါ စက်လှေအား တွေ့ရှိခဲ့သည်။



အဆိုပါ စက်လှေအား သွားရောက်စစ်ဆေးခဲ့ရာ အလျား ၆၇ ပေ၊ အနံ ၁၉ ပေ၊ ရေစူး ၁၀ ပေခန့်ရှိ ငါးဖမ်းစက်လှေဖြစ်ကြောင်းသိရှိရပြီး စက်လှေပေါ်မှ ငါးဖမ်းပိုက်များဖြင့် ဖုံးအုပ်ထားသည့် ICE မူးယစ်ဆေး ဆာလာအိတ် တစ်အိတ်လျှင် ကီလိုဂရမ် ၂၀ ပါ အိတ် ၅၀(စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ်သိန်း ၂၅၀၀၀၀ ကျော်)ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

သိမ်းဆည်းရမိသည့် စက်လှေနှင့် မူးယစ်ဆေးဝါးများကို ကျောက်ဖြူမြို့မ ရဲစခန်းသို့ စနစ်တကျလွှဲပြောင်းအပ်နှံ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အသံတိတ်နဲ့ ကျိတ်ငိုသည်

ဓမ္မဒူတ
ဒေါက်တာအရှင်ဆေကိန္ဒ

(၈-၆-၂၀၂၂ ရက်နေ့မှအဆက်)

"နေရိပ်လို နေပူက စောင့်ပါတဲ့တော်၊ ရှင်တို့ မကြားဖူးဘူးလား၊ အခု ကျုပ်သားက တက္ကသိုလ် နောက်ဆုံးနှစ်ရောက်နေပြီတဲ့၊ ခဏတော့ နေပူမှာပေါ့တော်"လို့ မိဘမေတ္တာ အပြုံးမျက်နှာနဲ့ ဖြေလိုက်ရတာကိုက ရေမသောက်ရဘဲ အေးမြသွားသလိုပါပဲ။

သားက "တက္ကသိုလ်စာမေးပွဲကြီး ပြီးပြီတဲ့ ဖြေနိုင်တယ် အောင်မှာသေချာတယ်"တဲ့၊ ကဲ- ဘယ်လောက်ဝမ်းသာလိုက်မလဲ ကြည့်လေ၊ "သားဘွဲ့ယူရင် အမေပါလိုက်ရမယ်နော်" ဆိုတဲ့ သားရဲ့စကား ချိုလွန်းလို့လေ၊ "ဟင်-သားအမေ့ကို ပြောလိုက်တာ သေချာမကြားလိုက်ပါလားကွယ်"လို့ ထပ်ကြားချင်လွန်းလို့ မကြားသလို ဖြစ်ရတာတွေ ခဏခဏပါပဲ။

အောင်စာရင်းထွက်ပြီး ဘွဲ့မယူခင်မှာဘဲ မိန်းမခိုးပြေးသွားပြီတဲ့။

ကဲ မိဘတွေရဲ့ရင်ထဲ ဘယ်လိုနေမလဲ စဉ်းစားကြည့်ပေါ့။ သားကို မုန်းသွားပြီလို့မထင်နဲ့၊ စိတ်ဆိုးသွားပြီ မထင်နဲ့၊ အချစ်တွေ မေတ္တာတွေ တစ်စက်ကလေးမှ မလျော့ပါဘူး။

"ဩော်-တော်သေးတယ်၊ သားက အမေပေးတဲ့ ပညာအမွေကို ယူသွားသေးလို့၊ လိမ္မာလိုက်တာ၊ ပညာအမွေယူမသွားတဲ့ သူတွေထက်တော့ အများကြီးသာပါတယ်"တဲ့။ ဩော် မိဘ မိဘ၊ အံ့ရော။

ကဲ မိဘမေတ္တာ ဘယ်လောက် အံ့ဖို့ကောင်းလိုက်သလဲ၊ ဘာပဲပြောပြော မိဘဘက်က မေတ္တာစိတ်အပြည့်ရှိသလို သားသမီးတွေဘက်ကလည်း ကျေးဇူးဆပ်ဖို့၊ ကျေးဇူးသိတတ်ဖို့ ဒါမှမဟုတ် ကျေးဇူးမကန်းမိဖို့ဆိုတဲ့ စိတ်ဓာတ်ကလေးတော့ ရှိဖို့ကောင်းတာပေါ့။

အမွေဆိုတာ ဥစ္စာပစ္စည်းအမွေ၊ ပညာအမွေ နှစ်မျိုးရှိတယ်ဆိုတာသိကြပါတယ်၊ နောက်ထပ် လောကုတ္တရာအမွေ၊ လောကီအမွေဆိုတာလည်း ထပ်ခွဲရင် ရပါသေးတယ်။

လောကုတ္တရာအမွေဆိုတာ မဂ်၊ ဖိုလ်၊ နိဗ္ဗာန် ဓာတ်တွေကို ပြောတာပါပဲ၊ ဒါပေမဲ့ ဒီနေရာမှာ လျှော့စျေးနဲ့ပြောရရင် မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း ကုသိုလ်အလုပ်တွေကို ပြောကြည့်ချင်ပါတယ်။

ဒါနအလှူ မိဘတွေက ရှေ့ကနေ လှူပြပြီး အမွေပေးနေပါတယ်၊ ဆွမ်းတော်တင်ခိုင်းတယ်၊ ဆွမ်းလောင်းခိုင်းတယ်ဆိုတာမျိုးတွေဟာ အမွေပေးတာတွေပါပဲ။

သီလစောင့်၊ မိဘတွေက ဥပုသ်သီတင်းစောင့်ရင် သားသမီးတွေကို ကျောင်းခေါ်သွားလေ့ရှိတာ၊ နောက် ငါးပါးသီလ စောင့်ထိန်းပြပြောပြတာတွေဟာ သီလအမွေပေးတာပါပဲ။

နောက် ဘာဝနာပွား၊ သမထဝိပဿနာပေါ့၊ ဘုရားရှိခိုးခိုင်းတာ ဘုရားစာတွေ ရွတ်ခိုင်း ဖတ်ခိုင်းတာတွေဟာလည်း ဘာဝနာအမွေပေးတာပါပဲ။

အဲ-ဒါပေမဲ့ လောကုတ္တရာအမွေထက် လောကီအမွေကိုပဲ လိုချင်ကြတဲ့ သားသမီးတွေကများကြပါတယ်။

အိုးအိမ်တိုက်တာ၊ လယ်ယာ၊ မိုးမြေ၊ ရွှေငွေ၊ ဥစ္စာပစ္စည်းတွေဟာ လောကီဥစ္စာတွေ၊ လောကီအမွေတွေပါ။

မိဘတွေဟာ ဒီပစ္စည်းတွေကို ဒီလောက် စုဆောင်းနေတာ ဒီဘဝအဆုံး နိဂုံးသတ်တဲ့အခါ အားလုံးထားပစ်ခဲ့ရမယ်ဆိုတာ လူတိုင်းသိကြပါတယ်၊ မိဘတိုင်းသိကြပါတယ်။ ဒါဖြင့်ရင် ဘာလို့ ဒီလောက်ရှာဖွေ စုဆောင်းရတာလဲဆိုရင် သားသမီးတွေဖို့ဆိုတဲ့ အဖြေအပြင် တခြားပြောစရာမရှိသလောက်ပါပဲ။

မိဘအမွေကို သားသမီးဆက်ခံရမှာဟာ ထုံးစံပါပဲ။

တစ်နေ့ သတင်းစာကြည့်ရင်း အံ့ဩမိပါတယ်။ တော်တော်လည်း သံဝေဂရမိပါတယ်၊ နောက်ဘက်



မျက်နှာ တစ်ရွက်လှန်လိုက်ပြီးရင် အတွင်းဘက် ဘယ်ဘက်မျက်နှာမှာ ဖတ်ရတာပါ။

အဲဒီမျက်နှာမှာ နာရေးထက် ကြော်ငြာတွေ၊ အမှုအခင်းတွေက များပါတယ်၊ အမွေနဲ့ပတ်သက်တဲ့ အမှုပါ၊ သမီးက အမေကို အမွေမပေးသေးလို့ တရားစွဲတာတဲ့၊ အံ့ရော၊ ဘယ်လောက်သံဝေဂရဖို့ကောင်းလိုက်သလဲ။

လောကီဥစ္စာအမွေကို တရားစွဲပြီးတောင်းတဲ့ လိုချင်လွန်းတဲ့ စိတ်ဓာတ်တွေသာ ပညာအမွေကို အာရုံပြု၊ လောကုတ္တရာ ကုသိုလ်အမွေတွေကို အာရုံပြုမိရင် ဘယ်လောက်ကောင်းလိုက်မလဲ၊ ကျေးဇူးကန်းတဲ့ စိတ်ဓာတ်တွေလည်း မဖြစ်လာနိုင်တော့ပါဘူး။

မိဘအမွေဆိုတာ သားသမီးရမှာပါ၊ မိဘတိုင်းက သားသမီးတွေဟာ ဒို့ရဲ့ အမွေတွေကို ဆက်ခံကြလိမ့်မယ်ဆိုတဲ့မျှော်လင့်ချက်ကတော့ ရှိကြတာပါပဲ။

နောက်ဆုံး မိဘတွေရဲ့ မျှော်လင့်ချက်ဆိုတာ ရှိပါသေးတယ်။

**အထ ဝါ ပန**-ဆိုခဲ့ပြီးငြား၊ ဆိုစကားမှ၊ တစ်ပါး အရာ အရေးထားစရာကား။

**ပေတာနံ**-ယခုမှနောက်၊ ရောက်ရာကာလ၊ ဘုံဘဝ၌၊ ဆင်းရဲကြုံနေရမည့်၊ မိဘနှစ်ပါး၊ ဒို့အများ အား။

**ပုတ္တော**-မိဘစကား၊ ရင်ဝယ်ထားသည့်၊ ထူးခြားလိမ္မာ၊ သမီးသားရတနာသည်။

**ဒက္ခိဏံ**-ကျေးဇူးကြီးမား၊ မိဘများအတွက်၊ နှစ်သက်ရွှင်ပျော်၊ သာခုခေါ်ဖို့၊ မြင့်မြတ်တဲ့ ကုသိုလ် ကောင်းမှု၊ အဖို့အစုကို။

**အနုပ္ပဒဿတိ**-"အမျှ-အမျှ-အမျှ" ထပ်တူရဖို့၊ ပေးဝေငှ လေရာသတည်း။

ဒါက အရေးအကြီးဆုံး မျှော်လင့်ချက်ပါ။ မိဘတွေရဲ့ အဓိကမျှော်လင့်ချက်လို့ ပြောနိုင်ပါတယ်။

တို့သက်တမ်းကုန်ပြီးတဲ့နောက် ဆင်းရဲတဲ့ ပြိတ္တာဘဝမျိုးရောက်နေခဲ့ရင်၊ ကုသိုလ်ကောင်းမှုကိုလည်း ကိုယ်တိုင်မပြုနိုင်တော့၊ ကုသိုလ်ရဖို့ရာ အမျှဝေပေးတဲ့အခါ သာခုခေါ်ဖို့ပဲရှိတယ်။ ဒီတစ်လမ်းတည်း ကုသိုလ်ရနိုင်တော့တာပါပဲ။

တို့ကိုရည်ရွယ်ပြီး သားသမီးတွေကတော့ ကုသိုလ်ပြုလုပ်ကြလိမ့်မယ်။ နောက် တို့ကြားအောင်၊ တို့ရအောင် အမျှဝေပေးကြလိမ့်မယ်လို့ မျှော်လင့်ကြပါတယ်။

မိဘတွေရဲ့ ဒီမျှော်လင့်ချက်ကိုတော့ သားသမီးတွေက ပိုပြီးအလေးထားသင့်တယ်လို့ ထင်ပါတယ်။ တကယ်လည်း ဖြည့်ဆည်းပေးသင့်ပါတယ်။ ဘာဖြစ်လို့လဲမေးရင် မိဘတွေကိုယ်တိုင်က တကယ် မျှော်လင့်လို့ အားကိုးတကြီးရှိလို့ပါပဲ။

(ဆက်လက်ဖော်ပြပါမည်)

ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ အသံတိတ်နဲ့ ကျိတ်ငိုသည်စာအုပ်မှ ဆရာတော်၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

# ယဉ်ကျေးလိမ္မာအစပြု ဝတ်စားဆင်ရာယဉ်ကျေးမှု(၁၀)

ဦးမင်းဟန်(ဘီအေ)

"ပုစုးမရယ် နင့်ဆီက နံလိုက်တာ။ နင်က မနံဘူးလား"

"ဟဲ့- ငါက ဘာကိုနံရမှာလဲ"

"နင်ကသာ မနံတာ၊ အနံ့ကတော့ ဟောင်နေတာပဲ။ ဟုတ်တယ်နော် ကိုဦး"

မောင်ထူးက ကိုဦးကိုပါ ထည့်ပြောလိုက်သောအခါ ကိုဦးက နှာခေါင်းရှုံ့ပြလိုက်သည်။ ပြီးမှ ဖြည်းဖြည်းချင်း ဆက်ပြောရာ ပုစုးမစိတ်ဆိုးသွားတော့သည်။

"ပုစုးမရေ- နင့်ဆီကတော့ နံတာသေချာတယ်။ ငါလည်းအခုမှ နံလာတာ" "အဲဒါပြောတာပေါ့၊ ပုစုးက ညစ်ပတ်လို့ ဖြစ်မှာပေါ့လို့"

"အဲဒီလောက်တောင် နံနေလို့လား ကိုဦးရာ၊ ငါ့ဆီကနံတာသေချာရင် အင်္ကျီတွေအကုန်လုံးကို တစ်ထည်ချင်းချွတ်ပြီးကို နမ်းကြည့်ဦးမှာ"

ပုစုးမက ရိုးသားပွင့်လင်းစွာ စိတ်ဆိုးမာန်ဆိုးဖြင့် ပြောလိုက်ရာ မောင်ထူးရော၊ ကိုဦးပါ ပြုံးစိစိဖြစ်သွားကြသည်။

"မြေးတို့ ဘာတွေဖြစ်နေကြတာလဲ"

"ပုစုးမပေါ့ ဘိုးလေးရာ"

"ဟေ- ပုစုးမ ဘာဖြစ်လို့လဲကွ၊ လင်းပါဦး"

ဘိုးလေးကြွက်ရှိရာ ကုက္ကိုပင်ကြီးအောက်သို့ ရောက်လာကြသော မောင်ထူး၊ ကိုဦးနှင့် ပုစုးမတို့သုံးဦးကို ဘိုးလေးကြွက်ကလှမ်းမေးရာ ပြန်ဖြေလိုက်သည့် မောင်ထူး၏အဖြေစကားကို နားမရှင်း၍ ဘိုးလေးကြွက်က ထပ်မံပြောဆိုစေလိုက်ခြင်းဖြစ်သည်။

"သမီးပဲပြောပါ့မယ် ဘိုးလေးရာ၊ မောင်ထူးပေါ့။ ဒီနေ့ သမီးဆီကနေ အနံ့နံလို့တဲ့ အဲဒါကိုပြောနေကြတာ ဘိုးလေး"

"ဟေ- ဘာအနံ့ရနေတာလဲ။ ရေမွှေးနံ့ရတာလား၊ မောင်ထူးကတော့ကွာ"

"ဟုတ်တယ်ဘိုးလေးရဲ့၊ အနံ့ကတော့ရနေတာ သေချာတယ်၊ ချဉ်တင်တင်အနံ့မျိုးကိုရနေတာ"

ကိုဦး၏စကားကြောင့် မောင်ထူးက အသံထွက်သည်အထိ ရယ်မိလိုက်သဖြင့် ဘိုးလေးကြွက်က ပြုံးကြည့်နေသည်။

"ဘိုးလေးကပါ မြေးကို မယုံလို့လား။ မြေးက သန့်သန့်ရှင်းရှင်းဖြစ်အောင် ဝတ်စားပြီးမှလာတာပါ၊ ဒီကောင်တွေ သမီးကို တမင်ပြောတာဖြစ်မှာပါ"

"မဟုတ်ပါဘူး ဘိုးလေးရယ်။ တကယ်ကို ချဉ်တင်တင်အနံ့ထွက်နေလို့ ပြောတာပါ"

"ဩော် ဒီလိုလား"

"ဟုတ်ကဲ့ပါ ဘိုးလေး၊ မြေးလည်း ထောက်ခံပါတယ်"

"နို့- နေပါဦးမောင်ထူးရဲ့ မြေးရော၊ ကိုဦးရောကပြောနေတာ အတည်ကြီးဆိုတော့ ဘိုးလေးပဲ စစ်ဆေးကြည့်ရတော့မှာပေါ့၊ မမှန်ဘဲပြောတာဆိုရင်တော့ မြေးတို့နှစ်ယောက်ကို အပြစ်ပေးမှာနော်"

"ဟုတ်ကဲ့ပါ ဘိုးလေး၊ ရပါတယ်၊ နာခံမှာပါ" ဘိုးလေးကြွက်၏စကားကို မောင်ထူးနှင့် ကိုဦးတို့က အာမခံဖြင့် ပြန်ပြောလိုက်ရာ ပုစုးမတစ်ယောက် အခဲမကြေဖြစ်ကာ စိတ်တိုနေလေသည်။

"အေးပါကွယ်၊ ဒီလိုလုပ်ပေါ့။ လာ ပုစုးမရေ၊ ဘိုးလေးအနားကို ခဏလာကြည့်ပေါ့ ဘိုးလေး စစ်ဆေးကြည့်တာပေါ့"

ဘိုးလေးကြွက်က ပုစုးမအား အနားသို့ခေါ်ကာ စစ်ဆေးကြည့်ရှုရာ အဖြေကို ချက်ချင်းသိရတော့သည်။

"ဟုတ်တယ်မြေးရေ၊ အနံ့က တကယ်ထွက်နေတာ။ ဘယ်ကလဲဆိုတော့ မြေးရဲ့ ခေါင်းစည်းကြိုးဖဲပြားက အနံ့ထွက်နေတာကွယ့်"

"ဟူး- တော်ပါသေးရဲ့ ဘိုးလေးရယ်။ ခုမှ စိတ်သက်သာရာ ရသွားတယ်။ မြေးတို့များ အပြစ်ပေးခံနေရပြီလားလို့"

"အပြစ်ပေးဆုံးမတာတော့ ဘယ်ဟုတ်ပါ့မလဲကွာ။ မှားရင်လည်း ဆုံးမရမှာပေါ့။ ဆုံးမတယ်ဆိုတာ ဆူတာ၊ ငေါက်တာ၊ ရိုက်တာမျိုး မဟုတ်ပါဘူး။ ဆုံးမစကား ပြောရမှာပေါ့။ မြေးတို့အားလုံးအတွက်တော့ မှတ်သားစရာတွေဖြစ်မှာပါပဲ။ လိုက်မှတ်ထားကြလေ"

မောင်ထူး၏ စကားအဆုံးမှာ ဘိုးလေးကြွက်က အပြုံးဖြင့်ပြောကာ ခေါင်းတဆတ်ဆတ်ညိတ်နေ၏။ ပုစုးမကတော့ မောင်ထူးနှင့် ကိုဦးတို့ကို လက်သီးဆုပ်ပြလိုက်သည်။

"မြေးတို့ကို ပြောပြနေတဲ့ ဝတ်စားဆင်ရာယဉ်ကျေးမှုဆိုတာ အဲဒါပဲကွယ့်။ ဝတ်တယ်ဆင်တယ်ပေါ့။ ခုဟာက ဆင်မြန်းတာပေါ့ကွယ်။ ခေါင်းစည်းဖဲပြားကို ပုစုးမက ခေါင်းမှာဆင်မြန်းတယ်၊ လှလည်းလှတာကိုး။ ဒါပေမဲ့ သုံးထားတာကြာတော့ မိုးရေထိဘာထိဆိုတော့ ချဉ်ဆော်အနံ့ထွက်တာပေါ့။ ကိုယ်ကိုယ်တိုင်က မနံပေမယ့် ပတ်ဝန်းကျင်က နံနေတာကို သိနေ၊ ခံစားနေရတာပေါ့။ အဲလိုဖြစ်ရင် သူများနှာခေါင်းရှုံ့တာခံရတာပေါ့။ ခုပဲကြည့်လေ မြေးတို့က အချင်းချင်းတွေဖြစ်နေလို့ သူစိမ်းတစ်ရံပါလာရင် ပိုဆိုးနိုင်တာပေါ့ကွယ်"

"ဟုတ်ကဲ့ ဘိုးလေး၊ နောက်ဆို ဆင်ခြင်ပါတော့မယ်"

"ကိုယ့်အပြစ်ကို သိတာတော့ ကောင်းပါတယ်ပုစုးမရာ"

မောင်ထူးက အကွက်ဝင်သဖြင့် ဝင်ထောက်လိုက်ရာ ပုစုးမက နှုတ်ခမ်းကိုက်ကာ ငိုမဲ့မဲ့ဖြစ်နေတော့၏။

"ဒါကတော့ စိတ်မကောင်းဖြစ်စရာ မလိုပါဘူး မြေးရယ်။ သတိမမူမိလိုက်လို့ပါ။ နောက်ဆိုရင် သတိထားလိုက်ပေါ့။ တစ်ဆက်တည်းပြောရဦးမယ်၊ အဝတ်အစားတို့၊ အသုံးအဆောင်ပစ္စည်းတို့ကို သန့်ရှင်းစင်ကြယ်အောင် ဝတ်စားဆင်မြန်းတာဟာ ကျန်းမာရေးနဲ့လည်းညီညွတ်တယ်။ ခြေသည်းလက်သည်းတွေ ရှည်လာတာနဲ့ လှီးဖြတ်ရမယ်၊ လက်သည်း ခြေသည်းတွေထဲကနေ ရောဂါပိုးတွေ ဝမ်းဗိုက်ထဲရောက်တတ်တယ်။ ဗိုက်နာ ဗိုက်အောင့်ဖြစ်တတ်တယ်။ တစ်ကိုယ်ရေ သန့်ရှင်းအောင် နေထိုင်ကြရမယ်ကွယ့်"

"ဟုတ်ကဲ့ပါ ဘိုးလေး။ မြေးတို့ မှတ်သားလိုက်နာကြပါ့မယ်ဆိုတာ ကတိပေးပါတယ်"

"သာဓုကွယ်၊ သာဓု၊ သာဓု"

■

# အောင်ခြင်းရှစ်ပါးမင်္ဂလာ

သုတေသီ ဦးသိမ်းဇံ

## ဗကပြဟ္မာကိုအောင်မြင်ခြင်း

“အို ပြဟ္မာ၊ သင်သည် မမြဲတဲ့တရားကို မြဲတယ်လို့ ပြောနိုင်ပလေတယ်။ မခိုင်တဲ့သဘောကို ခိုင်တယ်၊ မတည်တဲ့သဘောကိုလည်း တည်တံ့တယ်၊ ပြဟ္မာ့ပြည်မှာလည်း ဖြစ်မှုသဘောရှိလျက်နဲ့ မရှိဟု ဆိုနိုင်ပလေတယ်။ လွတ်မြောက်မှုနိဗ္ဗာန်ရှိလျက်နဲ့ မရှိဟုဆိုနိုင်ပလေတယ်။ အို..ပြဟ္မာတို့၊ ဗကပြဟ္မာသည် အသိအမြင်မှားလေစွတကား၊ အသိအမြင်မှားလေစွ”

“ရဟန်း၊ ရဟန်း ဒီပြဟ္မာကို မထိခိုက်ပါနဲ့၊ မမောင်းမဲပါနဲ့၊ ဒီပြဟ္မာဟာ တကယ့်တန်ခိုးရှင်ကြီးပါပဲ။ မဟာပြဟ္မာကြီးပါပဲ”

မြတ်စွာဘုရားရှင်၏ မိန့်ကြားမှုအဆုံးမှာ မာရ်နတ်ဆိုးက ပြဟ္မာပါရိသဇ္ဇပြဟ္မာတစ်ဦးကို ဝင်ပူးကပ်ကာ မြတ်စွာဘုရားထံသို့ ပြန်လည်လျှောက်ထားလိုက်ခြင်းဖြစ်သည်။

“ရဟန်း ပြဟ္မာပရိသတ်ကြီးကိုမြင်ရဲ့မဟုတ်ပါလား” ပြဟ္မာပါရိသဇ္ဇပြဟ္မာက မြတ်စွာဘုရားအား ပရိသတ်ထုထည်နှင့်ပါ ခြိမ်းခြောက်ဟန့်တားလိုက်ခြင်းဖြစ်သည်။

“ပါပိမ၊ ဟဲ့- အမိုက်ကောင်၊ သင်ဝင်ရောက်ပူးကပ် ပြောဆိုနေတာကို ငါဘုရားမသိနိုင်ဘူးလို့များ ထင်နေသလား။ မဟာပြဟ္မာ၊ မဟာပြဟ္မာနဲ့ ပရိသတ်၊ ပြဟ္မာပါရိသဇ္ဇပြဟ္မာတို့သာ သင့်လက်ခုပ်ထဲကရေလို သဘောထားနိုင်တယ်။ သင့်အလိုကျ ဖြစ်နိုင်မယ်။ ငါဘုရားကို ဒီလိုပဲသင်ထင်လို့မရဘူး။ ငါဘုရားဟာ သင့်အလိုကျ မဖြစ်နိုင်ပါဘူး”

မြတ်စွာဘုရားက မာရ်နတ်ကို မိန့်တော်မူလိုက်သည့်တိုင် မဟာပြဟ္မာက သူ၏ယူဆမှုအတိုင်း ထပ်မံလျှောက်ထားသည်။

“ငါဟာ မြဲတဲ့သဘောကို မြဲတယ်လို့ ပြောတာပါ။ ခိုင်တဲ့သဘောကို ခိုင်တယ်လို့ပြောတာပါ။ နိစ္စတရားမို့ နိစ္စ၊ ဓုဝတရားမို့ ဓုဝလို့ပြောတာဖြစ်ပါတယ်။ ဟိုးရှေးရှေးက သင်ရဟန်းထက် အသက်ကြီးရင့်တဲ့ သမဏပြဟ္မာတွေတောင် သင်ပြောသလို မပြောကြဘူး။ လွတ်မြောက်မှုဆိုတာ မရှိပါဘူး။ ဒီပြဟ္မာ့ပြည်ဟာ အကြီးဆုံး အမြတ်ဆုံးဖြစ်ပါတယ်။ လက်အောက်ငယ်သားလည်း ဖြစ်နိုင်ပါတယ်။

“အို ပြဟ္မာ၊ သင်ပြောတဲ့စွဲလမ်းမှုမျိုးရှိနေရင် သင့်အနီးမှာ ဖြစ်နိုင်တယ်ဆိုတာ ငါဘုရားသိပေတယ်။ ဗကပြဟ္မာဟာ တန်ခိုးလည်းကြီးတယ်။ အာနုဘော်လည်းရှိပါပေတယ်”

“အရှင်ဘုရား တပည့်တော်ရဲ့ အာနုဘော်ကို ဘယ်လောက်များ သိနိုင်ပါသလဲ”

“သင်ဟာ ပထမဈာန်ဘုံကိုသာ သိတာပါ။ အခြားပြဟ္မာဘုံတွေရှိသေးတယ်။ အဲဒါတွေကိုတော့ သင်မသိနိုင်တော့ဘူး။ အာဘဿရာပြဟ္မာဆိုတာ ရှိသေးတယ်။ သင် အဲဒီဘုံကို မသိမြင်ဘူး။ ငါကတော့ သိပါတယ်။ အမှန်အားဖြင့်တော့ သင်ဟာ အဲဒီအာဘဿရာဘုံက စုတေကျပြီး ဟောဒီပထမဈာန်ဘုံမှာ လာဖြစ်နေရတာပါ။ ဒါကလည်းသိပ်ကြာမြင့်ခဲ့လို့ သင်လည်းမေ့နေပါပြီ။ ဒါကြောင့် ကိုယ့်ကိုယ်ကိုယ် ဘယ်ဘုံကလာမှန်းတောင် သင်မသိဘဲဖြစ်နေရတာပဲ။ ဒါတွေကြောင့်ပဲ ငါဘုရားနဲ့ သင်ဗကပြဟ္မာတို့ဟာ နည်းနည်းမှမတူပါဘူး”

မြတ်စွာဘုရားကို ဗကပြဟ္မာက တန်ခိုးချင်းယှဉ်ပြိုင်မယ်လို့ လျှောက်ထားပြီး တန်ခိုးကို ကွယ်ပြရာ ဘုရားရှင်ရှေ့မှောက်တွင် ကွယ်လို့ကိုမရနိုင်ဘဲ ငုတ်တုတ်ပင်ဖြစ်နေရသည်။

“ဗကပြဟ္မာ ကဲ ငါဘုရားတန်ခိုးနဲ့ ကွယ်ပြမယ်ကြည့်ပေတော့” ဟု မြတ်စွာဘုရားက မိန့်ကြားလိုက်သည်။ မြတ်စွာဘုရားက အသံတော်ကိုသာကြားစေပြီး ရူပကာယတော်ကို မမြင်ရအောင် တန်ခိုးတော်ပြကာ တရားဟောတော်မူသည်။

“စည်းဝေးညီညာ အို ပြဟ္မာတို့၊ လူသုံးပါးတို့၏ဆရာ ငါဘုရားသည် ကာမ၊ ရူပ၊ အရူပ ဟု ဘဝသုံးပါး ဝဋ္ဋရထား၌ အိုနာသေရေး ကြောက်ဖွယ်ဘေးကိုလည်းကောင်း၊ ဘဝကင်းရာ နိဗ္ဗုတာကို ဖွေရှာလမ်းမှား ဗကပြဟ္မာကဲ့သို့သော သတ္တဝါများ၏ ဉာဏ်မျက်စိဖြင့် ထိကျတာတောင်တွေ့မြင်ရသောကြောင့် ပင်လျှင် တစ်စုံတစ်ခုသောဘဝကိုမျှ တဏှာဒိဋ္ဌိတို့၏အစွမ်းဖြင့် နိစ္စဓုဝ သဿတ စသည်ဖောက်ပြား အထင်မမှားတော့ပြီ။ ဘဝတဏှာကိုလည်း လေးမဂ်လျှံရှိန် ဉာဏ်ပုဆိန်ဖြင့် လေးကြိမ်ဖြတ်တောက် အမြစ်ပါပျောက်သဖြင့် မကပ်ရောက် မစွဲယူတော့ပြီ တကား”

မြတ်စွာဘုရား၏ သစ္စာလေးပါး အမှန်တရားကို နာယူပြီးကြသည့် ပြဟ္မာအသီးသီးတို့သည် သောတပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ နာဂါမိဖိုလ်၊ အရဟတ္တဖိုလ် တရားထူးတရားမြတ်များ ရရှိသွားကြသည်။

“အို- အချင်းတို့ ရဟန်းဂေါတမရဲ့ တန်ခိုးအာနုဘော်ဟာ ကြီးမားပါပေတယ်။ အံ့ဩဖွယ်ကြီးပါပဲ။ တစ်ကြိမ်တစ်ခါမှ မမြင်ဖူးပါဘူး။ သာကီဝင်မင်းမျိုးမှ ရဟန်းပြုလာသော အရှင်ဂေါတမ တန်ခိုးတော်ဟာ မြင်ဖူးဖို့ဝေးစွ၊ ကြားတောင်မကြားမိပါဘူး” ဟု ဗကပြဟ္မာနှင့် ပြဟ္မာပရိသတ်ကြီးက တအံ့တသြ ဝိုင်းဝန်းချီးကျူးထောမနာပြုကြလေသည်။

ဤသည်မှာ မြတ်စွာဘုရားက ဗကပြဟ္မာကို အောင်မြင်မှုပင်ဖြစ်ပြီး အောင်ခြင်းရှစ်ပါးမင်္ဂလာ၏ ရှစ်ပါးမြောက်အောင်မြင်ခြင်းလည်း ဖြစ်ပေသည်။ ။

# ယဉ်ကျေးလိမ္မာပဒေသာ ၃၈ - ဖြာ မင်္ဂလာ

## ရှောင်ကြဉ်ရေးမင်္ဂလာ

**မကောင်းမှုတွေ ဟူသမျှကို၊**
**မတွေ့ခင်က ရှောင်ကြဉ်လေ။**
**တွေ့ကြုံလာလျှင် မလွန်ကျူးနဲ့၊**
**အထူးသဖြင့် စောင့်စည်းနေ။**
**အရက်သေစာ မသောက်စားနဲ့၊**
**မှောက်မှားတတ်တဲ့ အရာပေ။**
**လုပ်ကိုင်ပြောကြား သတိထား၊**
**တရားမမေ့စေ။**
**အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။**

၃၈-ဖြာမင်္ဂလာ ကဗျာများထဲက ဆဋ္ဌမမြောက်ကဗျာပေ့ါကွယ်။ “ရှောင်ကြဉ်ရေးမင်္ဂလာ” ကဗျာလို့ခေါ်တယ်။ ရှောင်ကြဉ်ရေးမင်္ဂလာလေးပါးကို ကဗျာအဖြစ် ဆရာကြီးဒဂုန်ဦးဆန်းငွေက ရေးစပ်သီကုံးခဲ့တာဖြစ်တယ်။

သားတို့ သမီးတို့၊ မောင်တို့မယ်တို့ လူ့ဘဝဖြတ်သန်းမှုကာလတစ်လျှောက်မှာ ရှောင်ကြဉ်ရမယ့် ကျင့်ဝတ်တွေ၊ သင်ကြားရမယ့်ပညာတွေ၊ ယဉ်ကျေးမှုပညာရပ်တွေကို သိမြင်တတ်မြောက်စေရေးအတွက် အသိ၊ သတိပေးထားတဲ့ နည်းနာတွေပါပဲ။

ဘဝဖြတ်သန်းမှုမှာ အဆင်ပြေပြေနဲ့ အောင်မြင်ပျော်ရွှင်နိုင်ကြဖို့ လောကရဲ့ ဘဝဖြတ်သန်းမှုမှာ ရှောင်ကြဉ်ရေးဆိုင်ရာ အတတ်ပညာတွေကို သိမြင်နိုင်ကြစေဖို့ သားတို့၊ သမီးတို့၊ မောင်တို့၊ မယ်တို့အတွက် မှတ်လို့လွယ်အောင်၊ ရွတ်ဆိုရတာလွယ်ကူချောမွေ့အောင် သံပေါက်ကဗျာအဖြစ် ဖွဲ့ဆိုပေးထားတာလည်းဖြစ်တယ်။

၃၈-ဖြာမင်္ဂလာကဗျာဖြစ်လာဖို့အတွက် ဆက်ဆံရေးမင်္ဂလာ သုံးပါး၊ နေထိုင်ရေးမင်္ဂလာ သုံးပါး၊ သင်ကြားရေးမင်္ဂလာ လေးပါး၊ ပြုစုရေးမင်္ဂလာ သုံးပါး၊ လိုက်နာကျင့်သုံးရေးမင်္ဂလာ လေးပါး၊ ရှောင်ကြဉ်ရေးမင်္ဂလာ လေးပါး၊ စိတ်ထားရေးမင်္ဂလာ ငါးပါး၊ သည်းခံရေးမင်္ဂလာ လေးပါး၊ မြိုးမြဲရေးမင်္ဂလာ လေးပါး၊ စိတ်ဓာတ်ကြံ့ခိုင်ရေးမင်္ဂလာ လေးပါးတို့နဲ့ ဖွဲ့စည်းထားတာပေ့ါကွယ်။

ဆက်ဆံရေး၊ နေထိုင်ရေး၊ သင်ကြားရေး၊ ပြုစုရေး၊ လိုက်နာကျင့်သုံးရေး၊ ရှောင်ကြဉ်ရေး၊ စိတ်ထားရေး၊ သည်းခံရေး၊ မြိုးမြဲရေး၊ စိတ်ဓာတ်




ကြံ့ခိုင်ရေးဆိုတဲ့ လူမှုဘဝရှင်သန်ရေးမှာ အရေးပါတဲ့အချက်ကြီး(၁၀)ချက်ပဲပေ့ါကွယ်။ တန်ဖိုးမဖြတ်နိုင်တဲ့ ဘဝရှင်သန်မှု၊ ယဉ်ကျေးလိမ္မာနည်းလမ်းကောင်းတွေပဲပေ့ါ။

ဆက်ဆံရေးမင်္ဂလာသုံးပါးဖြစ်တဲ့ နံပါတ်တစ်၊ အသေဝနာစ ဗာလာနံ၊ လူမိုက်ကိုမပေါင်းသင်းရ။ နံပါတ်နှစ်၊ ပဏ္ဍိတာနဉ္စ သေဝနာ၊ ပညာရှိကိုပေါင်းသင်းရမယ်။ နံပါတ်သုံး ပူဇာစ ပူဇနေယျာနံ၊ ပူဇော်ထိုက်သူကို ပူဇော်ရမယ်။ နေထိုင်ရေးမင်္ဂလာသုံးပါးဖြစ်တဲ့ နံပါတ်တစ်၊ ပတိရူပဒေသဝါသောစ၊ သင့်တင့်လျောက်ပတ် ကောင်းမြတ်သောအရပ်၌နေရမယ်။ နံပါတ်နှစ်၊ ပုဗ္ဗေစ ကတပုညတာ၊ ရှေးဘဝက ပြုခဲ့ဖူးသောကောင်းမှုရှိရမယ်။ နံပါတ်သုံး၊ အတ္တသမ္မာပဏိဓိစ၊ အကျင့်သီလမပျက်ရအောင် ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာစောင့်ထိန်းရမယ်။ သင်ကြားရေးမင်္ဂလာလေးပါးဖြစ်တဲ့ နံပါတ်တစ်၊ ဗာဟုသစ္စဉ္စ၊ အကြားအမြင်များသူဖြစ်ရမယ်။ နံပါတ်နှစ်၊ သိပ္ပဉ္စ၊ စက်မှုလက်မှုအတတ်တတ်ရခြင်း။ နံပါတ်သုံး၊ ဝိနယောစသုသိက္ခိတော၊ ကိုယ်ကျင့်တရား ကောင်းမွန်ရမယ်။ နံပါတ်လေး၊ သုဘာသိတာစ ယာဝါစာ၊ ချိုသာသောစကားကို ပြောဆိုရမယ်။ ပြုစုရေးမင်္ဂလာ သုံးပါးဖြစ်တဲ့ နံပါတ်တစ်၊ မာတာပိတု ဥပဋ္ဌာနံ၊ မိဘနှစ်ပါးကိုပြုစုလုပ်ကျွေးရမယ်။ နံပါတ်နှစ်၊ ပုတ္တဒါရဿ သင်္ဂဟော၊ သားသမီး၊ ဇနီးမယားတို့ကို ပြုစုလုပ်ကျွေးထောက်ပံ့ရမယ်။ နံပါတ်သုံး၊ အနာကုလာစ ကမ္မန္တာ၊ သူတစ်ပါးကို မထိခိုက်စေဘဲ အနှောင့်အယှက်ကင်းသော အလုပ်ကိုပြုလုပ်ရမယ်။ လိုက်နာရေးမင်္ဂလာလေးပါးဖြစ်တဲ့ နံပါတ်တစ်၊ ဒါနဉ္စ၊ စွန့်ကြဲပေးကမ်းလှူဒါန်းရမယ်။ နံပါတ်နှစ်၊ ဓမ္မာစရိယာ စ၊ သုစရိုက်တရားကို ကျင့်ရမယ်။ နံပါတ်သုံး၊ ဉာတကာနဉ္စ သင်္ဂဟော၊ ဆွေမျိုးများကို ပေးကမ်းထောက်ပံ့ရမယ်။ နံပါတ်လေး၊ အနဝဇ္ဇာနိ ကမ္မာနိ၊ အပြစ်ကင်းသော အလုပ်တို့ကို ပြုလုပ်ရမယ် ဆိုတာတွေကိုတော့ ပုံဝတ္ထုတွေနဲ့ ဖော်ပြခဲ့ပြီးပါပြီ။

“ရှောင်ကြဉ်ရေးမင်္ဂလာ လေးပါး”

၁။ အာရတီပါပါ

၂။ ဝိရတီပါပါ

၃။ မဇ္ဇပါနာ စ သံယမော

၄။ အပ္ပမာဒေါစ ဓမ္မေသု

မြန်မာလိုအဓိပ္ပာယ်တွေကတော့ နံပါတ်တစ်၊ အာရတီပါပါ၊ မကောင်းမှုတို့ကို မတွေ့ကြုံမီကပင် စိတ်ဖြင့် ရှောင်ကြဉ်ထားနှင့်ခြင်း၊ နံပါတ်နှစ်၊ ဝိရတီပါပါ။ မကောင်းမှုပြုရန် ကြုံလာပါက မပြုမိမပြောမိအောင် ကိုယ်နှုတ်တို့ဖြင့် အထူးရှောင်ကြဉ်ခြင်း။ နံပါတ်သုံး၊ မဇ္ဇပါနာစ သံယမော၊ အရက်သေစာ၊ မူးယစ်ဆေးဝါး သောက်စားသုံးစွဲခြင်းမှ ရှောင်ကြဉ်ခြင်း။ နံပါတ်လေး၊ အပ္ပမာဒေါစ ဓမ္မေသု၊ ကုသိုလ်တရားတို့တွင် မမေ့မလျော့ခြင်းတို့ပေ့ါကွယ်။

သားတို့ သမီးတို့၊ မောင်တို့၊ မယ်တို့အပါအဝင် လူတိုင်းလူတိုင်းအတွက် ဘဝဖြတ်သန်းမှုမှာ ရှောင်ကြဉ်ရေး မင်္ဂလာလေးပါးနဲ့အညီ ကျင့်ကြံလုပ်ဆောင်ကြမယ်ဆိုရင် အောင်မြင်ပျော်ရွှင်ကာ ငြိမ်းအေးသာယာပြီး ချမ်းသာကြွယ်ဝတဲ့ဘဝကို ပိုင်ဆိုင်နိုင်ကြမှာပဲဖြစ်တယ်။

မကောင်းမှုကို ဝေးဝေးက ရှောင်ကြဉ်ရမယ်။ မကောင်းမှုမှ အထူးသဖြင့်ရှောင်ကြဉ်ရမယ်။ မူးယစ်သောက်စားမှုမှ ရှောင်ကြဉ်ရမယ်။ ကုသိုလ်တရားတို့ကို မမေ့မလျော့သတိတည်ရမယ်။

မြန်မာလိုအနှစ်ချုပ်ပါပဲ။ ယနေ့လူငယ်လူရွယ် မျိုးဆက်သစ် သားတို့ သမီးတို့၊ မောင်တို့၊ မယ်တို့အပါအဝင် လူတိုင်းလူတိုင်း လိုက်နာကျင့်ဆောင်ရမယ့် လိုက်နာကျင့်သုံးရေး နည်းနာတွေပေ့ါကွယ်။ ။

■

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

**ယမန်နေ့မှအဆက်**

မိုးရေစွတ်စိုမှုကို အကြောင်းပြုကာ နေမကောင်းဖြစ်လာရခြင်းကို အမှတ်ရသည်။ သည်တစ်ခါ မိုးရေစိုလျှင် ရောဂါပြင်းထန်လာဦးမည်ကို စိုးရိမ်သည်။ နောက်တစ်ခုကလည်း သူတစ်ပါးတို့အဖို့မှာ မိုးစိုလျှင် လဲစရာအဝတ်ရှိသည်။ ထွေးနွေးသော အိပ်ရာရှိနိုင်သည်။ မိမိအဖို့ လဲစရာအဝတ်မရှိ။ ထွေးနွေးသော အိပ်ရာလည်း မရှိ။ စင်စစ် မည်သို့သွား၍ မည်သို့နားရမည်ကိုပင် မတွေးတတ်နိုင်သေး။

ယခုတော့လည်း ဆေးရုံမှ ထွက်လာခဲ့ခြင်းကိုပင် နောင်တရတော့မလိုရှိသည်။ မည်သို့ပင်ဖြစ်စေ ဆေးရုံသည် အိပ်ရာတစ်နေရာစာ၊ အစားအသောက်နှင့် ဆေးဝါးအတွက် စိတ်ချရသော နေရာဖြစ်လေသည်။

ရန်ကုန်မြို့ဟူသည်မှာလည်း ကျောတစ်နေရာစာအတွက်ပင် အခက်အခဲတွေ့ရတတ်သော နေရာမျိုး၊ ထမင်းတစ်နပ်စာစားရဖို့ပင် ခဲယဉ်းသောအရပ်မျိုး။

ကိုကျော့မောင်ရှိသော နေရာသို့ မသွားချင်လှသေး။ သည်တစ်ခေါက် ရန်ကုန်သို့ အရောက်၌ အိမ်ရှင်၏မျက်နှာ မကြည်သာသည်ကို သတိပြုမိသည်။ သူငယ်ချင်းဖြစ်သူကို ဒုက္ခမပေးချင်လှ။ ဖြစ်နိုင်မည်ဆိုလျှင်တော့ တစ်နေ့လုံး၊ တစ်ညလုံး လျှောက်သွားချင်နေသည်။ ရောက်ရာပေါက်ရာ ခရီးနှင်နေချင်သည်။ ဘာမျှမစားဘဲ၊ ဘယ်တော့မှ မအိပ်ဘဲ နေနိုင်ခဲ့လေလျှင် အဘယ်မျှကောင်းမည်မသိ။

ယခုတလော စိတ်တေလေကို ဆုပ်ဖမ်း၍မရ။ အလိုလိုနေရင်း စိတ်ပျံ့လွင့်နေသည်။ သို့နှင့်အမျှလည်း တစ်နေရာရာတွင် အတည်အငြိမ်နေရမည်ကို ဝန်လေးသည်။ စိတ်သွားရာ ကိုယ်ပါလွင့်ချင်သည်။ အသက်အရွယ်နှင့် ကျန်းမာရေးအခြေအနေကြောင့် စိတ်အလိုမလိုက်နိုင်သည်ကို မချင့်မရဲဖြစ်မိသည်။ မကျေမနပ်ရှိနေမိသည်။

သို့တိုင်အောင် သူသည် အကျဉ်းသားဘဝနှင့်တူသော ဆေးရုံကို စွန့်ခွာလာခဲ့မိလေသည်။ လမ်းမပေါ်သို့ ရောက်နေခဲ့လေသည်။

သူသည် ဆူးလေဘုရားလမ်းမကြီးကို စူးစိုက်ကြည့်နေရာမှ ဆင်ဝင်အောက်သို့




ပြန်ကြည့်လိုက်သည်။ သူရှိနေရာ ဆင်ဝင်မှာ မီးလုံးမရှိသောကြောင့် အမှောင်သန်းနေသည်။ လမ်းမီးမှ မီးရောင်သည်သာ လာရောက်ဟပ်နေသည်။ မိုးကြောင့် မီးရောင်တို့သည် လင်းလင်းထင်းထင်း မရှိလှ။

ဆင်ဝင်အောက်မှာ သူအပါအဝင် လူလေးယောက်သာရှိသည်။ နှစ်ယောက်မှာ ကုလားလူမျိုးများ ဖြစ်ကြသည်။ အခြေအနေမဲ့များ ဖြစ်ဟန်ရှိသည်။ သူတို့ချင်း စကားဆိုနေကြသည်။ အခြားတစ်ယောက်သည် အမျိုးသမီးတစ်ယောက် ဖြစ်လေသည်။ သူသည် လေကာအထစ်အုတ်ခုံကို မှီရပ်နေသည်။ ကိုယ်အထက်ပိုင်းမှာ လုံးလုံးလျားလျား အမှောင်ဖုံးလွှမ်းလျက်ရှိသည်။

အမျိုးသမီးသည် သူ့ကို အကဲခတ်နေဟန်ရှိသည်။ သူက လှည့်ကြည့်သောအခါ ရှေ့သို့ တိုးလာသည်။ သူ၏မျက်နှာကို မြင်သာလာသည်။ အရွယ်က မကြီးရင့်လှသေး။ ရှိလှမှ အသက်နှစ်ဆယ့်ငါးနှစ်ဝန်းကျင်။ ဆံပင်မှာ အတွန့်အကောက်များရှိသည်။ အခြယ်အသများသည် လိုအပ်သည်ထက် ပိုမိုနေသည်။ မျက်နှာအနေအထားနှင့် အခြယ်အသများက မည်သည့်မိန်းကလေးအမျိုးအစားဖြစ်သည်ကို အလွယ်တကူ ဖော်ပြနေသည်။

"မီးခြစ် ပါသလားဟင်"

အမျိုးသမီးသည် ကိုမောင်မောင်ဦး၏ အပါးမှာ လာရပ်ရင်းမေးသည်။

"မပါပါဘူး"

ကိုမောင်မောင်ဦးသည် အကြည့်ကို သူ့မျက်နှာတွင် စူးစိုက်ထားလိုက်သည်။

"ဆေးလိပ်သောက်ချင်လိုက်တာရှင်"

အမျိုးသမီးသည် နှုတ်ခမ်းကို လျှာဖြင့်သပ်ရင်း ညည်းသည်။ မီးခြစ်သာမေးသည်။ သူ့၌ ဆေးလိပ်လည်း ပါဟန်မတူပေ။

ကိုမောင်မောင်ဦးသည် အကြည့်ကို အခြားသို့ လွှဲပြောင်းလိုက်သည်။

"မိုးက ဒီည တိတ်မှ တိတ်ပါ့ဦးမလား မသိဘူး"

ဆံပင်ကိုကုတ်ဖွရင်း တစ်ကိုယ်တည်းပြောသလို ပြောလိုက်သည်ကို ကြားရသည်။ ကိုမောင်မောင်ဦး အမျိုးသမီးဘက်သို့ လှည့်မကြည့်ဘဲ နေမိသည်။ ရုံခါတွင် လမ်းအတိုင်းမောင်းနှင်သွားသည့် ကားများကို လိုက်ကြည့်နေသည်။

အမျိုးသမီးက ဆေးလိပ်အကြောင်း စမေးလိုက်သဖြင့် ကိုမောင်မောင်ဦး ကိုယ်တိုင် ခံတွင်းချဉ်လာသလိုရှိသည်။ ဆေးလိပ် သောက်ချင်လာသည်။ ကွမ်းယာ၊ ဆေးလိပ်ဆိုင်ကလေးများ ပိတ်ခဲ့လေပြီ။ လက်ဖက်ရည်၊ ကော်ဖီဆိုင်တို့လည်း သိမ်းခဲ့ပြီ။ အကယ်၍ ယင်းဆိုင်ကလေးများသာ ရှိနေမည်ဆိုလျှင် အမျိုးသမီးအား ကိုယ်ချင်းစာကာ ဆေးလိပ်ဝယ်တိုက်မိမည်လား မပြောတတ်။

"ဘယ်ပြန်မှာလဲ"

အမျိုးသမီး၏အမေးကြောင့် ကိုမောင်မောင်ဦး သူ့ဘက်သို့ လှည့်လိုက်သည်။ သူသည် ချမ်းနေပုံရသည်။ ရင်ကို သိုင်းယှက်လျက် လက်ပိုက်ထားသည်။ ပါးလွှာသောအင်္ကျီကြောင့် ရင်အထက်ပိုင်းကို စို့စို့ပို့ပို့ မြင်ရသည်။

သူမေးသော မေးခွန်းမှာ ကိုမောင်မောင်ဦးအတွက် အဖြေရခက်သော မေးခွန်းဖြစ်သည်။ ရုတ်တရက် စကားပြန်မပြောတတ်အောင် ရှိရသည်။

"ဟင်၊ ဘယ်ပြန်မှာလဲ"

အမျိုးသမီး ထပ်မေးသည်။

"ပါရမီရိပ်သာ"

ပါးစပ်ထဲပေါ်လာသော အဖြေကို ပေးလိုက်သည်။

"ဒါဖြင့်အတော်ပဲ၊ ကျွန်မနဲ့ လမ်းသင့်တယ်"

"ဘယ်မှာနေလို့လဲ"

"ကမ္ဘာအေးမှာ"

အမျိုးသမီးသည် ကိုမောင်မောင်ဦးနှင့် ရင်းနှီးရန် ကြိုးစားလျက်ရှိကြောင်း တွေ့ရသည်။ စကားပြောချင်နေပုံရသည်။ မိုးရွာနေသည်ကို ပျင်းပျင်းရိရိစောင့်ကြည့်နေရသည်ထက် စာလျှင် စကားစမြည်ပြောနေခြင်းက အပျင်းပြေနိုင်ကြောင်း ကိုမောင်မောင်ဦးကိုယ်တိုင် တွေးမိသည်။

သို့ဖြင့် သူသည် စကားစလိုက်လေသည်။

"ဒီအချိန်ကျမှ ကားရပ့်ဦးမလား"

သည်အမေးကို မေးမိသည်။

"ရနိုင်ပါတယ်။ လိုင်းကားတော့ ဘယ်ဟုတ်မလဲ။ အလွတ်ဆွဲတဲ့ကားတွေ ရှိပါသေးတယ်။ ရုပ်ရှင်အားလုံး ပြီးချိန်လောက်ကျရင် ကားတွေ ရောက်လာမှာပါ" ဆိုရင်းက "ဆေးလိပ်မသောက်ရတာ ဆိုးတာပဲ" ဟု ညည်းသည်။

သူကပင် စကားဆက်သည်။

"ဒီည မိုးရွာလိုက်တာ လာဘ်ပိတ်သွားတာပဲ၊ အလုပ်ဖြစ်မှာ မဟုတ်တော့ပါဘူး"

သည်တွင် မိုးသည် ည၏ သာယာလှပခြင်းကိုသာမက အမျိုးသမီး၏ အလုပ်အကိုင်ကိုပါ ဖျက်လိုဖျက်ဆီးလုပ်လိုက်ကြောင်း ကိုမောင်မောင်ဦး တွေးမိသည်။

"ဒါပေမဲ့ ဒီရက်က လကုန်ပိုင်းဆိုတော့ နဂိုကတည်းက အလုပ်ဖြစ်မယ် မထင်လှပါဘူး။ ရန်ကုန်မြို့ဟာ အတော်ရယ်စရာကောင်းတယ်။ လခစားမြို့လို့ ပြောလို့ရမယ်ထင်တယ်။ လခထုတ်တဲ့ရက်များဆိုရင် တစ်မြို့လုံး ကျွက်ကျွက်ညံနေတာပဲ။ ဝယ်လိုက်၊ ခြမ်းလိုက်၊ စားလိုက်၊ သောက်လိုက်ကြတာ။ ဈေးတွေမှာ၊ ရုပ်ရှင်ရုံတွေမှာ လူတွေ ကြိတ်ကြိတ်တိုးနေတာပဲ၊ အဲဒီရက်တွေမှာဆိုရင် ကျွန်မတို့ သိပ်အလုပ်ဖြစ်ကြတာပေါ့။ အဲ လခထုတ်ပြီး နောက်တစ်ရက်ကျရင် လူတွေကျဲသွားတော့တာပဲ။ တစ်စထက်တစ်စ ခြောက်သွေ့လာလိုက်တာ ဆယ့်ငါးရက်နေ့လောက်ဆိုရင် လူတွေငြိမ်သွားရော။ ကျွန်မဖြင့် ဆယ့်ငါးရက်ကကျော်လာမှာကို သိပ်ကြောက်တာပဲ။ လမကုန်ခင်အထိ ရင်ထိတ်နေရတာပဲ။ ဆယ့်ငါးရက်နောက်ပိုင်းမှာ ကံကောင်းပါမှ အလုပ်ဖြစ်တာ။ အများအားဖြင့် ဒိုင်လျော်ရတဲ့ရက်တွေ များနေတတ်တယ်"

အမျိုးသမီးသည် ကိုယ့်စကားကို ကိုယ့်ဘာသာသဘောကျသလို ရယ်နေသည်။

ကိုမောင်မောင်ဦးသည် အမျိုးသမီးအပေါ် စိတ်ဝင်စားလာရသလိုရှိသည်။ သူ၏ပွင့်လင်းမှုကို သဘောကျမိသည်။ အမျိုးသမီးအနေနှင့် စကားစရှာ၍ စကားပြောခြင်းလည်း ဖြစ်နိုင်သည်။ သူ၏အလုပ်အကိုင်ကို အသိပေးခြင်းအားဖြင့် ကိုမောင်မောင်ဦး၏အာရုံကို ဆွဲဆောင်ခြင်းလည်း ဖြစ်နိုင်သည်။

ပလက်ဖောင်းအတိုင်း လူသုံးယောက် လျှောက်လာသည်ကို မြင်ရသည်။ ထီးကိုယ်စီဖြင့် ဖြစ်သည်။ အမျိုးသမီး၏အကြည့်သည် ယင်းလူများအပေါ်သို့ ကျရောက်သွားသည်။ သူက လူကိုမြင်သာစေရန် ထွက်ရပ်လိုက်သည်။ မိုးဖွဲကလေးများ စိုစွတ်မိသည်အထိ ဖြစ်သည်။ လူသုံးယောက်က သူ့ကို တစ်ပြိုင်နက် ကြည့်သွားကြသည်။ သို့တိုင်အောင် မည်သို့မျှစိတ်ဝင်စားပုံမပြဘဲ ဆက်လက် လျှောက်သွားကြလေသည်။

အမျိုးသမီးသည် စိတ်ပျက်လက်ပျက်အမူအရာဖြင့် ကိုမောင်မောင်ဦးဘေးမှာ လာရပ်သည်။ ပခုံးတွန့်ပြလိုက်သည်။

"တကယ်ပါပဲ။ ဒီကနေ့လည်း ဒိုင်လျော်ရဦးတော့မှာပဲ"

ကိုမောင်မောင်ဦးသည် သူ့အပြုအမူကိုကြည့်ကာ ပြုံးနေမိသည်။

"ထီးပါသလားဟင်"

သူမေးသည်ကို ကိုမောင်မောင်ဦး ခေါင်းခါပြလိုက်သည်။

"ကျွန်မမှာလည်း ထီးမပါဘူး။ ကျွန်မတို့ မော်တော်ကား ရပ်တတ်တဲ့နေရာအထိ မိုးရွာထဲက လျှောက်သွားရမှာပဲ။ အချိန်လည်း မရှိတော့ပါဘူး။ ပြန်ကြပါစို့ရှင်" **ဆက်လက်ဖော်ပြပါမည်။**

**"မိုးရေစွတ်စိုမှုကို အကြောင်းပြုကာ နေမကောင်းဖြစ်လာရခြင်းကို အမှတ်ရသည်။**
**သည်တစ်ခါမိုးရေစိုလျှင် ရောဂါပြင်းထန်လာဦးမည်ကို စိုးရိမ်သည်။**
**နောက်တစ်ခုကလည်း သူတစ်ပါးတို့အဖို့မှာ မိုးစိုလျှင် လဲစရာအဝတ်ရှိသည်။**
**ထွေးနွေးသော အိပ်ရာရှိနိုင်သည်။ မိမိအဖို့ လဲစရာအဝတ်မရှိ။ ထွေးနွေးသော အိပ်ရာလည်းမရှိ။**
**စင်စစ် မည်သို့သွား၍ မည်သို့နားရမည်ကိုပင် မတွေးတတ်နိုင်သေး။**
**ယခုတော့လည်း ဆေးရုံမှ ထွက်လာခဲ့ခြင်းကိုပင် နောင်တရတော့မလို ရှိသည်။**
**မည်သို့ပင်ဖြစ်စေ ဆေးရုံသည် အိပ်ရာတစ်နေရာစာ၊**
**အစားအသောက်နှင့် ဆေးဝါးအတွက် စိတ်ချရသောနေရာ..."**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

## ကိုရီးယားသမ္မတနိုင်ငံတွင် အလုပ်လုပ်ကိုင်လိုသူများအတွက် အမှတ်ပေးစနစ်ဖြင့် အလုပ်ခန့်ထားမည့်စနစ် (Recruitment Point System)ဖြင့် ပဉ္စမအကြိမ်နှင့် ဆဌမအကြိမ် ကိုရီးယားဘာသာအရည်အချင်းစစ်(EPS–TOPIK , Computer Based Test ) စာမေးပွဲနှင့် အခြေခံကျွမ်းကျင်မှုစစ်ဆေးခြင်း (Skills Test)ကျင်းပပြုလုပ်ရန်ကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ အလုပ်သမားဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ၊ အလုပ်အကိုင်နှင့် အလုပ်သမားဝန်ကြီးဌာနတို့သည် အမှတ်ပေးစနစ်ဖြင့် နိုင်ငံခြားသား အလုပ်သမားများခန့်ထားမှုစနစ် (Point System for recruitment of foreign workers)ကို မြန်မာနိုင်ငံ၌ ၂၀၁၆ ခုနှစ်မှ စတင်ဆောင်ရွက်လျက်ရှိပါသည်။

ကိုရီးယားသမ္မတနိုင်ငံ၏ အမှတ်ပေးစနစ်ဖြင့်အလုပ်ခန့်ထားမည့်စနစ်တွင် အလုပ်လုပ်ကိုင်လိုသူ၏ ကျွမ်းကျင်မှု၊ ရုပ်ပိုင်းဆိုင်ရာအခြေအနေနှင့် အတွေ့အကြုံများပါ စစ်ဆေးခြင်းဖြစ်ပြီး အထူးသဖြင့် မျက်စိအရောင်ခွဲခြားနိုင်မှုမရှိခြင်းနှင့် ကိုယ်လက်အင်္ဂါချို့ယွင်းချက် တစ်ခုခုရှိနေခြင်းကဲ့သို့သော ရုပ်ပိုင်းဆိုင်ရာအခြေအနေမျိုးတို့သည် စာမေးပွဲအောင်မြင်ခွင့်ရရှိမည်မဟုတ်ပါ။

၂၀၂၂ ခုနှစ်တွင်ကျင်းပမည့် အမှတ်ပေးစနစ်ဖြင့် အလုပ်ခန့်ထားမည့်စနစ် ပဉ္စမအကြိမ် **(ကုန်ထုတ်လုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်း)** နှင့် ဆဌမအကြိမ် **(စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်း)** စာမေးပွဲ အစီအစဉ်ကို Covid–19 ရောဂါကူးစက်မှုအား ကာကွယ်သည့်အနေဖြင့် ကိုရီးယားဘာသာ အရည်အချင်းစစ်ဆေးခြင်း(EPS–TOPIK)နှင့် **အခြေခံကျွမ်းကျင်မှုစစ်ဆေးခြင်း (Skills Test)တို့ကို တစ်ပါတည်း ကျင်းပဆောင်ရွက်မည်ဖြစ်ပြီး အခြေခံကျွမ်းကျင်မှုစစ်ဆေးခြင်းအနေဖြင့် ကိုယ်ကာယကြံ့ခိုင်မှု (အရပ်အမြင့်နှင့် ကိုယ်အလေးချိန်တိုင်းတာခြင်း)နှင့် အရောင်များအားခွဲခြားနိုင်စွမ်းရှိ/မရှိ (Colour Blind) မျက်စိစစ်ဆေးခြင်းတို့ကိုသာ စစ်ဆေးသွားမည်**ဖြစ်ပါ၍ ထိုသို့ဆောင်ရွက်နိုင်ရန် အောက်ပါအတိုင်းအသိပေး ကြေညာအပ်ပါသည် –

၁။ **ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

| စဉ် | လုပ်ငန်းစဉ် | လုပ်ငန်းအမျိုးအစား | |
|---|---|---|---|
| | | ကုန်ထုတ် / ဆောက်လုပ်ရေး | စိုက်ပျိုးရေး/ မွေးမြူရေး |
| (က) | စာမေးပွဲလျှောက်လွှာတင်သွင်းခြင်း၊ | ၇-၇-၂၀၂၂ မှ ၂၃-၇-၂၀၂၂ ထိ | |
| (ခ) | စာမေးပွဲကျင်းပမည့် စာစစ်ဌာန/ နေ့ရက်/ အချိန် ကြေညာခြင်း၊ | ၃-၈-၂၀၂၂ | ၁၂-၁၀-၂၀၂၂ |
| (ဂ) | ကိုရီးယားဘာသာအရည်အချင်း စစ်ဆေးခြင်း (EPS–TOPIK)နှင့် အခြေခံကျွမ်းကျင်မှု စစ်ဆေးခြင်း(Skills Test)၊ | ၁၆-၈-၂၀၂၂ မှ ၁၅-၁၀-၂၀၂၂ ထိ | ၂၁-၁၀-၂၀၂၂ မှ ၂၃-၁၂-၂၀၂၂ ထိ |
| (ဃ) | စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာခြင်း၊ | ၂၂-၁၀-၂၀၂၂ | ၃၀-၁၂-၂၀၂၂ |

မှတ်ချက် **။ဖြေဆိုသူများရရှိသည့် ရမှတ် အများ၊ အနည်းအလိုက် အောင်မြင်မှုဦးရေ သတ်မှတ်ချက်အရ အောင်စာရင်းထုတ်ပြန်၍ အလုပ်လျှောက်လွှာတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။**

၂။ **လုပ်ငန်းအမျိုးအစားအလိုက် အောင်မြင်မှုဦးရေ(ခန့်မှန်း)**

| လုပ်ငန်းအမျိုးအစား | အောင်စာရင်းသတ်မှတ်ချက် | အောင်မြင်သူဦးရေ(ခန့်မှန်း) |
|---|---|---|
| ကုန်ထုတ်လုပ်ငန်း | အမှတ်ပြည့်(၁၀၀)အနက် အမှတ်(၅၅)နှင့်အထက် | ၇,၀၄၅ |
| ဆောက်လုပ်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း | အမှတ်ပြည့်(၉၀)အနက် အမှတ်(၃၆)နှင့်အထက် ရရှိသူများအားအမှတ်အများ၊ အနည်းအလိုက် | ၁,၄၈၅<br>၅၉၅ |
| **စုစုပေါင်း** | | **၉,၁၂၅** |

မှတ်ချက်။ စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာဖြည့်စွက်စဉ် မိမိလျှောက်ထားလိုသည့် အလုပ်အကိုင် အမျိုးအစားတစ်ခုကိုသာ (ဥပမာ "ကုန်ထုတ်လုပ်ငန်း"ဟု)ဖော်ပြရမည်ဖြစ်ပြီး ရွေးချယ်ထားပြီးသော လုပ်ငန်းအမျိုးအစားအား သတ်မှတ်စည်းမျဉ်းအရ ပြောင်းလဲခွင့်မရှိပါသဖြင့် ဂရုပြု ဖြည့်စွက်ရပါမည်။

၃။ **အမှတ်ပေးစနစ်ဖြင့် အလုပ်ခန့်ထားမည့်စနစ်အတွက် လုပ်ငန်းအမျိုးအစားအလိုက် အမှတ်ပေး စည်းမျဉ်း**

| လုပ်ငန်းအမျိုးအစား | EPS–TOPIK ပေးမှတ် | အောင်မှတ် |
|---|---|---|
| ကုန်ထုတ် | ၁၀၀ မှတ် | ၅၅ မှတ် |
| ဆောက်လုပ်ရေး | ၉၀မှတ် | ၃၆ မှတ် |
| စိုက်ပျိုးရေး | ၉၀ မှတ် | ၃၆ မှတ် |

၄။ **သတ်မှတ်ချက်များ**

(က) အသက်(၁၈)နှစ်မှ (၃၉)နှစ်အတွင်း၊
(၁၉၈၂ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှ ၂၀၀၄ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အတွင်းမွေးဖွားသူ)

(ခ) ထောင်ဒဏ်ကျခံဖူးခြင်းမရှိသူ/မိခင်နိုင်ငံမှ ပြည်ပသို့ထွက်ခွာရန်တားမြစ်ခြင်းမခံရသူ၊

(ဂ) ကိုရီးယားသမ္မတနိုင်ငံမှ နှင်ထုတ်ထားခြင်း/ပြန်ပို့ခြင်းမခံရသူ၊ (တရားမဝင်နေထိုင်ခဲ့ဖူးခြင်း မရှိသူဖြစ်ရမည်)

(ဃ) E–9, E–10 ဗီဇာဖြင့် ကိုရီးယားသမ္မတနိုင်ငံတွင် ၅ နှစ်နှင့်အထက် နေထိုင်ခဲ့သူများ စာမေးပွဲဖြေဆိုခွင့်မရှိပါ၊

(င) ကျန်းမာရေးကောင်းမွန်သူ၊ အရောင်များ ကောင်းစွာခွဲခြား သိမြင်နိုင်စွမ်းရှိသူ။ (Colour Blind) မဟုတ်သူ၊ (ကျန်းမာရေးအတွက် ဆေးစစ်ခြင်းပြုလုပ်ပါမည်)

၅။ **စာမေးပွဲလျှောက်လွှာတင်သွင်းခြင်း**

– စာမေးပွဲလျှောက်လွှာတင်သွင်းခြင်းကို online စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်၍ စာမေးပွဲ လျှောက်လွှာတင်သွင်းနိုင်ရန် link (သို့မဟုတ်) QR Code ကို အစိုးရပြည်ပအလုပ်အကိုင် အေဂျင်စီ၏ Facebook "POEA–EPS" ၊ အလုပ်သမားဝန်ကြီးဌာန website "https://www.mol.gov.mm နှင့် "Safe Migration" facebook တို့တွင် ရယူနိုင်မည်ဖြစ်ပြီး လျှောက်ထားရာတွင် လိုအပ်သည့် အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

(၁) နိုင်ငံကူးလက်မှတ်(scanned passport)အားပူးတွဲတင်ပြရာတွင် file name ကို Passport Number ဖြင့် သတ်မှတ်ပေးရမည်ဖြစ်ပြီး scanned passport အတွက် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

(ကက) File size – Under 100kb
(ခခ) Resolution – 600 Pixels.
(ဂဂ) File type – Jpg.

(၂) ဓာတ်ပုံပူးတွဲတင်ပြရာတွင် (၃)လအတွင်း ရိုက်ထားသည့်ဓာတ်ပုံဖြစ်ရမည်ဖြစ်ပြီး passport စာအုပ်ပါ ဓာတ်ပုံနှင့်ကွဲလွဲမှုရှိပါက စာမေးပွဲဖြေဆိုခွင့်ရရှိမည်မဟုတ်ပါ။ ပူးတွဲဓာတ်ပုံ၏ file name ကို Passport Number ဖြင့် သတ်မှတ်ပေးရမည်ဖြစ်ပြီး ပူးတွဲဓာတ်ပုံ၏ သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

(ကက) File size – Under 15 kb
(ခခ) Resolution – 100–300 Pixels.
(ဂဂ) File type – Jpg.
(ဃဃ) **ဓာတ်ပုံနောက်ခံအရောင် – အဖြူရောင်**

**(၃) စာမေးပွဲဖြေဆိုမည့်သူများ လျှောက်လွှာတင်သွင်းရာတွင် နိုင်ငံကူးလက်အမှတ် အမျိုးအစား Passport for Visit (PV) သို့မဟုတ် Passport for Job (PJ) ဖြင့် ထုတ်ယူနိုင် ပါသည်။ သို့ရာတွင်အောင်စာရင်းထွက်ပြီး အလုပ်လျှောက်လွှာတင်သွင်းရာတွင် နိုင်ငံကူးလက်မှတ်အမျိုးအစား Passport for Job (PJ) ဖြင့်သာ လျှောက်လွှာလက်ခံမည်ဖြစ်ပါသည်။**

(၄) online စနစ်ဖြင့် စာမေးပွဲလျှောက်လွှာတင်သွင်းရမည့် နည်းလမ်းအသေးစိတ်ကို အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ၏ facebook POEA–EPS၊ ဝန်ကြီးဌာန၏ website https//www.mol.gov.mm နှင့် "Safe Migration" facebook တို့တွင် ထပ်မံကြေညာမည်ဖြစ်ပါသည်။

၆။ **စာမေးပွဲမှတ်ပုံတင်ကြေးပေးသွင်းခြင်း**

(က) online မှစာမေးပွဲလျှောက်လွှာတင်သွင်းမှုအောင်မြင်သူသည် မိမိတို့လက်ကိုင်ဖုန်းသို့ လျှောက်လွှာနံပါတ် ပြန်လည် လက်ခံရရှိမည်ဖြစ်ပါသည်။

(ခ) လျှောက်လွှာနံပါတ်အလိုက် စာမေးပွဲမှတ်ပုံတင်ကြေးပေးသွင်းရမည့် နေ့ရက်၊ နေရာနှင့် အချိန်တို့ကို အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ၏ facebook POEA–EPS၊ ကြော်ငြာသင်ပုန်းနှင့် ဝန်ကြီးဌာန၏ website https// www.mol.gov.mm တို့တွင် ထပ်မံအသိပေး ကြေညာမည်ဖြစ်ပါသည်၊

(ဂ) စာမေးပွဲမှတ်ပုံတင်ကြေး အမေရိကန်ဒေါ်လာ ၂၄ ဖြစ်ပါသည် (မြန်မာကျပ်ငွေဖြင့်လည်း ပေးသွင်းနိုင်ပါသည်) –

(၁) လျှောက်ထားသူများသည် အကြောင်းအမျိုးမျိုးကြောင့် လျှောက်လွှာပယ်ဖျက်လိုလျှင် လျှောက်လွှာလက်ခံသည့်ကာလအတွင်း လျှောက်ထားလာပါက ပယ်ဖျက်ပေးမည့်အပြင် စာမေးပွဲမှတ်ပုံတင်ကြေးအား ပြန်လည်ထုတ်ပေးပါမည်၊

(၂) စာမေးပွဲမှတ်ပုံတင်ကြေး ပေးသွင်းသူများသည် Money Changer မှ ဝယ်ယူ၍ ပေးသွင်းနိုင်ပါသည်။

၇။ **စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာမည့်နည်းလမ်း**

(က) အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီရုံး၊

(ခ) ကိုရီးယားသမ္မတနိုင်ငံ၊ နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်/ ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲ (EPS–TOPIK)နှင့် ကိုရီးယားလူ့စွမ်းအားဖွံ့ဖြိုးမှုအဖွဲ့အစည်းတို့၏ http//www.eps.go.kr, http//epstopik.hrdkorea.or.kr, http// www.hrdkorea.go.kr

(ဂ) စာမေးပွဲသက်တမ်းသည် ကိုရီးယားဘာသာအရည်အချင်းစစ်ဆေးခြင်းနှင့် အခြေခံကျွမ်းကျင်မှု စစ်ဆေးခြင်း စာမေးပွဲကျင်းပပြီး အောင်စာရင်း ထုတ်ပြန်ကြေညာသည့်နေ့မှ (၂)နှစ်တာ–
(ကုန်ထုတ်လုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်း ၂၂-၁၀-၂၀၂၂ မှ ၂၁-၁၀-၂၀၂၄ ထိ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း ၃၀-၁၂-၂၀၂၂ မှ ၂၉-၁၂-၂၀၂၄ ထိ)

၈။ **EPS–TOPIK စာမေးပွဲ မေးခွန်းပုံစံနှင့်အမှတ်ပေးစည်းမျဉ်း**

| မေးခွန်းပုံစံ | မေးခွန်းအရေအတွက် | ပေးမှတ်ပေါင်း | | ဖြေဆိုချိန် | မှတ်ချက် |
|---|---|---|---|---|---|
| | | ကုန်ထုတ်လုပ်ငန်း | ဆောက်လုပ်ရေးလုပ်ငန်း | | |
| အဖတ်စွမ်းရည် (Reading) | ၂၀ ပုဒ် | ၁၀၀ | ၉၀ | ၂၅ မိနစ် | အကြားစွမ်းရည်နှင့် အဖတ်စွမ်းရည်စာမေးပွဲအားနားချိန်မထားဘဲဆက်တိုက် ဖြေဆိုရမည် |
| အကြားစွမ်းရည် (Listening) | ၂၀ ပုဒ် | | | ၂၅ မိနစ် | |
| **စုစုပေါင်း** | **၄၀ ပုဒ်** | **၁၀၀** | **၉၀** | **၅၀ မိနစ်** | |

**မေးခွန်းပုံစံ – Multiple–Choice question**

၉။ **စာမေးပွဲဖြေဆိုရမည့်အချိန် (Computer Based Test–CBT)**

| ဖြေဆိုရမည့်အချိန် | ရှင်းလင်းဆွေးနွေးချိန် | စာမေးပွဲဖြေဆိုချိန် | |
|---|---|---|---|
| | | အဖတ်စွမ်းရည် (၂၅မိနစ်) | အကြားစွမ်းရည်(၂၅မိနစ်) |
| ပထမအချိန် | ၀၉:၃၀ - ၁၀:၀၀ | ၁၀:၀၀ - ၁၀:၂၅ | ၁၀:၂၅ - ၁၀:၅၀ |
| ဒုတိယအချိန် | ၁၁:၀၀ - ၁၁:၃၀ | ၁၁:၃၀ - ၁၁:၅၅ | ၁၁:၅၅ - ၁၂:၂၀ |
| တတိယအချိန် | ၁၃:၃၀ - ၁၄:၀၀ | ၁၄:၀၀ - ၁၄:၂၅ | ၁၄:၂၅ - ၁၄:၅၀ |
| စတုတ္ထအချိန် | ၁၅:၀၀ - ၁၅:၃၀ | ၁၅:၃၀ - ၁၅:၅၅ | ၁၅:၅၅ - ၁၆:၂၀ |

၁၀။ **စာမေးပွဲဖြေဆိုသည့်နေ့တွင် ဖြေဆိုသူယူဆောင်လာရန်**

(က) ဖြေဆိုခွင့်ကတ်ပြား

(ခ) နိုင်ငံကူးလက်မှတ်(စာမေးပွဲလျှောက်လွှာတွင် ကပ်ထားခဲ့သောနိုင်ငံကူးလက်မှတ်)

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြား

အထက်အပိုဒ် (က)၊ (ခ)၊ (ဂ)ပါ အထောက်အထားများ ယူဆောင်လာခြင်းမရှိပါက စာမေးပွဲအား ဝင်ရောက်ဖြေဆိုခွင့်မရှိပါ။

၁၁။ **သတိပြုရန်အချက်များ**

(က) **အရောင်များအားခွဲခြားနိုင်စွမ်းမရှိသူ(Colour Blind) ဖြစ်ခဲ့ပါက EPS–TOPIK စာမေးပွဲ အောင်မြင်သော်လည်း ကျွမ်းကျင်မှုစစ်ဆေးခြင်း (Skills Test) စာမေးပွဲသို့ဖြေဆိုခွင့်မရနိုင်ပါ။ သို့ပါ၍ EPS–TOPIK စာမေးပွဲဖြေဆိုလိုသူသည် လျှောက်လွှာမထုတ်ယူမီ (Colour Blind) ဟုတ်/မဟုတ်၊ မျက်စိရောဂါ ဆရာဝန်(သို့) ကျွမ်းကျင်သူတို့နှင့်စမ်းသပ်မှုပြုလုပ်ပြီး(Colour Blind)မဟုတ်ကြောင်းသေချာမှ လျှောက်လွှာတင်သွင်းစေလိုပါသည်။**

(ခ) စာမေးပွဲဖြေဆိုချိန်တွင် မမှန်ကန်သည့်နည်းလမ်းဖြင့် ပြုလုပ်နိုင်သည့် လက်ကိုင်ဖုန်းအပါအဝင် အီလက်ထရောနစ်ပစ္စည်း၊ စက်ပစ္စည်းများအား ယူဆောင်လာခွင့်မရှိပါ။ တင်းကျပ်စွာတားမြစ်ပါသည်။ သို့ပါ၍ ယူဆောင်အသုံးပြုခဲ့ပါက စည်းကမ်းလိုက်နာရန် ပျက်ကွက်သူအဖြစ်သတ်မှတ်၍ အဖြေလွှာအား ပယ်ဖျက်ခြင်းခံရမည်။

(ဂ) ထိုကဲ့သို့ စာမေးပွဲအတွင်းမမှန်ကန်သည့်အပြုအမူများလုပ်ဆောင်ခဲ့လျှင် ဖြေဆိုခွင့်အား (၄)နှစ် ကြာ ပိတ်ပင်ခြင်းခံရမည်ဖြစ်ပါသည်။ တည်ဆဲဥပဒေများအရလည်း အရေးယူခံရနိုင်သည်။

(ဃ) **စာမေးပွဲဖြေဆိုခွင့်လျှောက်ထားရာတွင် အမည်၊ မွေးသက္ကရာဇ်၊ နိုင်ငံကူးလက်မှတ်အမှတ် စသည့်အချက်များသည် နိုင်ငံကူးလက်မှတ်တွင်ပါရှိသော အချက်အလက်များနှင့် တူညီရန် လိုအပ်ပြီး ကွဲလွဲမှုရှိခဲ့လျှင် အပြီးသတ် အောင်စာရင်းတွင်ပါဝင်ခြင်းနှင့် အလုပ်ခွင်ဝင်ရောက်ခွင့်များ ရရှိမည်မဟုတ်ပါ။ လျှောက်ထားသူ ကာယကံရှင်၏ တာဝန်သာဖြစ်ကြောင်း အထူးသတိပေးအပ်ပါသည်။**

(င) ကုန်ထုတ်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့် စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းတို့တွင် လျှောက်ထားလိုသူများသည် လုပ်ငန်းသဘာဝအရ အပင်ပန်းခံနိုင်သူများ၊ လုပ်ငန်းရှိရာနေရာများသို့ ရွှေ့ပြောင်းလုပ်ကိုင်နိုင်သူများ ဖြစ်ရပါမည်။

(စ) မိမိရွေးချယ်လျှောက်ထားခဲ့သည့် လုပ်ငန်းအမျိုးအစားမှလွဲ၍ အခြားလုပ်ငန်းအမျိုးအစား တစ်ခုခုသို့ ပြောင်းလဲလျှောက်ထားခွင့်မရှိပါ။

(ဆ) **အမှတ်ပေးစနစ်ဖြင့် အလုပ်ခန့်ထားမည့်စနစ်(Recruitment Point System)အရ ကျင်းပပြုလုပ်သည့် စာမေးပွဲများအား မိမိဆန္ဒအလျောက်သာ လျှောက်ထားဖြေဆိုကြပါရန်နှင့် အောင်မြင်ခဲ့သည့်တိုင်အောင် အလုပ်လျှောက်လွှာစာရင်းတွင် ပါဝင်နိုင်ခွင့် ရရှိရုံမျှသာဖြစ်ပြီး ကိုရီးယားသမ္မတနိုင်ငံသို့ ကျိန်းသေသွားရောက် အလုပ်လုပ်ခွင့်ရရှိရန် ရာနှုန်းပြည့် အာမခံနိုင်ခြင်းမရှိပါ။**

(ဇ) အလုပ်ရှင်နှင့်ချုပ်ဆိုရသောအလုပ်အကိုင်စာချုပ်ပါ နှစ်ကာလအတိုင်းလုပ်ကိုင်နိုင်သူ ဖြစ်ရပါမည်။

(ဈ) ကိုရီးယားသမ္မတနိုင်ငံ၊ အင်ချွန်းလေဆိပ်ရောက်ရှိပြီးမှ တရားမဝင်ထွက်ပြေးခြင်း၊ ယခင်က ကိုရီးယားသမ္မတနိုင်ငံတွင် တရားမဝင်နေထိုင်အလုပ်လုပ်ကိုင်ခဲ့ပြီး ထပ်မံ၍ လိမ်ညာ လျှောက်ထားခြင်း၊ သက်ဆိုင်ရာလုပ်ငန်းခွင် ရောက်ရှိပြီးနောက်တွင်လည်း တရားဝင်ခွင့်ပြုချက်ဖြင့် အလုပ်ပြောင်းခြင်းမဟုတ်ဘဲ လုပ်ငန်းခွင်မှထွက်ပြေးခြင်း၊ အလုပ်အကိုင်စာချုပ်ပါ အချိန်ကာလပြည့်ပြီးနောက် ကိုရီးယားသမ္မတနိုင်ငံတွင် တရားမဝင်ဆက်လက်နေထိုင်လုပ်ကိုင်ခြင်းများ တိုးပွားလာရာ နှစ်နိုင်ငံအလုပ်သမားပေးပို့ခြင်းဆိုင်ရာသဘောတူညီချက်(MoU)ကို ထိခိုက်လာနိုင်ပြီး ယင်း(MoU)အား ရပ်ဆိုင်းခံရသည့်အခြေအနေမျိုးထိ ဖြစ်ပေါ်လာနိုင်ပါသည်။ ယင်းအခြေအနေမျိုးမှ ကာကွယ်တားဆီးနိုင်ရန် ကြိုတင်အာမခံကြေးငွေအဖြစ် ၁၅၀၀၀၀၀/–(ကျပ်တစ်ဆယ့်ငါးသိန်းတိတိ)ကို မြန်မာနိုင်ငံမှမထွက်ခွာမီ မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ သတ်မှတ်ငွေစာရင်းအမှတ်သို့ ပေးသွင်း၍ ကျပ်သိန်း(၃၀)တန် စာချုပ်ချုပ်ဆိုဆောင်ရွက်ရပါမည်။ အလုပ်အကိုင်စာချုပ်ကို သဘောတူလက်ခံပြီးနောက် အထက်ဖော်ပြပါအချက်များကို ဖောက်ဖျက်ခဲ့လျှင် ကြိုတင် အာမခံကြေးငွေ ဆုံးရှုံးခံရမည်ဖြစ်ပြီး ခံဝန်စာချုပ်အရ ကျန်ကျပ်(၁၅)သိန်းကို အာမခံထားသူ (၂)ဦးမှ ပေးလျော်ရမည်ဖြစ်ကြောင်းအသိပေးအပ်ပါသည်။

❖ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှ အလုပ်လျှောက်ထားသူစာရင်းတွင်မှတ်ပုံတင်ထားသူများကိုသာ ကိုရီးယားသမ္မတနိုင်ငံမှ လုပ်သား ခေါ်ယူလိုသူက ခေါ်ယူမည်ဖြစ်ပါသည်။

❖ ထို့ပြင်ကျန်းမာရေးစစ်ဆေးမှုမအောင်မြင်ခြင်း၊ တရားမဝင်နေထိုင်ခဲ့သည့်မှတ်တမ်းရှိခြင်း အစရှိသဖြင့် ကိုရီးယားသမ္မတနိုင်ငံတွင် အလုပ်လုပ်ခွင့်ပိတ်ပင်ခြင်းခံရသူသည် အလုပ်လျှောက်ထားသူအဖြစ် ရွေးချယ်ခြင်းမခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

❖ ကိုရီးယားသမ္မတနိုင်ငံ၊ အလုပ်အကိုင်နှင့် အလုပ်သမားဝန်ကြီးဌာန (MOEL)နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီတစ်ခုတည်းသာလျှင် မြန်မာအလုပ်သမားများအား ကိုရီးယားသမ္မတနိုင်ငံသို့ ပို့ဆောင်ပေးရန် တရားဝင် လုပ်ပိုင်ခွင့်ရရှိထားပါသည်။

❖ အမှတ်ပေးစနစ်ဖြင့် အလုပ်ခန့်ထားမှုစနစ်အရပြုလုပ်သည့် ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲနှင့် အခြေခံကျွမ်းကျင်မှုစာမေးပွဲဖြေဆိုအောင်မြင်သူများထဲမှ အောင်စာရင်းတွင်ပါရှိသူများသည် အစိုးရပြည်ပ အလုပ်အကိုင်အေဂျင်စီမှ သတ်မှတ်ကြေညာမည့်နေ့ရက်များအလိုက် အလုပ်လျှောက်လွှာတင်သွင်းကြရန်ဖြစ်ပါသည်။ ထိုသို့အလုပ်လျှောက်လွှာတင်သွင်းခဲ့သူ များထဲမှသာ အလုပ်ရှင်မှ ရွေးချယ်ခေါ်ယူသွားမည်ဖြစ်ပါသည်။

❖ EPS စနစ်အရ အလုပ်သမားများစေလွှတ်သည့်ကိစ္စတွင် ဆောင်ရွက်နိုင်ခွင့်မရှိသော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအနေဖြင့် ပါဝင်ပတ်သက်မှုရှိခဲ့ပါက တရားဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ပါသည်။

❖ နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်အရ ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲ မှတ်ပုံတင်ကြေးပေးသွင်း၍ စာမေးပွဲ ဖြေဆိုအောင်မြင်ပြီးနောက် ကိုရီးယားသမ္မတနိုင်ငံသို့ရောက်ရှိသည်အထိ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီသို့ တရားဝင် သတ်မှတ်ထားသည့် ပို့ဆောင်စရိတ်မျှသာပေးသွားရမည်ဖြစ်ပါသည်။ သို့ပါ၍ အလုပ်အကိုင်နှင့်ပတ်သက်ပြီးအမြန်ဆုံးထွက်ခွာသွားရောက်နိုင်ရန် ဆက်သွယ်ပေးမည်ဟု တစ်ဦးတစ်ယောက်မှဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုခုမှဖြစ်စေ ယုံကြည်လောက်အောင် ပြောဆိုလျက် ငွေကြေးတောင်းဆိုမှုများ ဆုံးရှုံးနစ်နာမှုများ မခံရစေရန် အထူးသတိပြုစေလိုပါသည်။

**အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၂၆၁ ဆူ | ၄၅၉ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၄၈ ခန်း | ၄၀၇ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၀ တိုင် | ၂၀ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၁၂ တိုင် | ၆၈ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၉၇ ခု | ၅၅၅ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၃ ကျင်း | ၂၀၈၆. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၆ ကျင်း | ၂၀၂. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၆. ၆၆ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၀၅ ကျင်း | ၁၆၃၁. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

- ဒီမိုကရေစီတွင် တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်သကဲ့သို့ ဖက်ဒရယ်စနစ်တွင်လည်း တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်၍ ငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်လက်ဆွေးနွေးသွားမည်။

- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရာတွင် အဆင်ပြေမှုများရှိခဲ့ပြီး ကောင်းမွန်သည့် တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်၍ နိုင်ငံငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်။

- အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှာ အကြောင်းအမျိုးမျိုးဖြင့် တွေ့ဆုံဆွေးနွေးမှု မပြုနိုင်ကြ၊ မိမိတို့သည် နိုင်ငံရေးရည်မှန်းချက် နှစ်ရပ်အတိုင်း ခိုင်မြဲစွာ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဆွေးနွေးရန်ကျန်ရှိသည့် အဖွဲ့များအနေဖြင့် မိမိကမ်းလှမ်းထားသည့်အတိုင်း ထပ်မံဖိတ်ခေါ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံအမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

## ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် Burma Final Revolution Armed Force - BFRAF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များ ထပ်မံဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၈**

ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများအား အဓိကပစ်မှတ်ထား၍ သတ်ဖြတ်ခြင်းတို့ ဆောင်ရွက်နိုင်မှုမရှိစေရေး ဖော်ထုတ်ဖမ်းဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်မှုကို မလိုလားသော ပြည်သူများ၏ သတင်းပေးမှုများကြောင့် ၂၀၂၂ ခုနှစ် ဇွန် ၈ ရက်တွင် Burma Final Revolution Armed Force – BFRAF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် ရဲနောင်ထွန်း (ခ) Demon ကို ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်တွင် လည်းကောင်း၊ ရဲမင်းဟိန်း (ခ) ရဲဖြိုးအောင် (ခ) ရဲကြီး၊

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ☆



၂၀၂၂ ခုနှစ် ဇွန် ၂၆ ရက်တွင် သာကေတမြို့နယ် အမှတ်(၂)ရပ်ကွက် စာတိုက်(၂)လမ်း အိမ်အမှတ်(ခ/၁၆)၌ သိမ်းဆည်းရမိခဲ့သည့် ဖောက်ခွဲရေးပစ္စည်းများအား တွေ့ရစဉ်။

## ၂၀၂၂ အာဆီယံ ယူ-၁၉ ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာအသင်း အပြီးသတ်လူရွေးချယ်

**ရန်ကုန် ဇွန် ၂၈**

မြန်မာ ယူ-၁၉ အသင်းသည် အင်ဒိုနီးရှားနိုင်ငံ၌ကျင်းပမည့် ၂၀၂၂ အာဆီယံယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲယှဉ်ပြိုင်ရန် အပြီးသတ် ကစားသမားများ ရွေးချယ်လိုက်ပြီဖြစ်သည်။

ပြိုင်ပွဲဝင်မည့် မြန်မာ ယူ-၁၉ အသင်းတွင် **အုပ်ချုပ်သူ**- ဦးရဲဝင်းအောင်၊ **နည်းပြချုပ်**- ဦးစိုးမြတ်မင်း၊ **လက်ထောက်နည်းပြ**- ဦးမင်းမင်းထွန်း၊ ဦးစထက်နိုင်ဝင်း၊ **ဂိုးနည်းပြ**- ဦးစိန်အေး၊ ကစားသမားများအဖြစ် **ဂိုးသမား**- ဟိန်းထက်စိုး၊ ထက်အာကာဝင်း၊ စိုင်းစွမ်တွန်းခေး၊ **နောက်တန်း**- လင်းလင်းထွန်း၊ လန်းဆန်းအောင်၊ ထွန်းထွန်းသိန်း၊ မျိုးမင်းဟိန်း၊ ကျော်ဝဏ္ဏ၊ ခန့်ဇင်ဟိန်း၊ ခွန်အောင်စိုး၊ **အလယ်တန်း**- ဟိန်းဇော်နိုင်၊ ချစ်အေး၊ သာယာဝင်းထက်၊ မိုးဆွေ၊ ရဲကောင်းဆက်၊ ဇော်ဝင်းသိန်း၊ ဥက္ကာနိုင်၊

စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ❖

## မန်ယူအသင်းက ဘာစီလိုနာကွင်းလယ်ကစားသမား ဖရန့်ကီဒီဂျောင်ကို ပြောင်းရွှေ့ကြေးပေါင် ၅၆ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိ

မန်ယူအသင်းဟာ စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းမှ နယ်သာလန်ကွင်းလယ်ကစားသမား ဖရန့်ကီဒီဂျောင်ကို ပြောင်းရွှေ့ကြေးပေါင် ၅၆ သန်း(ယူရို ၆၅ သန်း)နဲ့ ခေါ်ယူဖို့ သဘောတူညီမှုရရှိခဲ့ပြီဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား ဖရန့်ကီဒီဂျောင်ဟာ ၂၀၁၉ ခုနှစ်အတွင်းက နယ်သာလန်ကလပ် အေဂျက်အသင်းကနေ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၆၅ သန်းနဲ့ ပြောင်းရွှေ့လာခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၂၁ ကော်လံ ၄ သို့ ✳




**ယနေ့ ဖတ်စရာ**





**အနာဂတ်မျိုးဆက်သစ်ရင်သွေးငယ်များ၏ပညာရေး နောက်ကျကျန်မှုမဖြစ်စေရေးအတွက် အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားမှုကို မလိုလားသူ နိုင်ငံရေးအစွန်းရောက်များက အကြမ်းဖက်ခြိမ်းခြောက်မှုများ လုပ်ဆောင်**

စာမျက်နှာ » ၁၆

**ချောင်းဦးမြို့နယ် မုံရွာ-မန္တလေး ကားလမ်းပေါ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာများစွာရရှိ**

စာမျက်နှာ » ၁၇

**ယဉ်ကျေးလိမ္မာ စာပဒေသာ**

စာမျက်နှာ » ၁၈၊ ၁၉